The
# Commerce Journal
# စီးပွားရေးသတင်းဂျာနယ်
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .16, NO . 41 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | October 31 , 2016

# လယ်သမားအကျိုးစီးပွားမြှင့်တင်ရေးအတွက် ပြည်ပသို့စပါးတင်ပို့ခွင့်ပြုရန် ဆောင်ရွက်နေ

|pmrsuES- 18|



## Doing Business အဆင့် ပိုမိုမြင့်တက်လာရန် bivj6iivJ

|pmrsuES- 18|

## ကန်ပိုက်တီး ကုန်သွယ်ရေးစခန်းတွင် ကျောက်စိမ်းတုံးများ ဖမ်းဆီးရမိ

|pmrsuES- 17|

## လက်မှတ်အတု၊ မှတ်ပုံတင်အတုဖြင့် မော်တော်ယာဉ်လိုင်စင် လျှောက်ထားမှုအား အရေးယူဆောင်ရွက်

|pmrsuES- 20|

HEIN HTOO ZAW TRADING CO., LTD.







0.5 Kg မှ 9 Kg ထိရရှိနိုင်ပါသည်။

We are
the application pioneer of magnetic levitating technology
the cretor of modular refrigeration technology

Distributed by : HEIN HTOO ZAW TRADING., LTD
Phone :09 5393283, 09 793663312
No-4, Room (001) Hlaing Thiri Housing, Insein Rd, YGN.

Top-Kick Multi - Crop Thresher စပါး နှင့် ပဲအမျိုးမျိုး ခြွေလှေ့စက်

စပါး၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံ၊ ပဲကြီး၊ ကုလားပဲ၊
စားတော်ပဲ၊ ပဲပိစပ်၊ ပဲလွန်းနီ၊ ဂျုံ၊ နေကြာ၊
မြေပဲ၊ ပြောင်းအစရှိသည့်သီးထပ်၊ သီးညှပ် ပဲအမျိုးမျိုးတို့ကို
ခြွေလှေ့စက် တစ်လုံးတည်းဖြင့်လွယ်ကူစွာခြွေလှေ့နိုင်ပါသည်။
သီးနှံ တစ်မျိုးပြောင်း၍ခြွေလှေ့တိုင်းမည်သည့်နေရာ
ဒေသမဆိုလိုက်လံခြွေလှေ့ပြသပေးပါသည်။



ပဲကွဲမှုမရှိခြင်း နှင့် သဲ ခဲ ကင်းစင်မှုကို အာမခံပါသည်၊
စပါးတင်းတစ်ထောင်ခြွေလှေ့ပါက အလေအလွင့်အနေဖြင့် (၄) ပြည်သာလျော့မည်။
ရိုးမဘဏ်(ပြည်ဘဏ်ခွဲ)ဖြင့် ချိတ်ဆက်၍ အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ပါသည်။
Ko Zaw Moe Aung(Electronic Service Engineer)
Top-Kick Engineering Group
No.(14),Mekkheyar Min Thar Gyi Mg Phyo Street,Industrial Zone(1),Pyay.
Ph:09-5409513,09-253100337,09-253149075

ဆက်သွယ်ရန် - ကိုဇော်မိုးအောင်( 09-5409513)အမှတ်(၂၀)၊ ဦးလူကြီးလမ်း၊ စက်မှုဇုန်(၁)၊ ပြည်မြို့။

# Royal®
## Myanmar Teamix




မြန်မာတို့ရဲ့ဧည့်ဝတ်ကျေပွန်မှုအတွက်
ဂုဏ်ယူစရာ ရွိုင်ရယ်မြန်မာ...

www.facebook.com/RoyalMyanmarTea

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့၏ (၃/၂၀၁၆) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်



စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် သည် အောက်တိုဘာလ ၂၇ ရက်နေ့ ၁၃:၀၀ နာရီအချိန်တွင် ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့၏ (၃/၂၀၁၆) ကြိမ်မြောက် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ကုန်သွယ်မှုနှင့် ပတ်သက်သည့် အခက်အခဲများကို ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့မှ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရန် အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့်ဖြေလျှော့ ဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များကို ရဲရဲဝံ့ဝံ့ မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်သူများက ဆွေးနွေးခဲ့ရာ ကမ္ဘာ့ဘဏ်မှ နှစ်စဉ်ထုတ်ပြန်သည့် Doing Business အစီရင်ခံစာ၌ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ အဟန့်အတားဖြစ်စေမှု အခြေအနေကို တိုင်းတာ၍ အဆင့် သတ်မှတ်ဖော်ပြချက်အရ စစ်တမ်းကောက်ယူခဲ့ရာ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံသည် ၁၈၉ နိုင်ငံရှိသည့်အနက် အဆင့် ၁၈၂ တွင် ရှိနေကြောင်း၊ သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်း ဆောင်ရွက်နိုင်မှုကြောင့် ၂၀၁၅ ခုနှစ်တွင် အဆင့် ၁၅ နှင့် ၂၀၁၆ ခုနှစ်တွင် ၁၀ အဆင့်သို့ တိုးတက်ခဲ့ပြီး ၂၀၁၇ ခုနှစ်အတွက် ထုတ်ပြန် ကြေညာချက်တွင် မြန်မာနိုင်ငံသည် ယခင်နှစ်ထက် အဆင့် တစ်ဆင့်တိုးတက်ခဲ့ခြင်းနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ပြီး ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲ ကိစ္စရပ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ခြင်း၊ အမျိုးသား ပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်ခြင်းတိုးတက်မှု အစီရင်ခံစာ၊ ကဏ္ဍအလိုက် ဦးစားပေး လုပ်ငန်းများ၊ ရန်ပုံငွေရရှိရေး ဆောင်ရွက်မည့် နည်းလမ်းများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများ တင်ပြခြင်းနှင့် အတည်ပြုခြင်းဆိုင်ရာ ကိစ္စရပ်များ အား သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ ■

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် International Trade Weekend Course Batch (1) သင်တန်းဆင်းပွဲသို့ တက်ရောက်အမှာစကား ပြောကြား




International Trade Basic Course Batch (1) (Weekend Program) သင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာလ ၂၉ ရက် နံနက် ၉ နာရီအချိန်က ရန်ကုန်မြို့ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်ရှိရန်ကုန် တိုင်းဒေသကြီး ဦးစီးမှူးရုံး ပဥ္စမထပ်၌ ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော် အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ စဉ်ဆက်

➲ စာမျက်နှာ ၂၂ သို့

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် GIZ မှ အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှု အကြံပေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဂျပန်နိုင်ငံ၊ Trade and Industry (METI) ၏ Asia and Pacific Division မှ Director ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့အား သီးခြားစီလက်ခံ တွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသန်းမြင့်သည် GIZ မှ အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှု အကြံပေး Dr. Hans Walker ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့အား အောက်တိုဘာလ ၂၄ ရက် နံနက်ပိုင်းက ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အရှိန်မြှင့်တင် ဆောင်ရွက်ရာ၌ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရင်ပေါင်တန်း၍ မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့၏ ဖွဲ့စည်းပုံနှင့် စီမံခန့်ခွဲမှုစနစ်များ တိုးတက်ကောင်းမွန်ရေးနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ညနေပိုင်းတွင် ဝန်ကြီးရုံး ဧည့်ခန်းမ (၁) ၌ ဂျပန်နိုင်ငံ၊ Ministry of Economy, Trade and Industry (METI) ၏ Asia and Pacific Division မှ Director ဖြစ်သူ Mr. Yasushi IWATA ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံခဲ့သည်။

➲ စာမျက်နှာ ၂၂ သို့

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ချိုသက်မူ
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၅၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်၊ မြင့်ဆွေ

**ကွန်ပျူတာ**
လဲ့လဲ့မွန်၊ သင်းသီရိအောင်
ဗညားစိုး

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဆန်နဲ့ ဆန်ကွဲ ပိုမိုတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ ကုန်သွယ်ရေး စခန်းများမှ အောက်တိုဘာ ၁၅ရက်မှ ၂၁ရက်အထိ သီတင်းပတ် အတွင်း အမေရိကန်ဒေါ်လာ ၂ဒသမ ၁၈၇သန်း တန်ဖိုးရှိဆန်တန်ချိန် ၆၀၁၃ တန်ကျော် တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုများမှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၅၄၇ တန်ခန့်၊ ဧည့်မထဆန် ၃၉၇၆ တန်ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၇၇၆တန်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၇၁၄ တန် တင်ပို့ခဲ့တာဖြစ်ပါတယ်။ ထိုကုန်သွယ်ရေးစခန်းများမှ ယခင်တစ်ပတ်က ၉၉၄၂ တန်ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၉၂၉ တန် လျော့နည်းတင်ပို့ ခဲ့ပါတယ်။

ကုန်သွယ်ရေး စခန်းများမှ ယခုတစ်ပတ် ဆန်ကွဲ တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ သုညဒသမ ၄၈၄သန်းဖိုးနဲ့ တန်ချိန် ၁၅၃၀ ဖြစ်ပြီး၊ ကုန်သွယ်ရေးဇုန်နဲ့ စခန်းအလိုက် ဆန်ကွဲတင်ပို့မှုမှာ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ၁၂၉၃ တန်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၂၃၇တန် ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ၂၅၅၆ တန် တင်ပို့ခဲ့တဲ့ အတွက် ယခု တစ်ပတ်မှာ ၁၃၅၆ တန် လျော့နည်းတင်ပို့ခဲ့တယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အောက်တိုဘာ ၁၆ ရက်မှ ၂၂ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၁ဒသမ ၆၄၅ သန်းဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၄၈၄၁တန်နီးပါး တင်ပို့ခဲ့ပါတယ်။ နိုင်ငံအလိုက် တင်ပို့မှုများမှာ တရုတ်နိုင်ငံသို့ ဧည့်မထဆန် တန် ၃၆၀၀၊ စင်ကာပူနိုင်ငံသို့ ဧည့်မထဆန် ၂၂၅ တန်ခန့်၊ ပါကစ္စတန်နိုင်ငံသို့ ပေါင်းဆန် တန်၃၀၀၊ အီးယူနိုင်ငံများသို့ ဧည့်မထဆန် ၇၁၆ တန်နဲ့ တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ဂျပန်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၄၀၀၀ တန်ဖိုးရှိ ကောက်ရိုးပျော့ဖတ် ၁၄တန် တင်ပို့ခဲ့ပြီး၊ အရောင်နဲ့ လုပ်ထားတဲ့ ကောက်ရိုးပျော့ဖတ်များကို စက္ကူဘူးခွံလုပ်တဲ့ နေရာမှာ ကုန်ကြမ်းအဖြစ် အသုံးပြုတာလို့ သိရပါတယ်။ ဆန်တင်ပို့မှုမှာ ယခင်တစ်ပတ်က တန် ၁၅၅၀ သာ တင်ပို့နိုင်ခဲ့ပြီး ယခုတစ်ပတ်မှာ ၄၈၄၁တန် တင်ပို့နိုင်ခဲ့တဲ့အတွက် ၃၂၉၁ တန် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါတယ်။

ယခုတစ်ပတ် ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၀၂ သန်းတန်ဖိုးရှိ ဆန်ကွဲ ၆၉၇၅ တန်ကို အီးယူနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန် ၁၃၅၀ သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၅၆၂၅ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၂၁ရက်အထိ ဆန်နဲ့ဆန်ကွဲ နှစ်ရပ်ပေါင်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၉၂ဒသမ ၉၃၂သန်းဖိုးနဲ့ တန်ချိန် ၅၅၉၆၄၉ ရှိပြီး၊ ဆန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၅၀ ဒသမ ၅၈၇ သန်း၊ တန်ချိန် ၄၁၆၁၆၄၊ ဆန်ကွဲတင်ပို့မှုမှာ အမေရိကန် ဒေါ်လာ ၄၂ ဒသမ ၃၄၅ သန်းနဲ့ တန်ချိန် ၁၄၃၄၈၅ ဖြစ် ပါတယ်။ ယမန်နှစ်ကာလတူထက် ဆန်တင်ပို့မှုမှာ ၁၁၃၉၂၉ တန်နဲ့ ဆန်ကွဲတင်ပို့မှုမှာ ၉၄၁၇၅ တန် လျော့နည်းနေကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

## ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် မိုးကောက်စာစပါးများဈေးကွက်သို့ ဝင်ရောက်နေပြီ

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ယခုအချိန် မိုးကောက် စာစပါးများဈေးကွက်သို့ဝင်ရောက်လျက်ရှိပြီး မျိုးစပါးအဖြစ်ဝယ်ယူသူများရှိသလို ဆန်အဖြစ်ကြိတ်ခွဲရောင်းချရန် အနည်းငယ်သာရှိပါတယ်။ ဧည့်မထ မိုးစပါးအသစ်များမှာ နိုဝင်ဘာလကုန် ဒီဇင်ဘာလလောက်မှသာ ဈေးကွက်အတွင်းသို့ လှိုင်လှိုင်ဝင်လာမည်ဖြစ်ပြီး သက်ကြီးစပါးများဖြစ်သော ဧရာဝတီပေါ် ဆန်းနှင့် ရွှေသွယ်၊ မီးကောက်စပါးများမှာ ဒီဇင်ဘာလကုန်လောက်မှသာ ဈေးကွက်သို့ ဝင်ရောက်လာမှာဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ကျောင်းကုန်းမြို့နယ်မှာ အစိုဓာတ် ၁၈ ရာခိုင်နှုန်းပါဝင်သည့် ပခန်းရွှေဝါ စပါး ပေါင် ၅၀ တင်း ၁၀၀ လျှင်ကျပ် ၄၀၀၀၀၀ ၊ ဟင်္သာတ မြို့နယ်တွင် အစိုဓာတ် ၂၀ ရာခိုင်နှုန်းအထက် ပါဝင်သည့် ဆင်းသုခစပါး ပေါင် ၅၀ တင်း ၁၀၀ လျှင်ကျပ် ၃၅၀၀၀၀ ၊ မြောင်းမြမြို့နယ်တွင် အစိုဓါတ် ၂၀ရာခိုင်နှုန်းအထက် ပါဝင်သည့် ဆင်းသုခ မျိုးပွားစပါးပေါင် ၅၀၊ တင်း ၁၀၀ လျှင်ကျပ် ၃၅၀၀၀၀၊ ညောင်တုန်းမြို့နယ်နှင့် ဓနုဖြူမြို့နယ်များတွင် အစိုဓာတ် ၁၅ ရာခိုင်နှုန်းနှင့် ၁၆ ရာခိုင်နှုန်း ပါဝင်သည့် မနောသုခ၊ ဆင်းသုခစပါး ၅၂ဒသမ၅ ပေါင် တင်း ၁၀၀ လျှင်ကျပ် ၄၀၀၀၀၀ ဖြင့် ဈေးကွက်မှာ ရောင်းဝယ်လျက်ရှိပြီး အစိုဓာတ်အနည်း၊ အများနှင့် အရည်အသွေးပေါ် မူတည်၍ ဈေးနှုန်းများ ပြောင်းလဲမှုရှိနိုင်ကြောင်း ဆန်ကုန်သည်တချို့က ပြောပါတယ်။

**မင်းမင်းဦး(ပုသိမ်)**

# ဆန်ချောရော ဆန်ကြမ်းပါ ဈေးငြိမ်လျက်ရှိ

ရန်ကုန်မြို့ ဝါးတန်းကုန်စည်ဒိုင်ရဲ့ဆန်လက်ကားဈေးနှုန်းမှာ ယခုသီတင်းပတ်အတွင်း ဆန်ချောရော ဆန်ကြမ်းပါ ဈေးငြိမ်နေကြောင်းသိရှိရပါတယ်။ ဆန်ချောဖြစ်တဲ့ ဖျာပုံပေါ် ဆန်းဆန် ထိပ်စ တစ်အိတ် ကျပ် ၃၆၀၀၀၊ လတ်စတစ်အိတ် ကျပ် ၃၃၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ် ဆန်းဆန် တစ်အိတ် ကျပ် ၃၆၅၀၀၊ လတ်စတစ်အိတ်ကျပ် ၃၃၀၀၀၊ နယ်စုံကျိုက်လတ်ပေါ် ဆန်းဆန် ထိပ်စ တစ်အိတ်ကျပ် ၃၂၀၀၀၊ လတ်စ တစ်အိတ် ကျပ် ၂၉၀၀၀၊ရွှေဘိုပေါ် ဆန်းဆန် တစ်အိတ် ကျပ် ၄၃၀၀၀ မှ ကျပ် ၄၅၅၀၀ အထိနဲ့ ယခင်တစ်ပတ်အတိုင်းဈေးအတက်အကျမရှိဘဲ ဈေးငြိမ်နေကြောင်း သိရှိရပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန်မှာ ထိပ်စတစ်အိတ် ကျပ် ၁၉၀၀၀၊ လတ်စတစ်အိတ် ကျပ် ၁၈၀၀၀၊ နှွေသီး ထပ်ရှယ်တစ်အိတ် ကျပ် ၁၇၀၀၀ မှ ကျပ် ၁၇၅၀၀၊ နှွေဆန်ရက် ၉၀ တစ်အိတ်ကျပ် ၁၉၅၀၀ မှ ကျပ် ၂၁၀၀၀၊ မနောသုခတစ်အိတ် ကျပ် ၂၃၀၀၀ မှ ကျပ် ၂၄၀၀၀၊ ပြည်ပပို့ အိတ်စပို့ ၂၅ မှတ် ဆန် ထိပ်စတစ်အိတ်ကျပ် ၁၄၅၀၀ မှ ကျပ် ၁၅၂၀၀ နဲ့ ဈေးငြိမ်နေပါတယ်။ ကုန်စည်ဒိုင်ကို ဆန်ဝင်ရောက်မှုပုံမှန်ရှိကြောင်းနဲ့ အရောင်းအဝယ်လည်း ပုံမှန်ရှိကြောင်း သိရပါတယ်။ ဆန်သစ်များလည်း ဈေးကွက်အတွင်း ဝင်ရောက်လာနေပြီလို့ ဝါးတန်းဆန်ဈေးကွက်မှ သိရှိရပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာ အောက်တိုဘာ ၂၇ ရက်ဈေးနှုန်းအရ ဧည့်မထ ၅ မှတ် မှော်ဘီနဲ့ စူပါတစ်အိတ် ၁၂၄ ယွမ်မှ ၁၂၆ ယွမ်၊ ဧည့်မထ ၁၀ မှတ် မှော်ဘီနဲ့ စူပါတစ်အိတ် ယွမ် ၁၂၀ မှ ၁၂၂ ယွမ်၊ ဧည့်မထ ၁၅ မှတ် မှော်ဘီ တစ်အိတ် ၁၁၈ ယွမ်မှ ၁၁၉ ယွမ်၊ ဧည့်မထ ၂၅ မှတ် မှော်ဘီတစ်အိတ် ၁၁၄ ယွမ်မှ ၁၁၇ ယွမ်၊ ငစိန် ၅ မှတ် တစ်အိတ် ၁၂၄ ယွမ်မှ ၁၂၅ ယွမ်၊ ငစိန် ၁၅ မှတ် တစ်အိတ် ၁၂၀ ယွမ်မှ ၁၂၃ ယွမ်၊ ငစိန် ၂၅ မှတ် တစ်အိတ် ၁၁၆ ယွမ်မှ ၁၁၈ ယွမ်ဈေးရှိပြီး ယခင်တစ်ပတ်ဈေးထက် တစ်အိတ်ကို ၂ယွမ်မှ ၄ ယွမ်အထိ ဈေးကျသွားကြောင်း သိရှိရပါတယ်။

မူဆယ်သို့မြို့တွင်းနယ်စုံမှ ဆန်ဝင်ရောက်မှုမှာ အောက်တိုဘာ ၁၁ ရက်မှ ၂၆ ရက်အတွင်း ဆန်တန်ချိန် ၂၇၈၇ တန် ဝင်ရောက်မှုရှိကြောင်း သိရှိရပါတယ်။ အရောင်းအဝယ်ပါးတဲ့အတွက် ဆန်အဝင်နည်းပြီး ဈေးလည်းကျခြင်းဖြစ်ပါတယ်။ တရုတ်နိုင်ငံကို နယ်စပ်စခန်းများမှ တင်ပို့မှုနည်းပြီး ပင်လယ်ရေကြောင်းမှ တင်ပို့မှုများလာတာ တွေ့ရပါတယ်။ အောက်တိုဘာ ၂၈ ရက် ငွေလဲနှုန်းအရ ၁ ယွမ်ကို ကျပ် ၁၉၀ ဈေးပေါက်ကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၇-၁၀-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၇၂ | ၃၇၂ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၄၈ | ၃၄၈ | □ | ၃၅၀ | ၃၅၀ | □ | ၃၅၀ | ၃၅၀ | □ | ၃၃၅ | ၃၃၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၃၄၅ | ၃၄၅ | □ | ၃၄၅ | ၃၄၅ | □ | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၄၃ | ၃၄၃ | □ | ၃၄၀ | ၃၄၀ | □ | ၃၃၅ | ၃၃၅ | □ | ၃၁၀ | ၃၁၀ | □ |
| ပေါင်းဆန် | ၃၆၇ | ၃၆၇ | □ | - | - | - | ၃၅၅ | ၃၅၅ | □ | - | - | - |

*Source: oryza.com*

# ပြည်တွင်းမြို့ကြီးများ၏ (၂၈-၁၀-၂၀၁၆)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၉၀၀ | □ | ၂၀၀၀၀ | □ | ၇၈၂၀ | □ | ၃၂၀၀၀ | □ |
| ပုသိမ် | ၅၂၂၀ | □ | ၂၂၅၀၀ | □ | ၇၁၀၀ | □ | ၃၀၀၀၀ | □ |
| ပဲခူး | ၅၃၀၀ | □ | ၂၀၀၀၀ | □ | ၇၂၀၀ | ▽ | ၃၂၀၀၀ | ▽ |
| ရွှေဘို | ၅၀၀၀ | □ | ၂၀၀၀၀ | □ | ၁၃၀၀၀ | □ | ၄၁၀၀၀ | □ |
| စစ်တွေ | ၄၉၀၀ | □ | ၂၀၅၀၀ | ▽ | ၇၅၀၀ | □ | ၃၀၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၅၀၀ | □ | ၂၆၀၀၀ | □ | - | - | ၃၇၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၃၉၄၀ | ▽ | ၁၇၅၀၀ | ▽ | - | - | ၂၉၀၀၀ | □ |
| မန္တလေး | ၇၆၀၀ | □ | ၃၀၀၀၀ | △ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၉၀၀၀ | △ | ၂၃၅၀၀ | ▽ | - | - | ၄၀၀၀၀ | △ |
| မော်လမြိုင် | ၆၅၀၀ | □ | ၂၂၅၀၀ | □ | ၈၂၀၀ | □ | ၃၂၀၀၀ | □ |
| လှိုင်ကော် | ၇၆၆၀ | □ | ၂၇၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မြိတ် | ၅၅၀၀ | □ | ၂၃၀၀၀ | □ | - | - | ၃၉၀၀၀ | □ |
| ဘားအံ | ၄၇၀၀ | ▽ | ၂၀၀၀၀ | □ | - | - | ၃၃၀၀၀ | □ |
| တောင်ကြီး | - | - | ၂၂၅၀၀ | □ | - | - | ၄၂၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၂၄-၁၀-၂၀၁၆ မှ ၂၈-၁၀-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 348 | 13,845,312.069 |
| 2 | Form D | 63 | 2,994,455.036 |
| 3 | Form E | 101 | 2,552,183.016 |
| 4 | Korea GSP | 8 | 139,500.380 |
| 5 | Form AK | 120 | 5,887,282.380 |
| 6 | Form AJ | 13 | 1,040,262.950 |
| 7 | Form AI | 56 | 3,202,353.910 |
| 8 | Form AANZ | 2 | 10,277.200 |
| 9 | Form DFTP | - | - |
| **Grand Total** | | **711** | **29,671,626.941** |

# အောက်တိုဘာလကုန်ပတ် ပြည်ပဲမျိုးစုံ ဈေးကွက်မှာ ပဲအများစု ဈေးဆက်ငြိမ်နေသလို မတ်ပဲနဲ့ ပဲစင်းငုံ ဈေးဆက်လျော့ပြီး ပဲတီစိမ်းဈေး အနည်းငယ်မြင့်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံ ဈေးကွက်အတွင်း အောက်တိုဘာလကုန်ပတ်မှာ ပဲဈေးအားလုံးလိုလို ဈေးအေးခဲ့တာကိုတွေ့ရပြီး ကုလားပဲသီးနှံတစ်မျိုးသာ မျိုးပဲများဝယ်ယူလို့ ဈေးမြင့်တက်လာခဲ့ပါတယ်။ ပြည်ပဝယ်လက်ပဲများဖြစ်တဲ့ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းသီးနှံများထဲမှ ပဲတီစိမ်းသီးနှံသာ ယခင်တစ်ပတ်အတိုင်း ဈေးဆက်ငြိမ်နေပြီး မတ်ပဲနှင့် ပဲစင်းငုံကတော့ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။

မတ်ပဲသီးနှံမှာ နေ့စဉ်ပဲအဝင်မရှိတော့ပေမယ့် တစ်ခါတစ်ရံ အိတ် ၁၀၀ ကျော်ဝင်ရောက်နေပြီး လက်ကျန်လည်းရှိတဲ့အတွက် ဝယ်ယူမှုရှိသလောက် ရောင်းချနိုင်ပေမယ့် ယခုရက်ပိုင်းမှာ နေ့စဉ်အရောင်းအဝယ်မဖြစ်ဘဲ ရက်ခြားသာ အိတ် ၁၅၀ ကျော် ၂၀၀ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးမှာ တစ်တင်း ၄၅၅၀၀ ကျပ်မှ ယခုလကုန်ရက်မှာ တစ်တင်းကျပ် ၄၄၅၀၀ ခန့်သာရရှိခဲ့ကြပါတယ်။ ယခင် နှစ်ကာလတုက ပဲဈေးနှုန်းစံချိန်တင်မြင့်တက်ခဲ့လို့ တစ်တင်း ခုနစ်သောင်းကျော်ရရှိခဲ့ပေမယ့် ယခုနှစ်မှာတော့ မျိုးပဲဝယ်ယူမှုလည်းအေးနေခဲ့သလို ပဲဈေးနှုန်းလည်း အေးနေခဲ့တယ်လို့ သိရပါတယ်။

ပဲတီစိမ်းသီးနှံမှာ မင်းတုန်း၊ ကံမ၊ ပန်းတောင်းမြို့နယ်များမှ ဝင်ရောက်မှုများလာလို့ အိတ် ၂၀၀ ကျော် ၃၀၀ ဝင်ရောက်လာခဲ့ပြီး မန္တလေးလိုင်းသမားများ နေ့စဉ်ဝယ်ယူခဲ့တဲ့အတွက် ဝင်လာသမျှ အိတ် ၂၀၀ ကျော် ၃၀၀ ရောင်းချခဲ့ရပါတယ်။ ပဲဈေးနှုန်းမှာ လလယ်မှစ၍ဈေးအနည်းငယ် မြင့်တက်လာလို့ လဆန်းရက်က ရရှိ ခဲ့တဲ့ ဈေးနှုန်းထက်လည်း ဈေးပိုရခဲ့ပေမယ့် ယခင်နှစ်ဈေးနှုန်းကိုတော့ မမီသေးကြောင်း သိရပါတယ်။

ပဲစင်းငုံသီးနှံမှာလည်း လက်ကျန်ပဲအနည်းငယ်ရှိမှုအပေါ် ရန်ကုန်ဝယ်လက်သမားများနှင့် ရက်ခြားစုဆောင်းဝယ်ယူလို့ အရောင်းအဝယ်ဖြစ်တဲ့ရက်မှာ အိတ် ၂၀၀ ကျော်ဖြစ်ခဲ့ကြပြီး ပဲဈေးနှုန်းမှာတော့ ဈေးအနည်းငယ်ပြန်လျော့သွားတဲ့အတွက် တစ်တင်းကျပ် ၃၂၀၀၀ နဲ့သာရောင်းဝယ်ခဲ့ကြပါတယ်။ ယခင်နှစ် အောက်တိုဘာလအတွင်းက ပဲလက်ကျန်မရှိသလောက်ဖြစ်ခဲ့လို့ အရောင်းအဝယ် တောင်မဖြစ်ခဲ့ဘူးလို့ သိရပါတယ်။ ယခုလအတွင်း ပဲစင်းငုံသီးနှံဈေးမှာ လဆန်းရက်က တစ်တင်း ကျပ် ၃၇၀၀၀ ဈေးရရှိခဲ့သော်လည်း လလယ်မှစ၍ ပဲဈေးကျဆင်းလာခဲ့ပြီး ယခုအချိန်အထိလည်း ပဲဈေးနှုန်းက ဈေးကျဆင်းနေတာကိုတွေ့ရပါတယ်။

ပြည်တွင်းဝယ်လက်ပဲများဖြစ်သော ပဲကြီးသီးနှံဟာ ပဲအဝင်ပါးသွားလို့ တစ်ခါတစ်ရံ ဝင်ရောက်လာသည့်ရက်မျိုးတွင် အိတ် ၁၀၀ မှ ၁၅၀ ကျော်ဝင် ရောက် ခဲ့တာကိုတွေ့ရပါတယ်။ ပဲကြော်ဖိုသမားများမှ နေ့စဉ်အဝယ်ရှိတဲ့အတွက် ဝင်ရောက်လာသောပဲများလည်း ရောင်းချရသလို ပဲလက်ကျန်များလည်း ရောင်းချရတယ်လို့ သိရပါတယ်။ ပဲဈေးမှာဈေးငြိမ်နေတဲ့အတွက် ယခင်တစ်ပတ်ဈေးအတိုင်း (ရွှေကျွန်း) တစ်တင်း ၂၆၅၀၀ ကျပ်၊(ကမ်းနား) တစ်တင်း ၂၃၅၀၀ ကျပ်ဖြင့် ရောင်းဝယ်ခဲ့ကြကြောင်း သိရပါတယ်။ ယခင်နှစ်ကာလတူက ပဲကြီးဈေးနှုန်းများဟာ ကျပ်သုံးသောင်းကျော် ရရှိနေခဲ့တဲ့အတွက် ယခုနှစ်ကတော့ ကျပ်သုံးသောင်းအောက်သာ လျော့နည်းရရှိခဲ့လို့ ဈေးအေးတဲ့ပဲအမျိုးအစားထဲမှာ ပဲကြီးသီးနှံလည်း ပါဝင်နေတဲ့လို့ ဆိုရမှာဖြစ်ပါတယ်။

ပြည်တွင်းလက်လီပဲဈေးကွက်ထဲမှာတော့ ပဲပုပ်သီးနှံဟာ တစ်တင်း ၂၂၀၀၀ ကျပ်နဲ့ ဈေးငြိမ်ပြီး လက်လီအိတ် အနည်းငယ် အရောင်းအဝယ်ဖြစ်ခဲ့ကြသလို ပဲနီပြားသီးနှံဟာလည်း တစ်တင်းကျပ် ၂၄၀၀၀ ဖြင့် ဈေးငြိမ်ပြီး အိတ်အရေအတွက်လည်း အနည်းငယ်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ စားတော်ပဲသီးနှံကတော့ လက်လီပဲဈေးကွက်ထဲမှာ ဈေးအမြင့်ဆုံး ရနေသလို ပြည်ပဝယ်လက်ပဲအချို့ထက်တောင် ဈေးပိုရနေတာကိုလည်း တွေ့ရပါတယ်။ စားတော်ပဲသီးနှံဈေးဟာ ယခုတစ်ပတ်မှာ တစ်တင်း ၃၈၅၀၀ ကျပ်ဖြင့် ဈေးအမြင့်နဲ့ဈေးဆက်ငြိမ်နေသော်လည်း ထောပတ်ပဲသီးနှံကတော့ ပဲဈေးကွက်အတွင်း ဈေးအနိမ့်ဆုံးရနေတာ ကြောင့် တစ်တင်း ၁၃၅၀၀ ကျပ်ဈေးဖြင့်သာ လက်လီသမားအနည်းငယ် အဝယ်ရှိခဲ့တာကိုတွေ့ရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၈-၁၀-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၁/၁၀ | ၂၈/၁၀ | ပြောင်းလဲမှု | ၂၁/၁၀ | ၂၈/၁၀ | ပြောင်းလဲမှု | ၂၁/၁၀ | ၂၈/၁၀ | ပြောင်းလဲမှု | ၂၁/၁၀ | ၂၈/၁၀ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၃၈၁ | ၂၃၁၇ | ▼ | ၂၃၃၃ | - | - | ၂၁၂၅ | ၂၁၀၀ | ▼ | ၂၂၀၀ | ၂၂၅၀ | ▲ |
| ၂ | ပဲစင်းငုံ | ၁၇၀၂ | ၁၆၅၇ | ▼ | - | - | - | - | - | - | ၁၅၇၅ | ၁၆၀၀ | ▲ |
| ၃ | ပဲတီစိမ်း | ၁၅၀၀ | ၁၄၃၀ | ▼ | ၁၃၀၇ | ၁၃၃၃ | ▼ | ၁၄၂၁ | ၁၃၉၅ | ▼ | ၁၂၉၀ | ၁၄၂၀ | ▲ |
| ၄ | ကုလားပဲရိုးရိုး | ၂၇၀၀ | ၂၇၀၀ | ■ | - | - | - | - | - | - | ၂၁၃၅ | ၂၂၄၀ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၀၃၀ | ၁၀၀၀ | ▼ | ၁၀၀၃ | - | - | - | - | - | ၁၅၅၅ | ၁၅၅၀ | ▼ |
| ၆ | ထောပတ်ပဲ | ၇၃၀ | ၈၃၀ | ▲ | ၇၄၇ | ၇၄၇ | ■ | - | ၇၂၆ | - | ၆၃၀ | ၆၆၀ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၈-၁၀-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ - မွမ်ဘိုင်း | | | အိန္ဒိယ - ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၂၀/၁၀ | ၂၇/၁၀ | ပြောင်းလဲမှု | ၂၀/၁၀ | ၂၇/၁၀ | ပြောင်းလဲမှု | ၂၀/၁၀ | ၂၇/၁၀ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၁၅၀ | ၁၁၃၀ | ▼ | ၁၁၂၄ | ၁၁၂၁ | ▼ | ၁၀၄၉ | ၁၀၄၇ | ▼ |
| ၂ | ပဲစင်းငုံ | ၈၃၀ | ၈၁၀ | ▼ | ၉၈၂ | ၉၁၂ | ▼ | ၁၀၁၁ | ၉၅၇ | ▼ |
| ၃ | ပဲတီစိမ်း | ၇၀၀ | ၇၀၀ | ■ | ၇၀၄ | ၆၈၈ | ▼ | ၇၆၄ | ၇၁၈ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၁၀၅၀ | ၁၀၈၀ | ▲ | ၁၆၉၃ | ၁၆၁၅ | ▼ | ၁၇၂၃ | ၁၆၁၅ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၁၅.၁၀.၁၆)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၂၂.၁၀.၁၆)ထိ | ပြည်ပတင်ပို့မှု (၁.၁.၁၆) မှ (၂၂.၁၀.၁၆) ထိ |
|---|---|---|---|
| မတ်ပဲ | ၅၃၂၀ | ၁၀၂၅၅ | ၄၁၈၈၈၄ |
| ပဲတီစိမ်း | ၁၁၈၀ | ၂၈၂၇ | ၁၅၃၅၂၆ |
| ပဲစင်းငုံ | ၁၀၉၄ | ၃၂၅၉ | ၁၈၄၅၆၉ |
| ကုလားပဲ | ၄၁၃ | ၆၀၀ | ၂၇၂၁၃ |
| ပဲလွန်းဖြူ | ၂၆၄ | ၄၀၈ | ၁၆၂၅၉ |
| မြေထောက်ပဲ | ၁၉၃ | ၂၁၇ | ၁၀၉၀၆ |

# ပြည်ဈေးကွက်မှာ လုံးဆန် ဈေးပြန်မြင့်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် ဆီဆန်ဈေးငြိမ်နေပြီး လုံးဆန်ဈေးမှာ အဝယ်ပြန်လိုက်လာ၍ ဈေးပြန်မြင့်လာတာ တွေ့ရပါတယ်။ ဆီဆန်ကို ဆီစက်သမားများက အဝယ်ရှိနေသော်လည်း ဈေးငြိမ်နေပါတယ်။ လုံးဆန်အဖြူနဲ့ အနီတို့ကို မန္တလေးဝယ်လက်များက အဝယ်ရှိနေသဖြင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်လျှင် ဈေးပြန်မြင့်လာတာတွေ့ရပါတယ်။

မြန်အောင်၊ ကြံခင်း၊ အောင်လံ၊ ဝက်ထီးကန်နဲ့ ပေါက်ခေါင်းဘက်မှ တစ်နေ့လျှင် မြေပဲဆန် အိတ် ၁၀၀၀ ခန့်ဝင်ရောက်လာပြီး အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ မြေပဲဆီဆန်ဈေးမှာ တစ်ပိဿာလျှင် ၁၄၅၀ ကျပ်ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး မြေပဲလုံး ဆန် (အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၀၀၀ ဖြစ်ပြီး ယခင်တစ်ပတ်ထက်စာလျှင် ၁၅၀ ကျပ်ခန့်ဈေးမြင့်သလို လုံးဆန်(အနီ) တစ် ပိဿာလျှင် ၂၂၇၅ ကျပ်ဖြင့် ယခင်တစ်ပတ်ထက် ၂၂၅ ကျပ်ဈေးပိုလာတာတွေ့ရပါ တယ်။ မြေပဲဆီဈေးမှာ တစ်ပိဿာလျှင် ကျပ် ၄၂၀၀ ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေတာတွေ့ရပါတယ်။

**ဝေဝေမင်း**





# ပြည်ကုလားပဲဈေးကွက်တွင် မျိုးပဲများ သာမကခွဲစက်သမားများကပါ ဝယ်ယူလျက်ရှိ

ပြည်ပဲဈေးကွက်အတွင်း အောက်တိုဘာလကုန်ပတ်တွင် ကုလားပဲသီးနှံ မျိုးပဲဝယ်ယူမှုများရှိလာခဲ့ပါတယ်။ ပဲလက်ကျန်များရှိလို့ ပဲအဝင်မရှိသော်လည်း ဝယ်လိုအားရှိသလောက် ရောင်းချနိုင်ခဲ့ကြပါတယ်။

မျိုးပဲအနေဖြင့် အိတ် ၂၀ ကျော်ရောင်းချခဲ့ရသလို ခွဲစက်သမားများကလည်း အိတ် ၂၀၀ ကျော် ၃၀၀ ခန့်အထိ ဝယ်ယူကြတယ်လို့လည်း သိရပါတယ်။ ပဲဈေးမှာ တစ်တင်း ကျပ် ၄၅၀၀၀ ဖြင့် ဈေးမြင့်တက်လာသလို မျိုးပဲဈေးအနေဖြင့် တစ်တင်း ကျပ် ၄၇၀၀၀ မှ ကျပ် ၄၈၀၀၀ အထိ ဈေးကောင်းရခဲ့ပါတယ်။ ယခင်နှစ် မျိုးပဲ ဝယ်ယူချိန်က ဈေးနှုန်းမှာ တစ်တင်း ကျပ် ၄၂၀၀၀ ရရှိခဲ့လို့ ယခင်နှစ်ဈေး နဲ့နှိုင်းယှဉ်ပါက တစ်တင်းကျပ် ငါးထောင်ကျော်ပိုရရှိခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

# ပြည်ပဲလွန်းဖြူ တစ်နှစ်တာလုံး ဈေးအေးနဲ့ အရောင်းအဝယ်ဖြစ်

အောက်တိုဘာလကုန်ပတ်ပြည်ပဲဈေးကွက်ရဲ့ လက်လီ အရောင်းအဝယ်ဖြစ်တဲ့ပဲများထဲမှာ ပဲလွန်းဖြူသီးနှံဈေး အနည်းငယ်ပိုရလာတာကို တွေ့ရပါတယ်။ ယခင်တစ်ပတ်က တစ်တင်းကျပ် ၂၄၀၀၀ သာရရှိခဲ့ပြီး ယခုတစ် ပတ်မှာ တစ်တင်း ကျပ် ၂၅၀၀၀ ရရှိလာခဲ့ပေမယ့် လက်လီသာဝယ်ယူမှုရှိလို့ အိတ်အနည်းငယ်သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်နှစ် အောက်တိုဘာလအတွင်းက ပဲလွန်းဖြူသီးနှံဈေးမှာ တစ်တင်း ကျပ် သုံးသောင်းအထိ ရရှိခဲ့လို့ ယခုနှစ် ပဲလွန်းဖြူသီးနှံဈေးဟာ ပဲသစ်ပေါ် ချိန်မှစ၍ ကျပ်သုံးသောင်းအောက်သာရရှိခဲ့ တဲ့အတွက် ယခုအချိန်ထိ ယခင်နှစ်ဈေးကို မမီခဲ့ဘဲ တစ်နှစ်တာလုံး ဈေးအေးခဲ့တဲ့ သီးနှံဖြစ်နေခဲ့ပါတယ်။

**ခင်ဆွေဝင်း**

## အိန္ဒိယနိုင်ငံ၏ မိုးမြေပဲထုတ်လုပ်မှုပမာဏ ၇၀ ရာခိုင်နှုန်းတိုးတက် လာမည်ဟု ခန့်မှန်း



အိန္ဒိယနိုင်ငံ၌ ၂၀၁၅-၁၆ သီးနှံရာသီတွင် မိုးမြေပဲတန် ချိန် ၃၂ ဒသမ ၃ သိန်းခန့်ရှိခဲ့ရာမှ ၂၀၁၆ - ၁၇ သီးနှံရာသီ အတွက် မိုးမြေပဲတန်ချိန် ၅၄ ဒသမ ၈၀ သိန်းခန့် ထွက်ရှိမည်ဟု ခန့်မှန်းထားခဲ့ပြီး ယခင်နှစ်ထက် ၇၀ ရာခိုင်နှုန်းတိုးတက် ခန့်မှန်းထားခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံတွင် မိုးရာသီ (Kharif Season) ၌ စိုက်ပျိုးသောအဓိကသီးနှံများအနက် မြေပဲသီးနှံသည် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ဂူဂျာရတ်ပြည်နယ်သည် မြေပဲစိုက်ပျိုး သည့်အဓိကပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ဂူဂျာရတ်ပြည်နယ်သည် ပြီးခဲ့သည့်နှစ် ၂၀၁၅-၁၆ သီးနှံရာသီတွင် စိုက်ပျိုးမြေဧရိယာဟက်တာ ၁၂ ဒသမ ၉၅ သိန်း၌ မြေပဲစိုက်ပျိုးခဲ့ပြီး၊ ယခုနှစ် မိုးရာသီတွင် ဟက်တာ ၁၆ ဒသမ ၄၄ သိန်းခန့် စိုက်ပျိုးထားခဲ့ကြောင်း၊ မိုးမြေပဲအထွက်နှုန်းမှာလည်း ပြီးခဲ့သည့်နှစ်က တစ်ဟက်တာလျှင် ၁၁၅၅ ကီလိုဂရမ်ထွက်ရှိခဲ့ရာမှ ယခုနှစ်တွင် တစ်ဟက်တာလျှင် ၁၇၉၀ ကီလို ဂရမ်ခန့်ထွက်ရှိမည်ဟု တိုးတက်ခန့်မှန်းထားခဲ့ကြောင်း၊ သို့ဖြစ်၍ ယခုနှစ်မိုးရာသီတွင် ဂူဂျာရတ်ပြည်နယ်အနေဖြင့် မိုးမြေပဲတန်ချိန်ပေါင်း ၂၉ ဒသမ ၄ သိန်းခန့်ထွက်ရှိရန် မျှော်မှန်းထားခဲ့ကြောင်း SEAGroundnut Promotion Council က ထုတ်ပြန်ထားသည့် အချက်အလက်များအရ သိရပါသည်။

အိန္ဒိယနိုင်ငံရှိ SEA Groundnut Promotion Council သည် မြေပဲသီးနှံ၏ အရွယ်အစားနှင့်အရည်အသွေးတို့ကို သတ်မှတ်ဆုံးဖြတ်နိုင်ရန်အတွက် မြေပဲသီးနှံဆိုင်ရာ လေ့လာဆန်းစစ်မှုများကို ပြီးခဲ့သည့် ကိုးနှစ်ခန့်မှစ၍ ပြုလုပ်လျက်ရှိကြောင်း သိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ နယူးဒေလီမြို့**



## ပြည်ဘိုကိတ်ဈေးအေးပြီး ယခင်နှစ်ကဈေးအတိုင်းသာ အရောင်းအဝယ်ဖြစ်

ပြည်ပဲဈေးကွက်အတွင်း လက်ကျန်ပဲအချို့နဲ့ လက်လီသာ အရောင်းအဝယ်ဖြစ်ခဲ့လို့ ဘိုကိတ်ပဲ သီးနှံအနေဖြင့် တစ်ရက်ကို ၁၀ အိတ်ကျော် အိတ်၂၀ ခန့် ရောင်းဝယ်မှု ရှိခဲ့ကြပြီး ပဲဈေးမှာ တစ်တင်း ၂၄၅၀၀ ကျပ်မှ ၂၅၅၀၀ ကျပ်ဖြင့် ဈေး အနည်းငယ် ပိုလာခဲ့ပါတယ်။ လက်လီပဲဈေးထဲမှာ ပဲလွန်းဖြူ ပဲနီပြား စသည့် သီးနှံများနည်းတူ ဘိုကိတ်ပဲသီးနှံဟာလည်း ဈေးနှုန်းအတူတူရှိနေခဲ့ကြတာကို တွေ့ရပါတယ်။

၎င်းပဲများ အားလုံးလိုလိုဟာ ပဲပေါ်ချိန် ကာလများတွင်သာ လက်လီ၊ လက်ကား အရောင်းအဝယ် ဖြစ်ခဲ့ကြပေမယ့် ပဲအဝင်ပါးလာပြီး လက်ကျန်နည်းလာချိန်များမှာတော့ လက်လီသမားအချို့ဖြင့်သာ နေ့စဉ်ရောင်းဝယ်ခဲ့ကြရတဲ့ ပဲသီးနှံများ ဖြစ်ခဲ့ကြ ပါတယ်။ ဘိုကိတ်ပဲသီးနှံရဲ့ ယခင်နှစ် အောက်တို ဘာလ ဈေးနှုန်းမှာလည်း တစ်တင်း ၂၄၀၀၀ ကျပ်သာရရှိ ပြီး နောက်ပိုင်းကာလများမှာ ဈေးမြင့်တက်လာလို့ နှစ်ကုန်ပိုင်းတွင် ကျပ်သုံးသောင်းအထိ မြင့်တက်လာတဲ့အတွက် ယခုနှစ် မှာလည်း ယခုအချိန်ဈေး အေးနေခဲ့ပေမယ့် နှစ်ကုန်တွင် ဈေးဆက်ကောင်းလာမလား စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

**ခင်ဆွေဝင်း**

## ၂၀၁၆ ခုနှစ် အောက်တိုဘာလ နောက်ဆုံး သီတင်းပတ် မန်းကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဖြစ်တဲ့ သီးနှံများရဲ့ ဈေးနှုန်းနဲ့ ပမာဏ

မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း) ကို အနယ်နယ် အရပ်ရပ်မှ လယ်ယာထွက်ကုန်သီးနှံများအား ပွဲစား၊ ကုန်သည်၊ စက်ပိုင်များက နေ့စဉ်(ဥပုသ်နေ့မှအပ) လာရောက်ပြီး အရောင်းအဝယ်ပြုလုပ်ကြရာ ကုန်စည်ဒိုင်အတွင်း အဓိကအရောင်းအဝယ်ဖြစ်တဲ့ ပဲ၊ ပြောင်း၊ နှမ်းနဲ့ မြေပဲတို့ရဲ့ ၂၀၁၆ ခုနှစ် အောက်တိုဘာလ နောက်ဆုံးပတ်မှာ အရောင်းအဝယ်ဖြစ်တဲ့ဈေးနှုန်းများမှာ-

| သီးနှံအမည် | ၂၆-၁၀-၂၀၁၆ | |
|---|---|---|
| | နိမ့် | မြင့် |
| ပဲတီစိမ်း | ၁၃၃၃ | ၁၄၅၈ |
| ပဲလွန်းဖြူ | ၁၀၈၃ | ၁၁၆၇ |
| ပဲကြီး | ၁၃၅၇ | ၁၄၄၈ |
| ပဲနီပြား | ၁၀၈၆ | ၁၁၇၆ |
| ပဲပုပ်(ရှမ်း) | ၈၄၅ | ၁၀၃၃ |
| ပဲပုပ်(ဗမာ) | ၉၅၈ | ၉၇၇ |
| ပဲယင်း(သေး) | ၆၅၀ | ၇၅၀ |
| ထောပတ်ပဲ | ၆၄၀ | ၇၆၄ |
| ပဲဇီးကွက် | - | ၉၆၁ |
| နိုင်လွန်ပဲ | ၁၁၄၈ | ၁၁၈၁ |
| မြေထောက်ပဲ | - | ၁၆၆၇ |
| မတ်ပဲ | ၂၂၈၃ | ၂၃၀၀ |
| ပြောင်းဖူးစေ့(စီပီ) | ၂၈၇ | ၃၀၆ |
| အထွက်တိုးပြောင်း | - | ၃၄၀ |
| ဆန်ပြောင်း | - | ၄၇၃ |
| နှမ်းဖြူ | ၁၉၅၆ | ၂၁၅၆ |
| နှမ်းညို | ၁၆၀၀ | ၁၈၀၀ |
| နှမ်းနက် | ၂၄၄၄ | ၂၆၆၇ |
| နှမ်းနက်(စမုံ) | ၃၃၃၃ | ၃၅၁၁ |
| ပန်းနှမ်း | - | ၁၇၇၈ |
| မြေပဲဆန် ( S1လုံးဆန်) | ၁၈၀၀ | ၁၉၀၀ |

ယခုတစ်ပတ်မှာ ပဲတီစိမ်းကြီး တစ်ပိဿာ ၁၄၅၈ ကျပ်(တစ်တန် ၈၉၂၈၆၅ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူဈေးထက် တစ်ပိဿာ ၁၂၅ ကျပ်(တစ်တန် ၇၆၅၄၉ ကျပ်) မြင့်တက်ကာ နေ့စဉ် သုံးတင်းအိတ် ၃၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ပဲလွန်းဖြူတစ်ပိဿာ ၁၁၆၇ ကျပ် (တစ်တန် ၇၁၄၆၅၉ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူဈေး အထက် တစ်ပိဿာ ၈၄ ကျပ် (တစ်တန် ၅၁၄၄၁ ကျပ်)မြင့်တက်ကာ နေ့စဉ်သုံးတင်းအိတ် ၁၀၀ ခန့်၊ ပဲကြီးတစ်ပိဿာ ၁၄၄၈ ကျပ်(တစ်တန် ၈၈၆၇၄၁ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူဈေးနှုန်းအောက် တစ်ပိဿာ ၅၄ ကျပ် (တစ်တန် ၃၃၀၆၉ ကျပ်) ကျဆင်းကာ နေ့စဉ်သုံးတင်းအိတ် ၃၀၀ ခန့်၊ ပဲနီပြားမှာ ဈေးငြိမ်ပြီး တစ်ပိဿာ ၁၁၇၆ ကျပ် (တစ်တန် ၇၂၀၁၇၁ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၁၅၀ ကျော်၊ ပဲပုပ်မှာ ယခင်လဈေးနှုန်းထက်မြင့်တက်ပြီး အရောင်းအဝယ်ဖြစ်လို့ ပဲပုပ်(ရှမ်း)တစ်ပိဿာ ၁၀၃၃ ကျပ်(တစ်တန် ၆၃၂၅၉၉ ကျပ်)၊ ပဲပုပ် (ဗမာ) တစ်ပိဿာ ၉၇၇ ကျပ်(တစ်တန် ၅၉၈၃၀၅ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၄၀၀ ခန့်၊ ပဲယင်း (သေး) တစ်ပိဿာ ၇၅၀ ကျပ် (တစ်တန် ၄၅၉၂၉၃ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူဈေးနှုန်းအထက် တစ်ပိဿာ ကျပ် ၁၀၀ (တစ်တန် ၆၁၂၃၉ ကျပ်)မြင့်တက်ကာ နေ့စဉ် သုံးတင်းအိတ် ၂၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ထောပတ်ပဲ တစ်ပိဿာ ၇၆၄ ကျပ်(တစ်တန် ၄၆၇၈၆၆ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူဈေးနှုန်းထက် တစ်ပိဿာ ၁၂၄ ကျပ်(တစ်တန် ၇၅၉၃၆ ကျပ်) မြင့်တက်လာပြီး နေ့စဉ် သုံးတင်းအိတ် ၂၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရ ပါတယ်။



ယခုတစ်ပတ်မှာ မတ်ပဲတစ်ပိဿာ ၂၃၀၀ ကျပ် (တစ်တန် ၁၄၀၈၄၀၇ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူဈေးနှုန်းအောက် တစ်ပိဿာ ၃၃၇ ကျပ်(တစ်တန် ၂၀၂၀၉ ကျပ်) ကျဆင်းကာ နေ့စဉ် သုံးတင်းအိတ် ၇၅၀ ခန့် အရောင်းအဝယ်ဖြစ်ပြီး ပြောင်းဖူးစေ့များရဲ့ ဈေးနှုန်းများမှာ ပြောင်းဖူးစေ့ (CP) တစ်ပိဿာ ကျပ် ၃၀၀(တစ်တန် ၁၈၇၃၉၀ ကျပ်)၊ အထွက်တိုးပြောင်း တစ်ပိဿာ ၃၄၀ ကျပ်(တစ်တန် ၂၀၈၂၁၃ ကျပ်)၊ ဆန်ပြောင်း တစ်ပိဿာ ၄၇၃ ကျပ်(တစ်တန် ၂၈၉၆၆၀ ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ပြည်ပ(တရုတ်) ဝယ်လိုအားကောင်းတဲ့ နှမ်းရောင်စုံများရဲ့ ဈေးနှုန်းများမှာ ယခင်လကာလတူဈေးနှုန်းများရဲ့ အထက်နဲ့အရောင်းအဝယ်ဖြစ်လို့ ယခုတစ်ပတ်မှာ နှမ်းဖြူ တစ်ပိဿာ ၂၁၅၆ (တစ်တန် ၁၃၂၀၃၁၃ ကျပ်)၊ နှမ်းညို တစ်ပိဿာ ကျပ် ၁၈၀၀ (တစ်တန် ၁၁၀၂၃၀၂ ကျပ်)၊ နှမ်းနက် တစ်ပိဿာ ၂၆၆၇ ကျပ်(တစ်တန် ၁၆၃၃၂၄၄ ကျပ်)၊ နှမ်းနက်(စမုံ) တစ်ပိဿာ ၃၅၁၁ ကျပ်(တစ်တန် ၂၁၅၀၁၀၅ ကျပ်)၊ ပန်းနှမ်း (တစ်တန် ၁၀၈၈၈၂၉ ကျပ်)နဲ့ ရောင်းချပြီး အဆိုပါ နှမ်းရောင်စုံငါးမျိုး နေ့စဉ်သုံးတင်းအိတ် ၄၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ မြေပဲ (S1 လုံးဆန် ) တစ်ပိဿာ ကျပ် ၁၉၀၀ (တစ်တန် ၁၁၆၃၅၄၁ ကျပ်)နဲ့ အရောင်းအဝယ် ဖြစ်လို့ ယခင်လကာလတူဈေးနှုန်းအောက်တစ်ပိဿာ ကျပ် ၁၀၀ (တစ်တန် ၆၁၂၃၉ ကျပ်) ဈေးကျဆင်းပြီး နေ့စဉ် သုံးတင်း အိတ် ၁၀၀၀ ကျော် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

ယခင်လနဲ့နှိုင်းယှဉ်လျှင် ယခုတစ်ပတ်မှာ သီးနှံအများစု ဈေးမာနဲ့ အရောင်းအဝယ်ဖြစ်ကြောင်း၊ မြေပဲဆန်သာလျှင် ယခုလအတွင်းဈေးအေးလျက်ရှိကြောင်း၊ ဆီထွက်သီးနှံများမှာ ပုံမှန်အရောင်းအဝယ်ဖြစ်သလို အရောင်းအဝယ်သွက်လက်မြန်ဆန်ကြောင်း၊ ပဲတီစိမ်းမှာ လက်ကျန်နည်းပါးနေပေမယ့် လှောင်လက်များမှ ထုတ်ရောင်းကြောင်း၊ ပြောင်းဖူးစေ့များကိုလည်း ပြည်တွင်းဝယ်လက်များနဲ့ ပြည်ပ(တရုတ်) ဝယ်လက်များမှ ဝယ်ယူမှုရှိကြောင်း၊ တရုတ်ဝယ်လက်ကြောင့် ပြောင်းဖူးစေ့များ အရောင်းအဝယ်သွက်လက်လာပေမယ့် ပြည်တွင်းဝယ်လက်နဲ့မျှ၍ အရောင်းအဝယ်ပြုလုပ်ရကြောင်း၊ ကုန်စည်သယ်ယူပို့ဆောင်ခများမှာလည်း ပုံမှန်ဖြစ်နေတာကြောင့် သယ်ယူပို့ဆောင်မှုအပိုင်းမှာလည်း အဆင်ပြေကြောင်း မိမိတို့၏သီးနှံများအတွက်နှုန်းနှင့် အရည်အသွေးများသာ အဓိကဖြစ်ကြောင်း ကုန်သည်ကြီးတစ်ဦးက ပြောကြားကြောင်းသိရပါတယ်။

**စိုးအောင်-မန္တလေး**

## ကြက်သွန်

### ပြည်ကြက်သွန်နီ သိသိသာသာဈေးမြင့်

ပြည်ကြက်သွန်နီဈေးကွက်အတွင်း ယခုတစ်ပတ်တွင်ဈေးနှုန်းများ သိသိသာသာ မြင့်တက်သွားတဲ့အတွက် ဝယ်ယူသိုလှောင်ရောင်းချသူ၊ ကုန်သည်ပွဲစားများအနေနဲ့ တွက်ခြေကိုက်၍ စိတ်ကျေနပ်မှုရှိနေကြောင်း သိရှိရပါတယ်။ စားသုံးသူဘက်မှာတော့ ကြက်သွန်နီဈေးအဆမတန်မြင့်တက်မှုအပေါ် တအံ့တသြဖြစ်ခဲ့ရပြီး ယခုကပင် ချွေတာသုံးစွဲနေပြီဖြစ်ကြောင်း သိရှိရပါတယ်။ မကွေး၊ မန္တလေးစတဲ့ အထက်ဘက်မှ ထွက်တဲ့ကြက်သွန်နီ များကို တရုတ်ဘက်မှ ဝယ်လိုအားများ နေပြီး ရန်ကုန်ဘက်သို့ ဝင်ရောက်တဲ့ ကြက်သွန်နီများကို ထိုင်းဘက်မှ ဝယ်လို အားများနေကြောင်း သိရှိရပါတယ်။

ဈေးနှုန်း အဆမတန်မြင့်တက်နေတာကြောင့် ကြက်သွန်နီတင်ပို့မှုကို အကန့်အသတ်များ ပြုလုပ်စေလိုကြောင်း၊ အကန့်အသတ်မရှိပါက ဈေးနှုန်းမှာ ပို၍အဆမတန်မြင့်တက်လာနိုင်ကြောင်း ကုန်သည်တစ်ဦးက သုံးသပ် ပြောကြားကြောင်း သိရှိရပါတယ်။ ဈေးနှုန်းအနေနဲ့ ပြည်ပွဲရုံများ၌ လက်ကားတစ်ပိဿာလျှင် (ကြီး) ၁၅၅၀ ကျပ်၊ (လတ်) ကျပ် ၁၄၀၀၊ (သေး) ကျပ်၁၀၀၀-၁၂၀၀တို့ဖြစ်ပြီး လက်လီဈေးအသေးများတွင် (ရှယ်သန့်) ကျပ် ၁၈၀၀၊ (ကြီး) ကျပ် ၁၇၀၀၊ (လတ်) ကျပ် ၁၆၀၀၊ (သေး) ကျပ် ၁၄၀၀-၁၂၀၀ တို့နှင့်ရောင်းဝယ် လျက်ရှိနေတာတွေ့ရပါတယ်။

ပွဲရုံလုပ်ငန်းရှင်များနှင့် လက်လီ ပြန်လည်ရောင်းချသည့် အိတ်ဆွဲဝယ် လက်သမားများမှာ ယခင်ဈေးအနိမ့်ဖြင့် ဝယ်ယူမှုရှိထားသည့်အတွက် အမြတ်အစွန်းပိုမိုရရှိနေကြောင်း သိရှိရပါတယ်။ ဈေးနှုန်းအဆမတန်မြင့်တက်နေတဲ့အတွက် ဒေသတွင်း ဝယ်လက်များနဲ့ ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်တို့သို့ တင်ပို့မှုအပါအဝင် တစ်နေ့လျှင် ပိဿာ ၃၀ ဝင်အိတ် ၁၈၀ ခန့်သာရှိတာကြောင့် အရောင်းအဝယ်သိသိသာသာနည်းသွားကြောင်း သိရပါတယ်။

**ဝင်းလှဲ့ဝါ(ပြည်)**

### ပြည်ပွဲရုံများသို့ ကြက်သွန်ဖြူအိတ်များ ပုံမှန်ဝင်ရောက်လျက်ရှိ

အောက်တိုဘာနောက်ဆုံးပတ်အတွင်း ကြက်သွန်ဖြူ ပွဲရုံများ တွင် ကြက်သွန်ဖြူအိတ်များ အမျိုးအစား အရွယ်စုံ (အစ) စုံ ဝင်ရောက်နေပြီး ဈေးနှုန်းလည်း အနည်းငယ်ကျလာတာ တွေ့ရပါတယ်။ အရောင်းအဝယ်မှာလည်း နေ့စဉ်ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။

ယခုတစ်ပတ် ပြည်ပွဲရုံဈေးတွင် ကြက်သွန်ဖြူတစ်ပိဿာလျှင် (ရှမ်းစ) လက်ကားဈေး ကျပ် ၃၇၀၀၊ (ကြူကုတ်စ) ကျပ် ၄၃၀၀ ဈေးရှိနေပါတယ်။ လက်လီတစ်ပိဿာဈေးကတော့ (ရှမ်းစ) ကျပ် ၄၃၀၀ နှင့် (ကြူကုတ်) ကျပ် ၄၆၀၀ ဈေးတို့နဲ့ အရောင်းအဝယ် ပုံမှန်ဖြစ်နေတာကြောင့် ဈေးအတက်မှာမရှိဘဲ ပွဲရုံဈေးတစ်ပိဿာပေါ်တွင် ကျပ် ၁၀၀ ဈေးကျလာတာ တွေ့ရပါတယ်။ လက်လီဈေးကတော့ မကျဘဲ ယခင်တစ်ပတ်အတိုင်းသာ ရောင်းချလျက်ရှိပါတယ်။ တစ်ရက်လျှင် ကြက်သွန်ဖြူအိတ် ၂၀၀ ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။

**နီနီဝင်း**

## မန်ကျည်း

### မန်ကျည်းပြန်လည်တင်ပို့

အောက်တိုဘာ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ စင်ကာပူနိုင်ငံသို့ မန်ကျည်း ၂၁ တန် တင်ပို့ခဲ့ပါတယ်။ စက်တင်ဘာ ဒုတိယသီတင်းပတ်မှ စပြီးအပို့ပျောက်ခဲ့တဲ့ မန်ကျည်းက ဒီတစ်ပတ်မှာ ပြန်လည်တင်ပို့ခဲ့ခြင်းဖြစ်ပါတယ်။ ဒီတစ်ပတ် မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၅၇၅၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**



## နနွင်း



### မူဆယ်မှ နနွင်းတက် လျော့နည်းတင်ပို့ပြီး မြဝတီမှ ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာ ၁၅ ရက်မှ ၂၁ ရက်အထိသီတင်းပတ်အတွင်းအမေရိကန်ဒေါ်လာ ၆၁၂၀ တန်ဖိုးရှိ နနွင်းတက်(ရှမ်းစ) ၈ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၄၉ တန်နီးပါး တင်ပို့ခဲ့သဖြင့် မူဆယ်မှ နနွင်းတက်တင်ပို့မှု လျော့နည်းခဲ့တာတွေ့ရပါတယ်။

မြန်မာ-ထိုင်း နယ်စပ်ရှိမြဝတီကုန်သွယ်ရေး ဇုန်ကတော့ အမေရိကန်ဒေါ်လာ ၂၅၆၅၀ တန်ဖိုးရှိ နနွင်းတက်(ကျောက်ဆည်) ၃၅ တန်နီးပါးကို တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က မြဝတီမှ နနွင်းတင်ပို့ မှု မရှိတာကြောင့် ယခုတစ်ပတ် နနွင်းတင်ပို့မှုမှာ မြဝတီမှ ပိုမိုလာတယ်လို့ ဆိုရပါမယ်။

မူဆယ်ကုန်စည်ဒိုင်မှာ နနွင်းတက် တစ်တန်ကို (ငွေလဲနှုန်းအရ) မိမိဘက်ပေါက်ဈေး ၉၇၈၄၃၅ ကျပ် ဈေးခန့်ရှိပြီး မြဝတီကုန်စည်ဒိုင်မှာတော့ ၉၃၈၈၈၀ ကျပ်ဝန်းကျင် ရှိတယ်လို့သိရပါတယ်။

**မော်မော်အောင်**

### အောင်ပန်းမှာသာ ရှမ်းနနွင်း အရောင်းအဝယ်ဖြစ်

ရှမ်းနနွင်းကလည်း ရှမ်းချင်းလိုပါပဲ အဝယ်ကခပ်အေးအေးသာဖြစ်နေပါတယ်။ အောင်ပန်းဈေးကွက်မှာရှိတဲ့ ဆင်တောင်နနွင်းကတော့ ဒီနှစ်မှာ ဝယ်လက်တွေ အကြိုက်တွေ့လို့ ဈေးကွက်မှာအကုန်ကုန်သွားတယ်လို့ သိရ ပါတယ်။ ဆင်တောင်နနွင်းပြီးရင် ဆင်တောင်နနွင်းလောက်နီးနီး အရည်အသွေးကောင်းတဲ့ ဟိုပုံးချင်းက ဈေးကွက်ဝင်လာပါတယ်။

ဒါပေမယ့်ဟိုပုံးချင်းကဟိုပုံးဈေးကွက်မှာအရောင်းအဝယ်မဖြစ်ဘဲ အောင်ပန်းဈေးကွက်မှာ အရောင်းအဝယ်လာဖြစ်နေတယ်လို့ သိရပါတယ်။ ဝယ်လက်တွေက သယ်ယူစရိတ်အတွက် အကုန် အကျမခံတာကြောင့် အောင်ပန်းဈေးကွက်သို့ လာရောက် ရောင်းချနေတယ်လို့ဆိုပါတယ်။ အောင်ပန်းဈေးကွက်မှာတော့ နနွင်းကို ရန်ကုန်ဝယ်လက်က ပြည်ပတင်ပို့ဖို့အတွက် ဝယ်ယူနေသလို ပြည်တွင်းသုံးအတွက်လည်း ပြည်ဝယ်လက်တွေက ဝယ်ယူနေတယ်လို့လည်း သိရပါတယ်။

အောင်ပန်းဈေးကွက်မှာ တစ်ပတ်အတွင်း နနွင်းပိဿာချိန်ပေါင်း ခုနစ်သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဈေးကွက်ကသိရပါတယ်။ ဟိုပုံးဈေးကွက်မှာလည်း နနွင်းလက်ကျန်ကရှိနေပါသေးတယ်။ အဝင်မရှိပေမယ့်ဝယ်လက်ကလည်းမရှိတော့ တစ်ပိဿာ ကျပ်၁၇၀၀ - ၁၇၈၀ ကျပ်နဲ့ ဈေးပိတ်နေတယ်လို့ သိရပါတယ်။ အောင်ပန်းဈေးကွက်မှာ နနွင်းတစ်ပိဿာပေါက်ဈေးက အနိမ့်ဆုံး ၁၅၀၀ ကျပ်မှ အမြင့်ဆုံး ၂၇၀၀ ကျပ်ဈေးရှိပါတယ်။

**ဇေခိုင်-တောင်ကြီး**

### နနွင်းတင်ပို့မှုလျော့

ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ အောက်တိုဘာ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း နနွင်း ၁၅ တန်ကို ပါကစ္စတန်နိုင်ငံ သို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်ကတင်ပို့ခဲ့တဲ့တန်ချိန်မှာ ၁၃၅ တန်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ယှဉ်ရင် တန်ချိန် ၁၂၀ လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ၁၁၁၀၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

သီတာဝင်း**(DOT)**

## ပဲရဆေး

### ပဲရဆေးကုန်ကြမ်း လျော့နည်းတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာ ၁၅ ရက်မှ ၂၁ရက်အထိ သီတင်းပတ် အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၅၆၈သန်း တန်ဖိုးရှိ ပဲရဆေးကုန်ကြမ်း အမယ်၁၂မျိုးကို တန်ချိန် ၃၀၀ကျော် တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ပဲရဆေးအမယ်များမှာ တောချင်း၊ ကွမ်းသီးခွံ၊ နနွင်းတက်၊ ဆီးဆံ၊ ဆီးသီးခြောက်၊ ဆေးမြင်းခွာ၊ တောဂျုံးမြစ်၊ ကွမ်းစားဂမုန်း၊ နေလဲစေ့၊ မိကျောင်းကွမ်းဖတ်စေ့၊ ဒရင်ကောက်မြစ်နဲ့ ချဉ်ပေါင်ဖာလာတို့ ဖြစ်ပါတယ်။

ယခင်တစ်ပတ်က တန်၉၀၀ကျော်အထိ တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ် ပဲရဆေးကုန်ကြမ်း တန် ၆၀၀ ခန့် လျော့နည်းတင်ပို့ခဲ့ကြောင်း၊ ဒရင်ကောက်မြစ်၊ မာလာဥခေါင်းနဲ့ ဆေးမြင်းခွာ တင်ပို့မှု လျော့နည်းခဲ့ခြင်းကြောင့်ဖြစ်ကြောင်း သိရပါတယ်။

**မော်မော်အောင်**

## ချင်း

### ရှမ်းချင်းပြည်ပဝယ်လက် မရှိသေးပေမယ့် အရောင်းအဝယ်ပုံမှန်ရှိ

ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်းပုံမှန်ဝင်ရောက်နေပါတယ်။ နောက်လဆိုရင် ချင်းအသစ်တွေကိုစပြီး ဖော်ကြတော့မှာဖြစ်လို့ ချင်းအသစ်တွေလည်း ဈေးကွက်ကို ဝင်လာတော့မယ်လို့လည်း သိရပါတယ်။ အခုအချိန်ထိ ချင်းအရောင်းအဝယ်ခပ်မှန်မှန်သာရှိနေပါတယ်။ ဒီနှစ်က ပြည်တွင်းဈေးကွက်ကိုပဲ အားကိုးနေရတယ်။ ပြည်ပဝယ်လက်ကတော့ အခုချိန်အထိ မရှိသေးပါဘူး။ လွန်ခဲ့တဲ့သုံးနှစ်က တရုတ်ဝယ်လက်တွေက ဝယ်ယူခဲ့ပေမယ့် နောက်နှစ်တွေမှာ အဝယ်ရပ်သွားပါတယ်။ ဒေသခံကုန်သည်တွေကတော့ တရုတ်ဝယ်လက်တွေက ဝယ်ယူနိုင်တယ်လို့ ခန့်မှန်းကြပါတယ်။ တရုတ်ဝယ်လက်တွေက နှစ်နှစ်ခြားတစ်ကြိမ်ဝယ်ယူလေ့ရှိတယ်လို့လည်း ပြောပါတယ်။ ဒီနှစ်ထွက် ချင်းတွေကိုတော့ ပြည်ပဝယ်လက်တွေက ပြန်ပြီးစိတ်ဝင်စားတာနဲ့ အမေးရှိလာတယ်လို့လည်း သိရပါတယ်။ ဒီတစ်ပတ်အောင်ပန်းဈေးကွက်မှာ ချင်းတစ်ပိဿာပေါက်ဈေးမှာ (ညှံ့စ) က ၃၅၀ကျပ်၊ (လတ်စ) က ကျပ် ၄၀၀ (ထိပ်စ) ကကျပ် ၅၀၀ ဈေးရှိပါတယ်။ ချင်းခြောက်ကတော့ တစ်ပိဿာ ကျပ် ၁၇၀၀ - ၁၈၀၀ ဈေးပေါက်နေပါတယ်။

ဟိုပုံးချင်းဈေးကွက်မှာတော့ ချင်းမရှိတော့ပါဘူး။ အောင်ပန်းချင်းထက်နောက်ကျမှဖော်မှာဖြစ်တာကြောင့် ဟိုပုံးချင်းက ၂၀၁၇ ခုနှစ် ဇန်နဝါရီနဲ့ ဖေဖော်ဝါရီလောက်မှာ ဈေးကွက်ကို ဝင်လာမှာလို့ သိရပါတယ်။

**ဇေခိုင်-တောင်ကြီး**

### အဝင်များလို့ ပြည်ချင်းဈေးကျ

ယခုတစ်ပတ်တွင် အောင်ပန်း၊ တောင်ကြီးဘက်မှ ချင်းများ ပြည်ဈေးကွက်သို့ ပိဿာ ၃၀ ဝင် အိတ် ၃၀၀ ခန့် အဝင်ရှိပြီး ယခင်တစ်ပတ်ထက် အဝင်ပိုများလာကာ ဈေးနှုန်းမှာလည်း တစ်ပိဿာကို ချင်းဥမ (ရှယ်) ကျပ် ၉၀၀ ၊ (ဂွန်) ကျပ် ၅၀၀ တို့နှင့် ရောင်းဝယ်လျက်ရှိကာ ယခင်တစ်ပတ်ကထက် တစ်ပိဿာကို ကျပ် ၂၀၀ ခန့် ဈေးကျသွားခဲ့ပါတယ်။ အရောင်းအဝယ်အားဖြင့် ယခုတစ်ပတ်အတွင်း ပြည်ဈေးကွက်၌ လက်လီ/လက်ကား ရောင်းဝယ်သူများနဲ့ ချင်း (ဓားလှီး) အဝယ်သမားများအပြင် ဧရာဝတီမှ ရခိုင်သို့ တင်ပို့မှုများရှိနေတာကြောင့် တစ်ရက်ကို ချင်းပိဿာချိန် ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

**ဝင်းဝင်းခိုင်**

KHAING HTUN TRADING CO.,LTD

# ခိုင်ထွန်း

စတီးပိုက်၊ စတီးပြား နှင့်

စတီးအပိုပစ္စည်းဖြန့်ချိရေး




- အမှတ်(227) 36လမ်း၊83X84လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး။ ဖုန်း - 02-68560, 02-72627, 02-76386, 09-401539777, 09-2011317, 09-401539555
- အမှတ်(၂၆၁)၊ ၃၅လမ်း၊ ၈၀ × ၈၁လမ်းကြား၊ မန္တလေးမြို့၊ ဖုန်း 02-72215, 02-31270
- အကွက် ၁(က/ခ)၊ ပြည်တော်စုလမ်းနှင့်ချင်းတွင်းလမ်းထောင့်၊ တောင်ဒဂုံစက်မှုဇုန်(၂)၊ ရန်ကုန်မြို့၊ ဖုန်း 01-594455, 01-594499, 01-591243,01-590579,09-2002255,09-5126299,01-595466
- အမှတ်(၉၇/၉၉)၊ ပါရမီလမ်းမပေါ်၊ ဗဟိုလမ်းနှင့်အင်းစိန်လမ်းမကြီးကြား၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 09-73127595
- အကွက်(၅၃/၃၂-၅၃/၃၇)၊ လေးထောင့်ကန်လမ်းမကြီး(မဲဆော်စီယာအနီး)၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 01-8550929, 09-73127594, 09-73127595

## F & B နှင့် Retail အတွက်ပြီးပြည့်စုံသည့် PioneerPOS

Tun New Technology Co., Ltd.
132,7F, Anawrahtar Road,
Botahtaung Tsp, Yangon.

+959 791 663 044 , 791 666 858
pos@tunnewtech.com




All in One Touch screen with
Build in Printer

စားသောက်ဆိုင်နှင့်ကုန်စုံဆိုင်လုပ်ငန်းများအတွက် အခမဲ့ဆွေးနွေးအကြံပေးပါသည်..

## BENHUR CO., LTD.




Show Room : No.(002/003/004), Business Twin Tower(B),
Damazedi Road, Sanchaung Police Station, Sanchaung Township, Yangon.
Tel : 01-516659, 505139, 516807, 539853, Fax : 01-516660
Gmail : benhur 1112@gmail.com
Head Office : (1/40)Kanaung Min Thar Gyi St., Hlaingthayar Zone(1),
Hlaingthayar Township, Yangon.
Tel : 01-682283, 682289, 682076, 684164, 682674, 687957,
Fax : 01-684090, 684068,
Email : benhursteel@myanmar.com.mm, benhurpipe@myanmar.com.mm,
benhur@myanmar.com.mm

KS Petrol

## Kyaw San Co., Ltd.






Address: No.D(69), Kan Tharyar Street, F.M.I CITY,
Hlaing Tharyar Township, Yangon. Tel : 95-1-371227, Fax : 377860
E-mail: kyawsankzd@gmail.com

# ခတ်ဆီ/ဒီဇယ်

## ဒီတစ်ပတ် ဒီဇယ်၊ ခတ်ဆီစုစုပေါင်းတန်ချိန် ၅၀၀ကျော်ဝင်

အောက်တိုဘာ ၁၆ ရက်မှ ၂၂ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ ကန်ဒေါ်လာ ၁၅၂၄၁၁၉၆ တန်ဖိုးရှိ ဒီဇယ် ၂၇၀ ဒသမ ၉၉၃ တန်နဲ့ ကန်ဒေါ်လာ ၁၁၆၇၁၇၃၇ တန်ဖိုးရှိခတ်ဆီ ၂၆၂ ဒသမ ၃၂၆ တန်ကိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဒီဇယ်အဝင်တန်ချိန် ၉၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၁၇၀ကျော် ပိုမိုတင်သွင်းနိုင်ခဲ့သလို ယခင်သီတင်းပတ် ခတ်ဆီအဝင်မှာ တန်ချိန် ၁၂၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၁၄၀ နီးပါး ပိုမိုတင်သွင်းနိုင်ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်ရောခတ်ဆီပါ အဝင်ပိုခဲ့ပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၆၆၅၂၅၂ တန်ဖိုးရှိ ဒီဇယ် တန်ချိန် ၁၄၀၀၊ မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၉၁၅၄၅၄ တန်ဖိုးရှိ ဒီဇယ်၁၉၁၅ တန်၊ မြဝတီ ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၉၅၅၈ တန်ဖိုးရှိ ခတ်ဆီ ၁၄တန်ကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်မှာ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ အဆင့်မြင့် ဒီဇယ်နဲ့ ဒီဇယ်မှာ ဈေးနည်းနည်းမြင့်လာပြီး အောက်တိန်း (92)နဲ့ (95)မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ၆၅၀ ကျပ်၊ အောက်တိန်း (92) ၆၄၀ ကျပ်၊ အောက်တိန်း (95) ၆၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၈၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာအရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ အောက်တိုဘာ ၂၄ ရက်မှာ ဒီဇယ်ဝယ်ဈေး ၁၂၈၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၀၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ပြီး အောက်တိုဘာ ၂၆ ရက်တွင် ဝယ်ဈေး ၊ ရောင်းဈေး ၁၀၀၀ ကျပ်ဈေးကျပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ရင် ဝယ်ဈေး၊ ရောင်းဈေး ၃၀၀၀ ကျပ်ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ခတ်ဆီဈေးမှာ အောက်တိုဘာ ၂၄ ရက်တွင် ဝယ်ဈေး ၁၂၆၀၀၀ ကျပ် ၊ ရောင်းဈေး ၁၂၉၀၀၀ ကျပ် နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ အောက်တိုဘာ ၂၆ ရက်တွင် ဝယ်ဈေး ၁၂၈၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၀၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပ လက်လီတစ်ဂါလန်ဈေးများမှာ ဒီဇယ်တစ်ဂါလန် ၂၇၀၀ ကျပ်၊ ခတ်ဆီတစ်ဂါလန် ၂၈၀၀ ကျပ်နဲ့အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် ခတ်ဆီဈေးငြိမ်နေသော်လည်း ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးနည်းနည်းမြင့်လာတယ်လို့သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ ခတ်ဆီ တစ်လီတာ၆၄၅ ကျပ်၊ ဒီဇယ် ၆၀၀ကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၉၀ကျပ်၊ အောက်တိန်း (92) ၆၉၀ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါဈေးများမှာ အောက်တိုဘာ ၂၄ရက် မှာ ဒီဇယ်ဝယ်ဈေး ၁၃၀၀၀၀ကျပ်၊ ရောင်းဈေး ၁၃၃၀၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ အောက်တိုဘာ ၂၆ ရက်တွင် ဝယ်ဈေး ၁၃၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၅၀၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ခတ်ဆီဈေးမှာ အောက်တိုဘာ ၂၄ ရက်တွင် ဝယ်ဈေး ၁၃၀၀၀၀ကျပ်၊ ရောင်းဈေး ၁၃၃၀၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီ ဆိုင်များတွင် တစ်ဂါလန် ဈေးမှာ ဒီဇယ် ၂၈၀၀ကျပ်၊ ခတ်ဆီ ၂၈၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ခတ်ဆီ၊ ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ ဈေးများမှာ ခတ်ဆီ တစ်ဂါလန် ၃၀၀၀ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၈၈၀ကျပ် ၊အောက်တိန်း တစ်ဂါလံ ၂၉၂၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီတစ်ဂါလန် ၃၁၀၀ကျပ်၊ ဒီဇယ် တစ်ဂါလန် ၂၉၀၀ ကျပ်၊ အောက်တိန်း တစ်ဂါလန် ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ခတ်ဆီ၊ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်ဂါလံဈေးနှုန်းများမှာခတ်ဆီတစ်ဂါလန် ၃၀၀၀ကျပ်၊ ဒီဇယ်တစ်ဂါလံ ၂၉၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ပြင်ပ လက်လီဆိုင်များမှာ ခတ်ဆီတစ်ဂါလန် ၃၁၀၀ကျပ်၊ ဒီဇယတစ်ဂါလန် ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**MIRT-DOT**

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 24 - October | 17.53 | 2278.75 | 1649.31 | 4715.87 | 937.00 |
| 25 - October | 17.63 | 2384.93 | 1680.00 | 4782.18 | 945.00 |
| 26 - October | 17.77 | 2387.62 | 1693.66 | 4787.55 | 966.00 |
| 27 - October | 17.58 | 2376.64 | 1694.11 | 4792.26 | 960.00 |
| 28 - October | 17.65 | 2401.73 | 1715.84 | 4859.46 | 969.00 |

Source:kitco.com

## အဝယ်လိုက်နေသဖြင့် ပြည်တွင်းငွေလဲနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိ

ယခုတစ်ပတ်အတွင်းပြည်တွင်း ငွေလဲနှုန်းများသည် ဆက်လက်မြင့်တက်လျက်ရှိနေကြောင်း ငွေလဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ဈေးကွက်အတွင်း အဝယ်လိုက်နေသဖြင့် ဈေးများ ဆက်လက်မြင့်တက်နေခြင်းဖြစ်ကြောင်း၊ ဗဟိုဘဏ်ကလည်း ယခင်ကကဲ့သို့ ထိန်းချုပ်ထားနိုင်ခြင်း အားနည်းနေသဖြင့် ဈေးကွက်အတွင်း လိုအပ်သလောက်ဝယ်ယူ၍မရနိုင်ခြင်းကြောင့်လည်း ဈေးတက်နေရခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ပြည်တွင်းငွေလဲနှုန်းများ မြင့်တက်နေသဖြင့် သွင်းကုန်ပစ္စည်းများ အထူးသဖြင့် ဆေးနှင့်ဆေးပစ္စည်းများ၊ စက်သုံးဆီများ ဈေးမြင့်တက်လာသဖြင့် စားသုံးသူပြည်သူများ ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်ကို ခံစားနေကြရကြောင်း ကုန်သည်တစ်ဦးက သုံးသပ်ပြခဲ့သည်။

"ငွေလဲနှုန်းတွေ တက်လာတာ ပြည်သူတွေ ဒုက္ခရောက်တာပဲ။ အစစ အရာရာ ဈေးတွေတက်လာတယ်။ စက်သုံးဆီဈေးတက်လာတယ်။ ဆေးဝါးတွေ ဈေးတက်လာတယ်။ အဓိကက စက်သုံးဆီပဲ။ စက်သုံးဆီဈေးတက်လာတော့ ကုန်ဈေးနှုန်းက နောက်ကလိုက်တက်လာတယ်။ နောက်ဆုံးဒုက္ခရောက်ရတာ စားသုံးသူတွေပဲ။ ဒါကြောင့် ငွေလဲနှုန်းကိုတတ်နိုင်သမျှထိန်းထားပေးရင် အကောင်းဆုံးပါပဲ"ဟု အမည်မဖော်လိုသူ ကုန်သည်တစ်ဦးက သုံးသပ်ခဲ့သည်။

ပြည်တွင်းငွေလဲနှုန်းများသည် အောက်တိုဘာ ၂၄ ရက်က ရောင်းဈေး ၁၂၉၀ ကျပ်၊ ဝယ်ဈေး ၁၂၈၆ ကျပ်ရှိခဲ့ရာမှ အောက်တိုဘာ ၂၇ ရက်တွင် ရောင်းဈေး ၁၂၉၅ ကျပ်၊ ဝယ်ဈေး ၁၂၉၁ ကျပ်သို့ မြင့်တက်လာခဲ့သည်။ အောက်တိုဘာ ၂၈ ရက်တွင် အနည်းငယ်ပြန်လည်ကျဆင်းလာခဲ့ပြီး ရောင်းဈေး ၁၂၉၂ ကျပ်၊ ဝယ်ဈေး ၁၂၈၈ ကျပ်ရှိခဲ့သည်။

**မယ်သီတာ**

## ပြည်တွင်းငွေလဲနှုန်းပြန်လည်မြင့်တက်လာမှုကြောင့် ပြည်တွင်းရွှေဈေး ဆက်လက်မြင့်တက်

ယခုတစ်ပတ်တွင်း ပြည်တွင်းငွေလဲနှုန်းများ ပြန်လည်မြင့်တက်လာမှုကြောင့် ပြည်တွင်းရွှေဈေးများလည်း ဆက်လက်မြင့်တက်လာခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ပြည်တွင်းရွှေဈေးသည် တစ်ပတ်အတွင်း ကျပ်တစ်သောင်းသုံးထောင်နီးပါးအထိ မြင့်တက်လာခဲ့ခြင်းဖြစ်ပြီး ကျပ် ၈၈၀၀၀၀ သို့ မြင့်တက်ခဲ့သည်။

"ကမ္ဘာ့ရွှေဈေးက မြင့်တက်လာတယ်ဆိုပေမယ့် လဆန်းပိုင်းတုန်းကလို အများကြီး မြင့်တက်လာတာမဟုတ်ပါဘူး။ ပြည်တွင်းမှာ ငွေလဲနှုန်းက မြင့်တက်လာတဲ့အတွက် ပြည်တွင်းရွှေဈေးတွေလည်း မြင့်တက်လာရတာပါ။ ရွှေဈေးတွေ မြင့်တက်လာတော့ အရောင်းတွေ ပြန်ဖြစ်လာတယ်။ ဒိုးသမားတွေ အလုပ်ဖြစ်ကုန်တာပေါ့။ ဈေးအနိမ့်နဲ့ ဝယ်ထားတဲ့ဒိုးသမားတွေ အခုဈေးပြန်တက်လာတော့ တော်တော်လေးကို အမြတ်ရကုန်ကြတယ်။ အထည်ပိုင်းကတော့ ပုံမှန်လေးပဲ အရောင်းအဝယ်ဖြစ်ပါတယ်"ဟု ရွှေကုန်သည်ဦးစံမြင့်က ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် အောက်တိုဘာ ၂၄ ရက်ကအခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၈၆၇၀၀၀ ရှိခဲ့ရာမှအောက်တိုဘာ ၂၆ ရက်တွင် ကျပ် ၈၈၀၀၀၀ သို့ မြင့်တက်လာခဲ့သည်။ အောက်တိုဘာ ၂၈ ရက်တွင် ကျပ် ၈၇၈၀၀၀ သို့ ဈေးပြန်လည်ကျဆင်းလာခဲ့သည်။ကမ္ဘာ့ရွှေဈေးကွက်တွင် တစ်အောင်စလျှင် အောက်တိုဘာ ၂၄ ရက်က ၁၂၆၄ ဒေါ်လာရှိခဲ့ရာအောက်တိုဘာ ၂၆ရက်တွင် ၁၂၇၅ဒေါ်လာရှိခဲ့ပြီး အောက်တိုဘာ ၂၈ ရက်တွင် ၁၂၇၁ ဒေါ်လာရှိခဲ့သည်။

**မယ်သီတာ**

## MTSH ၏ အစုရှယ်ယာဈေးနှုန်းများ ပြန်လည်မြင့်တက် အမြင့်ဆုံးဈေး ကျပ် ၅၄၀၀၀ သို့ ရောက်ရှိ

ယခင်တစ်ပတ်က ဈေးငြိမ်ပြီး အရောင်းအဝယ်အေးခဲ့သည့် MTSH ၏အစုရှယ်ယာများသည် ယခုတစ်ပတ်တွင် အရောင်းအဝယ်ပြန်သွက်လာခဲ့ကာ အစုရှယ်ယာတစ်စု၏ဈေးနှုန်းမှာလည်း မြင့်တက်ခဲ့ကြောင်း သိရသည်။

MTSH ၏ အစုရှယ်ယာဈေးနှုန်းမှာ ဈေးစတင်ဖွင့်သည့် အောက်တိုဘာ ၂၄ ရက်က ကျပ် ၄၈၀၀၀ သာရှိခဲ့သော်လည်း နောက်ပိုင်းရက်များတွင် ဈေးမြင့်တက်လာခဲ့ကာ အောက်တိုဘာ ၂၈ရက်တွင် ကျပ် ၅၄၀၀၀ဖြင့် ဈေးဖွင့်ခဲ့ကာ ကျပ် ၅၁၀၀၀ ဖြင့် ဈေးပိတ်ခဲ့သည်။

"သီလဝါရဲ့အစုရှယ်ယာဈေးတွေ တက်လာတာက လုပ်ငန်းတိုးချဲ့မယ်ဆိုတဲ့လက်မှတ်ရေးထိုးလိုက်တဲ့သတင်းရယ်၊ အစုရှယ်ယာတွေကို ခွဲခြမ်းလိုက်တဲ့သတင်းကြောင့်ပါ။ MTSH ရဲ့မူလအစုရှယ်ယာဈေးနှုန်းက ကျပ်တစ်သောင်းဖြစ်ပေမယ့် အခု ခွဲခြမ်းလိုက်တဲ့အစုရှယ်ယာရဲ့တန်ဖိုးက ကျပ် တစ်ထောင်ဆိုတော့ ရှယ်ယာရဲ့တန်ဖိုးကို လျှော့ချလိုက်တယ်။ ဆိုလိုတဲ့သဘောက အရင်က ရှယ်ယာ ၁၀ စုဝယ်ထားတဲ့သူက အခုခွဲခြမ်းလိုက်တဲ့သဘောအရ အစုရှယ်ယာ ၁၀၀ ပိုင်တဲ့သဘောပေါ့။ ဒါကြောင့် ဈေးတက်သွားတာပါ။ အခု ရက်ပိုင်းမှာလည်း သီလဝါရှယ်ယာတွေ ကို အရောင်းအဝယ်ခဏရပ်ထားဦးမှာပါ"ဟု MTSH အစုရှယ်ယာကို ဝယ်ယူထားသူတစ်ဦးက ဆိုသည်။

MTSH ၏အစုရှယ်ယာများသည် ဈေးနှုန်းများ မြင့်တက်သကဲ့သို့ အရောင်း အဝယ်ဖြစ်မှုလည်း များခဲ့ကြောင်း သိရသည်။ **မယ်သီတာ**

## Currency Exchange Rate

October 28, 2016

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.32 |
| BDT | Bangladesh Taka | 78.62 |
| CAD | Canada Dollars | 1.34 |
| CNY | China Yuan Renminbi | 6.78 |
| EUR | Euro | 0.92 |
| H KD | Hong Kong Dollars | 7.75 |
| I NR | India Rupees | 66.84 |
| I DR | Indonesia Rupiahs | 13044.41 |
| JPY | Japan Yen | 105.33 |
| MYR | Malaysia | 4.19 |
| PKR | Pakistan Rupees | 104.78 |
| PHP | Philippines Pesos | 48.49 |
| RUB | Russia Rubles | 62.75 |
| SGD | Singapore Dollars | 1.40 |
| KRW | South Korea Won | 1144.78 |
| LKR | Sri Lanka Rupe | 148.52 |
| THB | Thailand Baht | 35.11 |
| GBP | United Kingdom Pounds | 0.82 |
| VND | VietnamDon | 22244.06 |

*Source : xe.com*

## World Gold Price

October, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 24 | 1261 | 1263 | 1264 |
| 25 | 1263 | 1266 | 1266 |
| 26 | 1272 | 1274 | 1275 |
| 27 | 1365 | 1367 | 1367 |
| 28 | 1370 | 1370 | 1370 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 24 -10- 2016 | 868.00 | 867.80 |
| 25 -10- 2016 | 878.50 | 878.10 |
| 26-10-2016 | 879.50 | 879.50 |
| 27-10-2016 | 877.00 | 877.00 |
| 28-10 -2016 | 876.50 | 876.40 |

## နယ်စပ်ငွေလဲလှယ်နှုန်း

အောက်တိုဘာလ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 24 | 6 .77 | 35.11 | 78.47 | 66.89 |
| 25 | 6. 78 | 34.98 | 78.54 | 66.88 |
| 26 | 6 77 | 34.99 | 78.40 | 66.78 |
| 27 | 6 .78 | 35.12 | 78.50 | 66.89 |
| 28 | 6.78 | 35.11 | 78.62 | 66.84 |

## Energy NYMEX 28-10-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 49.77 | 0.05 | 0.10 |
| Brent Crude Futr (USD/bbl) | 50.53 | 0.06 | 0.12 |
| Gasoline Rbob Fut (Cent/gal) | 148.83 | 0.12 | 0.08 |
| Natural Gas Futr (USD/MMBtu) | 3.09 | 0.02 | 0.72 |
| Heating Oil Futr (Cent/gal) | 156.81 | -0.20 | -0.13 |

## ဘိလပ်မြေ



### ဒီတစ်ပတ် ဘိလပ်မြေ အဝင်တော်တော်လေးလျော့နည်း

အောက်တိုဘာ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၅၁၄၈ တန်ဖိုးရှိ ဘိလပ်မြေ ၂၂၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်တင်သွင်းခဲ့တဲ့ ဘိလပ်မြေမှာ ထိုင်းနိုင်ငံထုတ် စိန်တံဆိပ်ဘိလပ်မြေဖြစ်ပါတယ်။ ယခင်သီတင်းပတ်တင်သွင်းခဲ့တဲ့ တန်ချိန် ၂၅၂၆၀ နဲ့နှိုင်းယှဉ်ရင် ၂၅၀၃၂ တန် လျော့နည်းတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

### ဘိလပ်မြေဈေးကွက်အရောင်းသွက်

အောက်တိုဘာ ၁၆ ရက်မှ ၂၂ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၂၂၈ တန် ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ယခင် တစ်ပတ်က ဝင်ရောက်ခဲ့တဲ့ တန်ချိန် ၂၅၂၆၀ နဲ့နှိုင်းယှဉ်ရင် တန်ချိန်၂၅၀၃၀ကျော်အဝင်လျော့ခဲ့ပါတယ်။ ဒီတစ်ပတ် နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်မှာ တန်ချိန် ၁၈၃၈၉ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန်၁၉၆၈၇ ကျော် ရှိခဲ့တာကြောင့်ဒီတစ်ပတ်မှာ တန်ချိန် ၁၂၉၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ ဘိလပ်မြေအဝင်လျော့ခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဘိလပ်မြေ အရောင်းအဝယ်ဆက်လက်ကောင်းနေတယ်လို့သိရပါတယ်။ ဒီတစ်ပတ်မှာ ဆင်(ထိုင်း)က ၁၀၀ ကျပ်ဈေးမြင့်ခဲ့ပြီး ဆင်မင်းဘိလပ်မြေက ကျပ်၁၀၀ဈေးကျခဲ့ပြီး မြင်းခေါင်းကဈေးကွက် အတွင်း ပစ္စည်းပြတ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ကျပ် ၄၅၀၀၊ မြန်မာဆင် ကျပ်၄၁၀၀၊ ဆင်(ထိုင်း) ကျပ်၆၆၀၀၊ စိန်(ထိုင်း) ကျပ် ၆၆၀၀၊ ဆင်မင်း ကျပ် ၄၁၀၀၊ ကျားခေါင်း ကျပ်၄၀၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်သွက်လာပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ကျပ်၆၄၀၀၊ အေသုံးလုံးကျပ် ၅၂၀၀၊ အပါချီ ကျပ်၄၄၀၀၊ ကမ္ဘောဇ ကျပ် ၄၀၀၀၊ နဂါး ကျပ် ၄၆၀၀၊ ဆင်(ထိုင်း)ကျပ် ၆၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဆင်(ထိုင်း)နဲ့ စိန် (ထိုင်း)က ပစ္စည်းပြတ်နေတယ်လို့ ဈေးကွက်အတွင်းမှ သိရပါတယ်။ အထိုင်ဈေးနဲ့ အရောက်ဈေးက ၁၀၀ ကျပ်ဝန်းကျင်ဈေးကွာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာ ဆင်(ထိုင်း)ကျပ် ၅၇၀၀၊ စိန်(ထိုင်း)ကျပ် ၅၄၀၀၊ ကြံ့နှစ်ကောင် (နီ) ကျပ်၄၈၀၀၊ ကြံ့နှစ်ကောင် (စိမ်း) ကျပ် ၄၅၀၀၊ မော်လမြိုင် (ဆင်) ကျပ် ၅၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်ပြီး အရောက်ဈေးအနေနဲ့ ဆင်(ထိုင်း) ကျပ် ၅၆၀၀၊ စိန်(ထိုင်း) ကျပ် ၅၃၀၀၊ ကြံ့နှစ်ကောင်(စိမ်း)ကျပ်၄၄၀၀၊ ကြံ့နှစ်ကောင် (နီ)ကျပ်၄၇၀၀ ဈေးရှိတယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

## ဓာတ်မြေဩဇာ

### မြေဩဇာတန်ချိန် ၁၄၀၀၀ကျော်တင်သွင်း

အောက်တိုဘာ ၁၆ ရက်မှ ၂၂ ရက် အထိသီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၉၆၇၉၄၀ တန်ဖိုးရှိ မြေဩဇာ ၁၄၅၉၂ ဒသမ ၂၂၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှတင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကနေဒါ နိုင်ငံမှ တန်ချိန် ၅၀၀၊ တရုတ်နိုင်ငံမှ ၇၉၇၇ ဒသမ ၅၄၄ တန်၊ ကိုရီးယားနိုင်ငံမှ ၂၃ ဒသမ ဝ၄ တန်၊ ရုရှားနိုင်ငံမှ ၁၄၂၇ ဒသမ ၃၅ တန်၊ စင်ကာပူမှ ၁၃၅၉ ဒသမ ၆၅ တန်၊ ထိုင်းနိုင်ငံမှ ၁၉၈ ဒသမ ၈၀ တန်၊ ယူကေမှ ၈၁၃ တန်နဲ့ ဗီယက်နမ်မှ ၂၂၉၂ ဒသမ ၈၄ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံနဲ့ ဗီယက်နမ်မှ အများဆုံးတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့အမျိုးအစားများမှာ ပိုတက်၊ ဖလော်ရာ၊ ကွန်ပေါင်း၊ နိုက်ထြိုဂျင်၊ အမိုးနီးယမ်းဆာလဖိတ်၊ ယူရီးယား( ကောမတ်)၊ အင်န်ပီကေ၊ ဆီလီကာနဲ့ ပိုတက်ဆီယမ်တို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းတန်ချိန် ၁၆၈၄၃ နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၂၂၅၀ ကျော် လျော့နည်းခဲ့ပါတယ်။

**သီတာဝင်း (DOT)**

### မကွေး၊ တောင်ကြီး၊ မန္တလေးမြေဆီဈေးကွက် အရောင်းအေး

အောက်တိုဘာ ၁၆ ရက်မှ ၂၂ရက်အထိ သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေဩဇာ ၁၄၅၉၂တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်က ၁၆၈၄၃ တန်ကျော်ဝင်ခဲ့တာကြောင့် ယခုတစ်ပတ်မှာ တန်ချိန် ၂၂၅၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ်မြေဩဇာအဝင်မှာ ၈၀၄၉ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၁၃၀၀၃ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၄၉၅၀ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းရောနယ်စပ်လမ်းမှပါ အဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဆောင်းသီးနှံအတွက် ဝယ်ယူလာတာကြောင့် အရောင်းအဝယ်သွက်လာပေမယ့် ယခင်တစ်ပတ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်း အဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲ-အသေး ၄၆%(ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ်၂၁၀၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ်၃၅၀၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ်၂၉၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၂၁၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၁၀၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်း ရရှိခဲ့ပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအဝယ်ပါးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ မြေဩဇာဈေးတွေမပြောင်းဘဲ ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃ (အပြာ)ကျပ် ၁၆၀၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၅၅၀၀၊ သီးစုံ (ဝါစိမ်းပြာ)ကျပ်၁၅၅၀၀၊ အာမို၁၅ ပတ်လည် ကျပ် ၃၅၅၀၀၊ အာမို၁၆း၁၆း၈ ကျပ်၃၃၅၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်)ကျပ် ၁၉၀၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ်၁၈၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ်၁၆၀၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၂၀၀၊ တီစူပါ ကျပ် ၁၉၀၀၀၊ တောင်သူမ ကျပ် ၁၅၃၀၀၊ မြားကမ္ဘာ (၁၅း၇း၈) ကျပ်၁၉၀၀၀ ၊ ဇာမဏီ ကျပ်၁၇၈၀၀ ဈေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှစုံစမ်းသိရှိ ရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ် အေးနေသလို မြေဩဇာများက ယခင်တစ်ပတ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ကမ္ဘာလုံး-တရုတ်) ကျပ် ၁၉၀၀၀၊ ယူရီးယား(ရွှေတောင်-တရုတ်)ကျပ်၁၉၇၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၀၃၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၂၅၀၀၊ ပိုးသတ်ဆေး ကျပ် ၁၉၀၀၊ တီစူပါ ၁၅ ပတ်လည်(တရုတ်) ကျပ် ၃၆၅၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ်၁၆၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၄၅၀၀၊ ပိုတက်(တရုတ်) ကျပ်၂၄၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၁၉၀၀၀၊ မြားကမ္ဘာ ကျပ် ၁၄၆၀၀ ဈေးနဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်း သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** အရောင်းအဝယ်ပါးလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ယူရီးယား(ပန်းဖူး)က ကျပ် ၈၀၀ ၊ ယူရီးယား (ရွှေတောင်)က ကျပ် ၃၀၀ ဈေးမြင့်ခဲ့ပြီး တီစူပါက ကျပ် ၁၀၀ ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၁၉၀၀၀ ၊ ယူရီးယား (ပန်းဖူး -တရုတ်) ကျပ်၁၈၉၀၀၊ တီစူပါ (GTSP ၄၆% -တရုတ်)ကျပ် ၁၇၉၀၀၊ ကွန်ပေါင်း (မြားသီးစုံ ) ကျပ်၁၄၂၀၀၊ ကွန်ပေါင်း (ပန်းသီးစုံ) ကျပ်၁၅၂၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ /နို့မှုန့်

### နို့ဆီတန်ချိန် ၅၀ နီးပါးနဲ့ နို့မှုန့်တန်ချိန် ၄၀နီးပါးဝင်

အောက်တိုဘာ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း မလေးရှားနိုင်ငံမှ ကန်ဒေါ်လာ ၄၉၈၆၃ တန်ဖိုးရှိ နို့ဆီ ၄၉ ဒသမ ၆၀၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် နို့ဆီတင်သွင်း တန်ချိန် ၂၄၈ တန်နဲ့ နှိုင်းယှဉ်ရင် ယခုတစ်ပတ်မှာ တန်ချိန်၂၀၀ နီးပါး တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၃၃၄၉၁၄ တန်ဖိုးရှိ နို့မှုန့် ၃၆ ဒသမ ၆၇ တန်ကိုလည်း တင်သွင်းခဲ့ပါတယ်။ စင်ကာပူမှ ၂၈ ဒသမ ၅၄၅ တန်နဲ့ နယ်သာလန်မှ ၈ ဒသမ ၁၂၅ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နို့မှုန့် ၂၄ တန် တင်သွင်းမှုနဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ ၅ တန်ကျော် တင်သွင်းမှုလျော့ခဲ့တယ်လို့ သိရပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၉၃၈၃ တန်ဖိုးရှိ နို့ဆီ/နို့စိမ်း ၂၁ တန်ကို တင်သွင်းခဲ့ပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၅/၁၀ မှ ၂၁/၁၀ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၈/၁၀ မှ ၁၄/၁၀ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၅၈၉.၀၀ | ၁၆၆၆.၇၀ | (-) | ၁၀၇၇.၇၀ |
| ၂။ | လွယ်ဂျယ် | ၅၄၂.၀၀ | ၂၄၀.၀၀ | (+) | ၃၀၂.၀၀ |
| ၃။ | ချင်းရွှေဟော် | ၄၅.၀၀ | - | (+) | ၄၅.၀၀ |
| ၄။ | ကန်ပိုက်တီး | ၁၅၈၉.၀၀ | ၃၂၂၇.၀၀ | (-) | ၁၆၃၈.၀၀ |
| ၅။ | တာချီလိတ် | ၈၈၂၀.၀၀ | ၅၀၀၀.၀၀ | (+) | ၃၈၂၀.၀၀ |
| ၆။ | မြဝတီ | ၆၅၅.၄၀ | ၇၈၁.၄၆ | (-) | ၁၂၆.၀၆ |
| ၇။ | ကော့သောင်း | ၃၀၆၄.၀၀ | ၈၄၀၀.၀၀ | (-) | ၅၃၃၆.၀၀ |
| ၈။ | မြိတ် | ၃၀၈၅.၀၀ | ၃၇၂.၅၀ | (+) | ၂၇၁၂.၅၀ |
| | စုစုပေါင်း | ၁၈၃၈၉.၄၀ | ၁၉၆၈၇.၆၆ | (-) | ၁၂၉၈.၂၆ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၅/၁၀ မှ ၂၁/၁၀ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၈/၁၀ မှ ၁၄/၁၀ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၆၈၄၅.၂၅၀ | ၉၆၄၃.၂၀၀ | (-) | ၂၇၉၇.၉၅ |
| ၂။ | လွယ်ဂျယ် | ၁၄၀.၂၀၀ | ၁၂၂.၀၀၀ | (+) | ၁၈.၂၀ |
| ၃။ | ချင်းရွှေဟော် | - | ၁၆.၀၀၀ | (-) | ၁၆.၀၀ |
| ၄။ | ကန်ပိုက်တီး | ၄၀၀.၀၀၀ | - | (+) | ၄၀၀.၀၀ |
| ၅။ | မြဝတီ | ၆၃၂.၈၉၅ | ၁၈၇၂.၇၄၈ | (-) | ၁၂၃၉.၈၅၃ |
| ၆။ | ကော့သောင်း | - | ၁၀၀.၀၀၀ | (-) | ၁၀၀.၀၀၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၃၁.၀၀၀ | ၁၂၅၀.၀၀၀ | (-) | ၁၂၁၉.၀၀ |
| | စုစုပေါင်း | ၈၀၄၉.၃၄၅ | ၁၃၀၀၃.၉၄၈ | (-) | ၄၉၅၄.၆၀၃ |

ခင်မိုးသူ

## မြေပဲ/နှမ်း

### မုံရွာကုန်စည်ဒိုင်သို့ မြေပဲသစ်များ စတင်ဝင်ရောက်

စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၁၆-၂၀၁၇ မြေပဲစိုက်ပျိုးရန် လျာထားဧက ၂ဒသမ၇၅ သိန်းအနက်ဧက ၂ဒသမ၈၆ သိန်းစိုက်ပျိုးခဲ့လို့ ရာခိုင်နှုန်းအားဖြင့် ၁၀၄ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့ပါတယ်။

ယခုအချိန်မှာ မြေပဲအသစ်များ စတင်ထွက်ပေါ်နေတဲ့ ချောင်းဦးမြို့နယ်၊ ဘုတလင်မြို့နယ်၊ ကနီမြို့နယ်များရှိ ကျေးရွာများမှ မုံရွာကုန်စည်ဒိုင်သို့ မြေပဲ ၂၅ ပိဿာဝင်အိတ် ၁၀၀၀ မှ ၁၅၀၀ ကြား နေ့စဉ်ဝင်ရောက်လျက်ရှိရာ ဒေသသုံးအပြင် ပြည်ပပို့ကုန်သမားများဝယ်လက်ရှိလို့ ဝင်ရောက်သမျှ မြေပဲအားလုံး အရောင်းအဝယ်ဖြစ်ကြောင်း ကုန်စည်ဒိုင်သတင်းရပ်ကွက်မှ သိရပါတယ်။

မြေပဲသစ်ပေါ်သော်လည်း ဈေးနှုန်းအတက်အကျ ပြောင်းလဲမှုမရှိဘဲ ပုံမှန်ဈေးဖြင့်သာ ရောင်းဝယ်ခဲ့ရာ မုံရွာကုန်စည်ဒိုင်၌ အောက်တိုဘာလအတွင်း မြေပဲတစ်ပိဿာ နိမ့်/မြင့် ပေါက်ဈေးနှုန်း များမှာ မြေပဲဆန်အနီ ကျပ် ၂၁၀၀-၂၁၅၀၊ မြေပဲဆီဆန် ကျပ် ၁၆၀၀-၁၆၅၀၊ မြေပဲလုံးဆန်ဖြူ ကျပ် ၁၈၀၀-၂၂၀၀ ဈေးအသီးသီးဖြင့် ရောင်းဝယ်လျက်ရှိပါတယ်။

**သန်းသန်းတင်(မုံရွာ)**

### ကုန်သွယ်ရေးဇုန်နှင့် စခန်းများမှ နှမ်းပိုမိုတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ အောက်တိုဘာ ၁၅ ရက်မှ ၂၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၆၉ သန်း တန်ဖိုးရှိ နှမ်းရောင်စုံ ၃၄၉၄ တန်ကျော် တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံတွေကတော့ နှမ်းဖြူ ၅၁၂ တန်နီးပါး၊ နှမ်းနက် ၂၈၉၄ တန်ကျော်နဲ့ နှမ်းညို ၈၈ တန် ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ၃၀၅၉ တန်ကျော် တင်ပို့ခဲ့တဲ့အတွက်လို့ ယခု တစ်ပတ်မှာ ၄၃၅ တန်ခန့် ပိုမို တင်ပို့နိုင်ခဲ့ပါတယ်။

မေလဆန်းက နှမ်းဖြူ(အခွံချွတ်)နဲ့ နှမ်းလှော် ၁၆ တန်တင်ပို့ခဲ့ပြီးနောက်ပိုင်း ယခုသီတင်းပတ်တွင် မူဆယ်မှ အမေရိကန်ဒေါ်လာ သုညဒသမ ဝ၅၁ သန်းတန်ဖိုးရှိ နှမ်းနက် ၃၂ တန် တင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ အောက်တိုဘာ ၁၅ ရက်မှ ၂၁ ရက်အထိ သီတင်းပတ်အတွင်း နှမ်းဖြူတစ်တန်ဈေး ၁၃၀၀၅၆၇ ကျပ်နဲ့ နှမ်းနက်(စမုံ)ဈေး ၂၄၃၄၇၈၃ ကျပ် ရှိတယ်လို့ သိရပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၂၀၀၀ တန်ဖိုးရှိ နှမ်းဖြူ ၁၀ တန်တင်ပို့ခဲ့ပါတယ်။

**မော်မော်အောင်**

## စားအုန်းဆီ

### တရုတ်နိုင်ငံဈေးကွက် အရောင်းကျဆင်းမှုနှင့် ပို့ကုန်အတွက် စိုးရိမ်မှုများကြောင့် မလေးရှားစားအုန်းဆီကြိုရောင်းဈေး ကျဆင်း

မလေးရှား ရင်းဂစ်တန်ဖိုး ကျဆင်းမှုကြောင့် စားအုန်းဆီရောင်းချရာတွင် အကျိုးဖြစ်ထွန်း စေနိုင်ခဲ့သော်လည်း တရုတ် ဈေးကွက်တွင် ဟင်းရွက်ဆီဈေးနှုန်းများ ကျဆင်းခြင်းနှင့် မလေးရှားပို့ကုန်လုပ်ငန်းများ ကျဆင်းခြင်းတို့ကြောင့် အောက်တိုဘာ ၂၇ ရက်က စားအုန်းဆီ ကြိုရောင်းဈေးများ ကျဆင်းခဲ့ကြောင်း ဘီရိကော်ဒါသတင်းတွင် ဖော်ပြသည်။

ဘာဆာမလေးရှား ကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) တွင် ဇန်နဝါရီအတွက် စားအုန်းဆီကြိုတင်ရောင်းချသော စံထားဈေးနှုန်းမှာ နေ့လယ်ပိုင်း ဈေးကွဲချိန်တွင် သုညဒသမ ၉ ရာခိုင်နှုန်း ကျဆင်းပြီး တစ်တန်ကို ၂၇၇၀ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၆၂ဒသမ ၆၈) နှုန်းရှိခဲ့သည်။ မွန်းတည့်ချိန်ထိ ရောင်းချခဲ့ရသည့် ပမာဏမှာ ၂၅တန်ရှိ အတွဲပေါင်း ၂၂၈၇၅ တွဲ ရှိခဲ့သည်။

မလေးရှား ရင်းဂစ်တန်ဖိုးက သုညဒသမ ၆ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ယေဘုယျအားဖြင့် ရင်းဂစ်တန်ဖိုး ကျဆင်းပါက စားအုန်းဆီဈေးနှုန်းသည် မြင့်တက်လေ့ရှိသည်။ သို့သော်လည်း အခြားငွေကြေးများဖြင့် ဝယ်ယူပါက ဈေးနှုန်းသက်သာစေသဖြင့် စားအုန်းဆီ၏ ယှဉ်ပြိုင်မှု စွမ်းရည်ကို မြင့်တက်စေသည်။ သို့သော်လည်း အောက်တို ဘာ ၂၁ရက်တွင် ဖြစ်ပေါ်ခဲ့သော အခြားအခြေအနေများကြောင့် စားအုန်းဆီ၏ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို ကျဆင်းစေခဲ့သည်။

တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင် (Dalian Commodity Exchange) တွင် စားအုန်းဆီ ကြိုရောင်းဈေးမှာ စောစောပိုင်းက ၁ ဒသမ ၄ရာခိုင်နှုန်း မြင့်တက်ခဲ့သော်လည်း နောက်ပိုင်းတွင် ပြန်လည် ကျဆင်းခဲ့သည်။ အောက်တိုဘာ ၂၇ရက် ဂရင်းနစ် စံတော်ချိန် နံနက် ၅နာရီ ၃၉မိနစ်တွင် ဒါလီယံဈေးကွက်၌ စားအုန်းဆီတစ်တန်ကို ၅၉၈၈ ယွမ် (အမေရိကန် ၈၈၃ဒသမ ၆၃) နှုန်းရှိခဲ့သည်။

"ပို့ကုန်လုပ်ငန်း ကျဆင်းမှုနဲ့ ဒါလီယံဈေးကွက်မှာ ဈေးနှုန်းတွေ ပြန်လည်ကျဆင်းခဲ့တဲ့အတွက် စားအုန်းဆီဈေးကို ထိခိုက်စေခဲ့ပါတယ်" ဟု ကွာလာလမ်ပူအခြေစိုက် ကုန်သည်တစ်ဦးက ပြောသည်။ အောက်တိုဘာ ၁ ရက်မှ ၂၅ ရက်အထိ မလေးရှားစားအုန်းဆီ တင်ပို့မှုက ယခင်ကာလတူနှင့် နှိုင်းယှဉ်ပါက ၁၀ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းပြီး ၉၉၀၉၃၉ တန်ရှိခဲ့ကြောင်း ကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့ Intertek Testing Services က အောက်တိုဘာ ၂၅ ရက်က ပြောသည်။

ယခင်နေ့က ဈေးအတက်တွင် ပုံအောရောင်းချမှုကလည်း ဈေးနှုန်းအပေါ် သက်ရောက်မှုရှိခဲ့ကြောင်း ကုန်သည်တစ်ဦးက ပြောသည်။ သို့သော်လည်း ယခုနှစ် ကျန်ကာလများတွင် စားအုန်းဆီဈေးနှုန်းတက်မည့် အလားအလာရှိသည်ဟု ခန့်မှန်းထားသည်။

"ဟင်းရွက်ဆီဈေးနှုန်းတွေက မြင့်တက်နေပါတယ်။ တရုတ်နိုင်ငံက ကုန်စည်များအတွက် ငွေကြေးပံ့ပိုး ပေးလျက်ရှိပြီး နှစ်အကုန် သိုလှောင်မှု ပမာဏကလည်း ယခင်နှစ်နဲ့ နှိုင်းယှဉ်ပါက ကျဆင်းမယ်လို့ ခန့်မှန်းရပါတယ်။ ဒီအခြေအနေတွေ အားလုံးက ဈေးနှုန်းမြင့်တက်ဖို့ အထောက်အကူ ဖြစ်စေပါတယ်"ဟု ဒုတိယ စားအုန်းဆီကုန်သည်တစ်ဦးက ပြောသည်။

စားအုန်းဆီ ထုတ်လုပ်မှု ကိန်းဂဏန်းများ ကျဆင်းခြင်း၊ တရုတ်ဟင်းရွက်ဆီဈေးနှုန်း မြင့်တက်မှု အလားအလာကနှစ်နှစ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့ခြင်းတို့ကြောင့် အောက်တိုဘာ ၂၄ရက်က စားအုန်းဆီတန်ဖိုးက မလေးရှားစားအုန်းဆီ တစ်တန်ကို ၂၈၂၂ ရင်းဂစ်နှုန်းကို ရောက်ရှိခဲ့သည်။

စားအုန်းဆီ ထုတ်လုပ်ရာတွင် အမြင့်ဆုံးနိုင်ငံများဖြစ်သော အင်ဒိုနီးရှားနှင့်မလေးရှားနိုင်ငံတို့၏ ထုတ်လုပ်မှုသည် လာမည့်နှစ်တွင် ပြန်လည် မြင့်တက်မည်ဟု ခန့်မှန်းထားသော်လည်း သီးနှံဖျက် ရာသီဥတုဖြစ်သည့် အယ်လ်နီညိုရာသီဥတုကြောင့် ယခုနှစ်တွင် ကျဆင်းမည်ဟု ခန့်မှန်းထားသည်။

**ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၂၈-၁၀-၂၀၁၆) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၅၀ | △ |
| ရန်ကုန် | ၄၃၀၀ | ၄၃၀၀ | □ | ၃၃၀၀ | ၃၃၀၀ | □ | ၁၇၂၅ | ၁၇၄၀ | △ |
| မန္တလေး | ၃၅၀၀ | ၃၂၀၀ | ▽ | ၃၀၀၀ | ၃၀၀၀ | □ | ၁၈၂၀ | ၁၈၇၀ | △ |
| ပဲခူး | ၃၈၀၀ | ၃၈၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၃၆၀၀ | ၃၆၀၀ | □ | ၃၃၀၀ | ၃၃၀၀ | □ | ၁၈၅၀ | ၁၉၀၀ | △ |
| မုံရွာ | ၃၂၀၀ | ၃၂၀၀ | □ | ၃၁၀၀ | ၃၁၀၀ | □ | ၁၈၄၀ | ၁၈၇၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |

*Source: mirt*



### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၈-၁၀-၂၀၁၆ US$/Ton

| အမျိုးအစား | အောက်တိုဘာတတိယပတ် | အောက်တိုဘာစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၇၀.၅၀ | ၆၇၃.၅၀ | △ |
| RBD P.Olein | ၆၆၇.၅၀ | ၆၉၀.၀၀ | △ |
| RBD P.Strarin | ၆၇၁.၅၀ | ၆၇၈.၀၀ | △ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၈- ၁၀ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၇၄.၇၅ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၃.၉၄ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၈၇ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၆၈ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၆.၁၁ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၄၂.၀၉ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၃၀ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၇၂၆.၃၅၂ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၈-၁၀-၂၀၁၆ နေ့ (CIF ဈေး Cloud Point 8˚C Max ၇၅၀ ဒေါ်လာနှင့် USD ဈေး ၁၂၈၅ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၈-၁၀-၂၀၁၆နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၂၈၅ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# EpfrsKd;oHk;ukefpnfrsm;wifydkYrIxdef;csKyfa&;qdkif&m tD;, lCBRN CoE Project 47 qdkif&m oiftef;zGifhyGJ

|ချိုသက်မူ|




အီးယူပရောဂျက်တစ်ခုဖြစ်သည့် ဓာတု၊ ဇီဝ၊ ဓာတ်ရောင်ခြည်နှင့် အဏုမြူ (Chemical Biological Radiological and Nuclear-CBRN) ဆိုင်ရာ နှစ်မျိုးသုံးကုန်စည်များ တင်ပို့မှုထိန်းချုပ်ရေး ( EU P2P Programme 2015-2017 on Export Control of Dual-Use Goods)ဆိုင်ရာ သင်တန်းကို နေပြည်တော်၊ Hilton Hotel တွင် အောက်တိုဘာလ ၂၄ ရက်မှ ၂၇ ရက်အထိ လေးရက်ကြာ ကျင်းပခဲ့ကြောင်း သိရပါသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး အီးယူ ပရိုဂရမ် စီမံခန့်ခွဲမှု အဖွဲ့ခေါင်းဆောင် Mr. VincentTrouve က နှုတ်ခွန်းဆက်စကားများပြောကြားကာ ဂျပန်နိုင်ငံမှ ဓာတု၊ ဇီဝ၊ ဓာတ်ရောင်ခြည်နှင့် အဏုမြူ (Chemical Biological Radiological and Nuclear-CBRN)ဆိုင်ရာ မပြန့်ပွားရေးနှင့် ပတ်သက်၍ ကျွမ်းကျင်သူ Mr Junichi Takano က ဗျူဟာမြောက်ကုန်စည် (Strategic Trade)နှင့် ပတ်သက်၍ အကျဉ်းချုပ် ရှင်းလင်းခဲ့ပါသည်။

သင်တန်းဖွင့်ပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာရှိကြီးများ တက်ရောက်ခဲ့ကြပြီး သင်တန်းသားများအနေဖြင့် ဆက်စပ်ဌာနများဖြစ်သော ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် UMFCCI တို့မှ ကိုယ်စားလှယ်များ စုစုပေါင်း ၄၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရပါသည်။

အဆိုပါသင်တန်းတွင် ဥရောပနိုင်ငံများမှ CBRN မပြန့်ပွားရေးနှင့် ပို့ကုန်ထိန်းချုပ်ရေးဆိုင်ရာ ကျွမ်းကျင်သူများ၊ မလေးရှားနိုင်ငံမှ ဗျူဟာမြောက်ကုန်စည်ထိန်းချုပ်ရေးဆိုင်ရာ ကျွမ်းကျင်သူတို့က ကုန်သွယ်ရေးထိန်းချုပ်မှုနှင့် မပြန့်ပွားရေး၊ ထိန်းချုပ်စာရင်းများ၏ ယေဘုယျဖော်ပြချက်၊ အလုံးစုံထိန်းချုပ်ရေး ( Catch All Control)၊ ဂျပန်နိုင်ငံ၏ အလုံးစုံထိန်းချုပ်ရေးပုံစံ၊ ကိုင်တွယ်၍မရသော နည်းပညာကူးပြောင်းမှု (Intangible Technology Transfer)၊ ပွဲစား (Brokering) ၊ တစ်ဆင့် ဖြတ်သန်းကုန်သွယ်ခြင်းနှင့် တစ်ဆင့်ခံ သင်္ဘောတင်ပို့ခြင်း ( Transit and Transshipment )၊ တရားမဝင် ကုန်သွယ်မှုနည်းလမ်းများနှင့် လမ်းကြောင်း၊ လိုင်စင်ဆိုင်ရာ လုပ်ထုံးလုပ်နည်း အသုံးချမှု၊ လိုင်စင်သတ်မှတ်ဆုံးဖြတ်မှု၊ နိုင်ငံတော်အဆင့်ဥပဒေပြုခြင်း၊ မလေးရှားနိုင်ငံ၏ ဗျူဟာမြောက်ကုန်သွယ်မှု ထိန်းချုပ်ရေးအကောင်အထည်ဖော်ခြင်းအတွေ့အကြုံများ၊ ဗျူဟာမြောက် ကုန်သွယ်မှုထိန်းချုပ်ရေးတွင် အကောက်ခွန်၏ အခန်းကဏ္ဍ၊ နှစ်မျိုးသုံးပစ္စည်း ကိရိယာများကို အခြေခံကုန်စည်များ သတ်မှတ်ခွဲခြားခြင်းအစရှိသည့် ဘာသာရပ် ခေါင်းစဉ်များကို ဆွေးနွေးပို့ချခဲ့ပါသည်။

ဗျူဟာမြောက် ကုန်သွယ်မှုထိန်းချုပ်ရေး (Strategic Trade Control-STC )ဖြစ်ပေါ်လာပုံနှင့် ပတ်သက်၍ ကမ္ဘာစစ်များအတွင်း နျူကလီးယားလက်နက်များကို အသုံးချခြင်းကြောင့် လူအများအပြားသေကျေ ပျက်စီးခဲ့ရသဖြင့် ၁၉၄၀ ပြည့် ဒုတိယကမ္ဘာစစ်အတွင်း ပို့ကုန်ထိန်းချုပ်မှုများကို နိုင်ငံအများအပြားမှ လက်ခံကျင့်သုံးလာခဲ့ကြောင်း၊ ၁၉၅၀ ပြည့်နှစ်များတွင် စစ်အေးကာလများအထိ ထိန်းချုပ်မှုများကို လက်ဆင့်ကမ်း သယ်ဆောင်လာခဲ့ပြီး ယင်းကာလတွင် နိုင်ငံစုံ ပို့ကုန်ထိန်းချုပ်မှုများဆိုင်ရာ ညှိနှိုင်းရေးကော်မတီ (COCOM)ကို စတင်ခဲ့ကြောင်း၊ ၁၉၇၀ ပြည့်နှစ်များအတွင်း နျူကလီးယား ထပ်ဆင့်ထုတ်လုပ်မှုများဆိုင်ရာ စိုးရိမ်ပူပန်မှုများကြောင့် ထိန်းချုပ်မှုများကို လက်ခံကျင့်သုံးလာကာ ၁၉၈၀ ပြည့်နှစ်များအတွင်း ဓာတုလက်နက်များအပေါ် စိုးရိမ်ပူပန်မှုများကြောင့် ဓာတုလက်နက်ထိန်းချုပ်မှုစတင်ကာ ယင်းနောက်တွင် ဇီဝလက်နက်ထိန်းချုပ်မှုများကိုပါ ကျင့်သုံးလာခဲ့ကြောင်း၊ ၁၉၉၀ ပြည့်နှစ်များတွင် အီရတ်၏ တရားမဝင် လျှို့ဝှက်ဆောင်ရွက်နေသည့် နျူကလီယားစီမံကိန်းကြောင့် နှစ်မျိုးသုံး ကုန်စည်များကိုပါ စတင်ထိန်းချုပ်လာခဲ့ကြောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် ပါကစ္စတန်နိုင်ငံသား AQ khan ၏ ကွန်ရက်ကို ဖော်ထုတ်မိပြီးနောက်ပိုင်းတွင် United Nations Security Council Resolution(UNSCR 1540) ကိုစတင်ကျင့်သုံးလာခဲ့ကြောင်း သိရပါသည်။

UNSCR 1540 အရ အဖွဲ့ဝင်နိုင်ငံများသည် ပို့ကုန်ထိန်းချုပ်မှုအတွက် သင့်လျော်ထိရောက်သည့်စနစ်တစ်ခု ဖော်ဆောင်ကျင့်သုံးရန်၊ နယ်စပ်ထိန်းချုပ်မှုများ ဆောင်ရွက်ရန်၊ နိုင်ငံမဲ့ပုဂ္ဂိုလ်များမှ ဓာတု သို့မဟုတ် ဇီဝလက်နက်များနှင့် ၎င်းတို့အား သယ်ဆောင်ဖောက်ခွဲနိုင်သည့် နည်းစနစ်များ ဖန်တီးထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် အသုံးပြုခြင်းလုပ်ငန်းများကို အားပေးကူညီခြင်းမှ ရှောင်ကြဉ်ရန် အစရှိသည်တို့ကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတကာမှ ပူးပေါင်းဆောင်ရွက်ပေးရန် ကုလသမဂ္ဂမှ တိုက်တွန်းထားကြောင်း၊ WMD လက်နက်များ ပြန့်ပွားခြင်းကို အဆုံးသတ်လိုသည့် သို့မဟုတ် ဟန့်တားလိုသည့် နိုင်ငံစုံ သဘောတူစာချုပ်များအား ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းနှင့် UNSCR 1540 ကော်မတီအနေဖြင့် ဖော်ပြပါ ဆုံးဖြတ်ချက်များတွင် ပါရှိသော လုပ်ငန်းစဉ်များအား လက်ခံကျင့်သုံးခြင်း ရှိ၊ မရှိကိုလည်း စိစစ်သွားမည်ဖြစ်ကြောင်း သိရပါသည်။

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ UNSCR 1540 အရ ချမှတ် ထားသော ဆုံးဖြတ်ချက် စည်းကမ်းများကို လိုက်ပါဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ လူအများကို သေကျေပျက်စီးစေနိုင်သော လက်နက်များ ပြန့်ပွားမှုကို အခြေခံစေသည့် နှစ်မျိုးသုံးကုန်စည်များ ကုန်သွယ်မှုကို ထိန်းချုပ်ရန်မှာ ကမ္ဘာကြီး ငြိမ်းချမ်းရေးကို လိုလားသော နိုင်ငံတိုင်း၏ အသိစိတ်ဖြင့် လိုက်ပါဆောင်ရွက်ရမည့်အချက်လည်း ဖြစ်ပါသည်။ ထို့အပြင် အဆိုပါကုန်ပစ္စည်းများ ကုန်သွယ်ရေး ထိန်းချုပ်မှုအားကောင်းခြင်းဖြင့် နိုင်ငံတော် လုံခြုံရေးနှင့် ငြိမ်းချမ်းတည်ငြိမ်ရေးကိုသာ အထောက်အကူပြုစေရုံသာမက နိုင်ငံ့စီးပွားရေးအကျိုးကိုလည်း ဖြစ်စေနိုင်ကြောင်း၊ ခိုင်မာစိတ်ချရသော ပို့ကုန်ထိန်းချုပ်ခြင်းဖြင့် ကုန်သွယ်ဖက်နိုင်ငံအနေဖြင့် ယုံကြည်မှု တိုးတက်လာစေပြီး နည်းပညာလွှဲပြောင်းဆောင်ရွက်နိုင်သော ပို့ကုန်မဟုတ်သည့် ယုံကြည်မှုကိုလည်း ရရှိစေနိုင်ကြောင်း သိရပါသည်။

ယခုသင်တန်းသည် အီးယူပရိုဂရမ်အရ ယင်းတို့၏ ကုန်သွယ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုတွင် ဒုတိယအဆင့်ဖြစ်ကြောင်း၊ ပထမအဆင့်အနေဖြင့် CBRN Project 47 နှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ကျင်းပခဲ့ပြီးနောက် နောက်ဆက်တွဲလုပ်ငန်းစဉ်အနေဖြင့် ပို့ကုန်ထိန်းချုပ်မှုဆိုင်ရာ ဥပဒေပြဋ္ဌာန်းရန်အတွက် မူကြမ်းပြင်ဆင်ခြင်း၊ အကောက်ခွန် သို့မဟုတ် လိုင်စင်ဆိုင်ရာ အရာထမ်းများအတွက် သင်တန်းများကျင်းပပေးခြင်း အစီအစဉ်ဖြစ်ကြောင်း သိရပါသည်။ ဆက်လက်၍လည်း မြန်မာနိုင်ငံအနေဖြင့် UNSCR 1540 ကို လိုက်ပါဆောင်ရွက်ရန်အတွက် လိုအပ်သော ဥပဒေကြမ်းပြုစုခြင်း၊ နှစ်မျိုးသုံးကုန်စည်ထိန်းချုပ်စာရင်းများ သတ်မှတ်ခြင်း၊ လက်တွေ့အကောင်အထည်ဖော်ခြင်းကဏ္ဍများတွင်လည်း အီးယူမှ EU Outreach Programme on Dual-Use Goods Export Control အစီအစဉ်ဖြင့် အကူအညီ အထောက်အပံ့များ ဆက်လက်ပေးသွားမည်ဟု ဆွေးနွေးခဲ့ကြောင်း သိရပါသည်။ ■

## tBuJyLpmrsm; zdwfac:jcif;

မြန်မာနိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုလုပ်ငန်းသည် အရေးပါသော အခန်းကဏ္ဍမှပါဝင်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် အပတ်တကုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ချောမွေ့စေရေးအတွက် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို စာဖတ်သူများထံမှ အကြံပြုချက်များအား ဖိတ်ခေါ်ပါသည်။ ပေးပို့လာသော အကြံပြုချက်များကို သက်ဆိုင်ရာများ သိရှိနိုင်စေရန်အတွက် ဂျာနယ်တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

အကြံညဏ်များကိုပေးပို့ရာတွင် အမည်၊ မှတ်ပုံတင်နှင့် နေရပ်လိပ်စာကို ဖော်ပြပေးရမည်ဖြစ်ပြီး အဆိုပါ ကိုယ်ရေးအချက်အလက်များကို ဖော်ပြသွားမည်မဟုတ်ပါ။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူအရေအတွက် တိုးမြှင့်ရေးနှင့် ပေးလှူလိုသော ဆန္ဒမြင့်မားလာစေရေးအတွက် ဟောင်ကောင်တွင် လူထုလှုပ်ရှားမှု အသစ် စတင်ဆောင်ရွက်

ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူ အရေအတွက် တိုးမြှင့်ရေးနှင့် ပေးလှူလိုသော ဆန္ဒမြင့်မားလာစေရေးတို့အတွက် မီးရထားဘူတာရုံ ၁၅ ရုံတွင် လူထုလှုပ်ရှားမှု အသစ် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးဌာနက ပြောကြားခဲ့သည်။ တစ်ချိန်တည်းမှာပင် ဆေးရုံအာဏာ ပိုင်များကလည်း လူနာတစ်ဦးအတွက် အစားထိုးကုသစေနိုင်ရန် အခြားလူနာ တစ်ဦးဘက်မှအင်္ဂါလှူဒါန်းမည်ဖြစ်ပြီး၊ အခြားသူ၏ လူနာအတွက် အစားထိုး ကုသနိုင်ရေး ထိုလူနာဘက်မှ အပြန် အလှန် အင်္ဂါလှူဒါန်းရန်ဆန္ဒရှိသော အလှူရှင်များရှိလာချိန်တွင် အသက် များစွာ ကယ်တင်နိုင်မည်ဖြစ်သည့် အတွက် အပြန်အလှန်လဲလှယ် အစား ထိုးခွဲစိတ်ကုသရေး (Cross Transplantation) အား ၂၀၁၇ ခုနှစ် အစောပိုင်းတွင် စတင်နိုင်ရန် ဟောင်ကောင်၌ ပြင်ဆင်ခဲ့သည်။

ကိုယ်အင်္ဂါ အစိတ်အပိုင်း လှူဒါန်းမှု မှတ်ပုံတင်ရေး လူထုလှုပ်ရှားမှုအား ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းမှုမြှင့်တင်ရေး ကော်မတီကဦးစီး၍ ဒီဇင်ဘာလ ၃၁ ရက်အထိ လမ်းမများတွင် အလွယ်တကူ မှတ်ပုံတင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းမှု အတွက် ပြည်သူများအနေဖြင့် 3S အား သိရှိဆောင်ရွက်စေရန် ကျန်းမာရေးအကာအကွယ်ပေးရေးစင်တာ Leung Ting hung က တိုက်တွန်းခဲ့သည်။ 3S မှာ မှတ်ပုံတင်ရန်အတွက် လက်မှတ်ထိုးပါ (Sign up at the Register)၊ သင်၏ဆန္ဒအား မိသားစုဝင်များအား ပြောပြပါ (Speak out your wish to family)၊ အခြားသူများကိုလည်း ဖြန့်ဝေစည်းရုံး၍ အခြားသူများ၏ လှူဒါန်းမှုမြှင့်တက်ရန် ဆောင်ရွက်ပါ (Spread out to people and get their support) ဖြစ်သည်။ ဟောင်ကောင်တွင် လူနာ ၂၀၀၀ ခန့်မှာ အသက်ရှင်သန်နိုင်ရန် ဒုတိယအခွင့်အလမ်းအဖြစ် အလှူရှင်အား စောင့်ဆိုင်းနေကြကြောင်း၊ အင်္ဂါလှူဒါန်းခြင်းမှာ သေဆုံးသောသူနှင့်လူနာရှင်နှစ်ဦးလုံးအတွက် ဘဝသစ်ကိုပေးအပ်ခြင်းဖြစ်ကြောင်း၊ ယမန်နှစ် မေက အဆိုပါကော်မရှင်ကို အဖွဲ့အစည်းပေါင်း ၁၈၀၏ ထောက်ပံ့မှုဖြင့် တည်ထောင်ခဲ့ရာ ယခုအခါတွင် အလှူရှင်အရေအတွက် ပိုမိုများပြားလာခဲ့ကြောင်း၊ ထို့ပြင်ဗဟိုကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းရေး မှတ်ပုံတင်ဌာနသို့လာရောက်လှူဒါန်းသူပေါင်းမှာလည်း ၂၄၀၀၀ အထိမြင့်တက်ခဲ့ကြောင်း ကျန်းမာရေးဌာနက ပြောကြားခဲ့သည်။

လေ့လာမှုစစ်တမ်းအရ ဟောင်ကောင်ပြည်သူများမှာ လူတစ်ရာ လျှင် ၅၃ ဦးမှာ သေဆုံးပြီး နောက်အင်္ဂါလှူဒါန်းရန် ဆန္ဒရှိကြပြီး၊ ယခုနှစ်စက်တင်ဘာလအထိ အရွယ်ရောက်သူတစ်ရာတွင် သုံးဦးသာမှတ်ပုံတင်သေးကြောင်း၊ အစားထိုးကုသမှုပုံစံသစ်အားတရားဝင်အကြံပေးတင်ပြသွားမည်ဖြစ်ပြီး လက်ရှိဥပဒေနှင့် မဆန့်ကျင်ဘဲ အတည်ပြုချက် ရရှိပါက လူနာများ အသင်း၊ ဆေးပညာဆိုင်ရာ ကဏ္ဍ၊ ပြည်သူတို့နှင့် ၂၀၁၇ အစောပိုင်းတွင် တိုင်ပင်ဆွေးနွေးသွားမည်ဖြစ်သည်။

Cross Transplantation အား စိတ်ဝင်စားသော အလှူရှင်နှင့် လူနာများအား မှတ်တမ်းကောက်ယူ အတည်ပြုသွားမည်ဖြစ်သည်။ ၎င်းကုသမှုမှာ လူနာနှစ်ဦးလုံး အကျိုးကျေးဇူး ရှိစေမည်ဖြစ်ပြီး၊ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နှင့် ဩစတြေးလျတို့တွင် ကောင်းစွာကျင့်သုံးနေပြီဖြစ်ကြောင်း သိရှိရပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# ပြည်ပနိုင်ငံများသို့ တရုတ်တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ၅၀ ရာခိုင်နှုန်းကျော် မြင့်တက်

တရုတ်နိုင်ငံ၏ ပြည်ပသို့ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှာ နှစ်စဉ်တိုးတက်လျက်ရှိရာ ယခုနှစ် ပထမသုံးလပတ်၌ အမေရိကန်ဒေါ်လာ ၁၃၄ ဒသမ ၂၂ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး ၅၃ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားပါသည်။ ယခုနှစ် စက်တင်ဘာလအထိ ကိုးလအတွင်း တရုတ်ကုမ္ပဏီများက အမေရိကန်ပြည်ထောင်စုတွင် လုပ်ငန်း ၁၁၉ ခုအပါအဝင် Merger & Acquisition Project ၅၂၀ ခု ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ Merger & Acquisition များအနက် နိုင်ငံပေါင်း ၆၇ နိုင်ငံမှ ကုမ္ပဏီကြီး ပေါင်း ၁၈ ခုလည်းပါဝင်ပါသည်။ ယင်း Merger & Acquisition လုပ်ငန်းပေါင်း ၅၂၀ ခု၏ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၄၄ ဘီလီယံရှိခဲ့ရာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက များစွာတိုးတက်ခဲ့ကြောင်း ဆက်လက်ဖော်ပြထားပါသည်။

ယခုနှစ် ကိုးလအတွင်း တရုတ်ကုမ္ပဏီများသည် အဆင့်မြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ သတင်းအချက်အလက် နည်းပညာဝန်ဆောင်မှုလုပ်ငန်းများကို ပြည်ပနိုင်ငံများတွင် အများ ဆုံးရင်းနှီးမြှုပ်နှံခဲ့ပါသည်။ အထူးသဖြင့် The Belt & Road လမ်းကြောင်း တစ်လျှောက်ရှိ ၆၁ နိုင်ငံနှင့် စက်မှု နည်းပညာဆိုင်ရာ သဘောတူစာချုပ် ၄၁၉၁ ခု၊ တန်ဖိုးအား ဖြင့် အမေရိကန်ဒေါ်လာ ၇၄ ဒသမ ၅၆ ဘီလီယံကို လက်မှတ် ရေးထိုးခဲ့ကြောင်း သိရှိရပါသည်။ အမေရိကန်ပြည်ထောင်စု၊ ကေးမန်ကျွန်းနိုင်ငံနှင့် ဟောင်ကောင်တို့မှာ တရုတ်ပြည်မကြီး၏ အဓိကရင်းနှီးမြှုပ်နှံမှုပြုရာဒေသ သုံးခုဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၂၄ ဘီလီယံ၊ ၁၅ ဒသမ ၇၁ ဘီလီယံနှင့် ၉ ဒသမ ၃၂ ဘီလီယံ အသီးသီး ရှိပါသည်။ ပြည်ပနိုင်ငံများသို့ ရင်းနှီးမြှုပ်နှံရာ၌ ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း ပုဂ္ဂလိကနှင့် ပြည်သူပိုင်ကဏ္ဍမှ ၈၆ ဒသမ ၆ ရာခိုင်နှုန်း ပါဝင်ကြောင်းလည်း ဖော်ပြထားပါသည်။

တရုတ်နိုင်ငံအနေဖြင့် အာဖရိက နိုင်ငံများဖြစ်သည့် နိုက်ဂျီးရီးယား၊ အီသီယိုးပီးယားစသည့် နိုင်ငံများ၌ ရထားလမ်းဆက်သွယ်ဖောက်လုပ်မှု စီမံကိန်းများပြုလုပ်နေခြင်းကြောင့် တရုတ်မှ ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်ကိရိယာများ၊ လျှပ်စစ်ထုတ်လုပ်မှု ဆိုင်ရာစက်ပစ္စည်းများ၊ ဆက်သွယ်ရေး ကိရိယာများ တင်ပို့မှုမြင့်တက်ခဲ့ပါသည်။ တရုတ်ကုမ္ပဏီများအနေဖြင့် ပြည်ပနိုင်ငံများ၌ ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံ၏ ရေရှည်စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအတွက် အရေးပါသည်ကို ပိုမိုနားလည်လာကြောင်း ပေကျင်းအခြေစိုက် China and Globalization Center မှ ညွှန်ကြားရေးမှူး Mr. Wang Huiyao က ပြောကြားထားပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

# ဟောင်ကောင်အစိုးရက လူနေအိမ်ရာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် တိုးမြှင့်ဆောင်ရွက်

အိမ်ရာမလုံလောက်မှု ပြဿနာဖြေရှင်းနိုင်ရေး၊ လူနေအိမ်ရာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများပိုမို အပန်းဖြေနိုင်ရန်အတွက် မြေယာများအား ယခင်စီမံလျာထားချက်မှ လူနေအိမ်ရာ တိုးမြှင့်ဖော်ထုတ်ရေးအတွက် ဟောင်ကောင်အစိုးရက ပြန်လည်သတ်မှတ်ခဲ့သည်။ အစိုးရ၏ နောက်ဆုံး ပြင်ဆင်သတ်မှတ်ခဲ့သော စီမံကိန်းအရ ယခင်အစီအစဉ်ထက် ၃၀ ရာခိုင်နှုန်း တိုးမြှင့်ခဲ့သည့်အတွက် တိုက်ခန်းပေါင်း ၁၀၉၀၀ ထပ်မံတိုးလာခဲ့ပြီး စုစုပေါင်း ၄၉၉၀၀ အထိ ထောက်ပံ့နိုင်မည်ဖြစ်ကာ လူဦးရေပေါင်း ၁၃၄၀၀၀ အား နေရာချထားပေးနိုင်မည်ဖြစ်သည်။

လေယာဉ်ပြေးလမ်း၊ ဟိုတယ်၊ လူနေအိမ်ယာနှင့် ပြည်သူများအပန်းဖြေနားနေမှုအတွက် ယခင် Kai Tak လေဆိပ်ဟောင်းနှင့် ကောင်းလွန်းမြို့နယ်ရှိ ဟက်တာ ပေါင်း ၃၂၀ ပေါ်တွင် တည်ဆောက်သွားမည်ဖြစ်သည်။ ကုန်သွယ်ရေးဇုန်နှင့် လူနေအိမ်ယာဇုန်တို့၏ တည်ရှိပြီး မြေယာအချိုး ၃ ဒသမ ၄ နှင့် ၅ ဒသမ ၉ မှ လူနေအိမ်ယာနှင့် ကုန်သွယ်ရေးတို့အတွက် ၆ ဒသမ ၅ အထိတိုးမြှင့်ခဲ့သည်။ အဆောက်အဦ၏ အမြင့်မှာ နောက်ထပ် မီတာ ၂၀ မှ ၂၅မီတာအတွင်း ပိုမြင့်လာ မည်ဖြစ်သည်။ လူနေအိမ်ရာအတွက် ယခင်က ၃၆ ဟက်တာသာ ခွဲဝေချထားခဲ့သော်လည်း ယခုအခါ ခြောက်ဟက်တာ တိုးမြှင့်ခဲ့ပြီး စုစုပေါင်း ၄၂ ဟက်တာတွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# အိန္ဒိယကုမ္ပဏီများ၏ ထုတ်ကုန်များ ဈေးကွက် ပိုမိုရရှိစေရမည်ဟု တရုတ် အခိုင်အမာပြောကြား

အိန္ဒိယနိုင်ငံအနေဖြင့် အာရှ၌ အင်အားကြီးနိုင်ငံကြီးဖြစ်သည့် တရုတ်နိုင်ငံနှင့်ကုန်သွယ်မှုပြုရာ၌ ဖြစ်ပေါ်လျက်ရှိသော လိုငွေကွာဟချက်မြင့်မားနေခြင်းအား ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန် အိန္ဒိယထုတ်ကုန်များ ဈေးကွက်ပိုမိုရရှိစေမည်ဟု တရုတ်ဘဏ္ဍာရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဒုတိယဝန်ကြီး Wang Shouwen က အခိုင်အမာ ပြောကြားထားကြောင်း၊ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် တရုတ်နိုင်ငံသို့ အိန္ဒိယ၏ ပို့ကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ကိုးဘီလီယံသာရှိခဲ့ပြီး၊ သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၇ ဘီလီယံရှိခဲ့ကြောင်း၊ သို့ဖြစ်၍ ကုန်သွယ်မှု လိုငွေမှာ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၇ ဘီလီယံအထိ ရှိခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် ၎င်း၏ပို့ကုန်များ (အထူးသဖြင့် ဆန်နှင့် ဆေးဝါးထုတ်ကုန်ပစ္စည်းများ) တရုတ်နိုင်ငံ၌ ဈေးကွက်ပိုမိုရရှိရေး ကြိုးစားလျက်ရှိပြီး တရုတ်နိုင်ငံတွင် စီးပွားရေးအခွင့်အလမ်းများ ရှာဖွေလျက်ရှိသည့် အိန္ဒိယကုမ္ပဏီများကို အဟန့်အတားဖြစ်စေမည့် အချိန်ဆွဲကြန့်ကြာနေသည့် စိစစ်အတည်ပြုခြင်း လုပ်ထုံးလုပ်နည်းများအပေါ် စိုးရိမ်ပူပန်ကြောင်းကို အိန္ဒိယကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး နီမားလား ဆီသာရာမန်က ထုတ်ဖော်ပြော ကြားခဲ့ကြောင်း၊ တရုတ်ဝန်ကြီးကလည်း ၎င်းတို့အနေဖြင့် အိန္ဒိယဆေးဝါးထုတ်ကုန် ပစ္စည်းများ တင်သွင်းရာ၌ သွင်းကုန်ရှင်းလင်းရေး လုပ်ငန်းစဉ်များကို များမကြာမီကပင် လျင်မြန်စွာဖြင့် ခွင့်ပြုပေးလျက်ရှိကြောင်း၊ Regional Comprehensive Economic Partnership အစည်းအဝေးကျင်းပသည့် အခါ၌လည်း တရုတ်နိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဖြစ်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်အနေ ဖြင့် ဝန်ဆောင်မှုကဏ္ဍများကိုပါက ထည့်သွင်းဆွေးနွေးရေး အိန္ဒိယနိုင်ငံ၏ အလေးထားမှုများ အတိုင်းဆောင်ရွက်သွားမည်ဟု ကတိပေးပြောကြားခဲ့ကြောင်း သိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၈–၁၀–၂၀၁၆)

မြင့်ဆွေ

## ပြည်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးကျ

ယခုတစ်ပတ် ပြည်ဈေးကွက်မှာ မတ်ပဲနဲ့ပဲစင်းငုံနီတို့ ဈေးကျပြီး ကုလားပဲဖြူ(လုံးကြီး) ဈေးတက်လာပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိသာ ကို ၂၂၇၅ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိသာကို ၂၂၂၅ ကျပ် (တစ်တန် ၁၃၆၂၅၆၈ ကျပ်) ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်ပိသာကိုကျပ် ၁၆၅၀ မှ ယခုတစ်ပတ်မှာ တစ်ပိသာကိုကျပ် ၁၆၀၀ (တစ်တန် ၉၇၉၈၂၄ ကျပ်)အထိ ဈေးကျခဲ့ပါတယ်။ ပဲတီစိမ်းဈေးကွက်မှာ ယခင်တစ်ပတ်က အတိုင်းဈေးအပြောင်းအလဲမရှိဘဲ တစ်ပိသာကျပ် ၁၄၀၀ (တစ်တန် ၈၅၇၃၄၆ ကျပ်)နဲ့ ဆက်လက်ရောင်းချခဲ့ပါတယ်။ ယခင်တစ်ပတ်မှာ ကုလား ပဲဖြူ(လုံးကြီး) တစ်ပိသာကို ၂၁၇၅ ကျပ်နဲ့ ရောင်းချခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိသာကိုကျပ် ၂၂၅၀ (တစ်တန် ၁၃၇၇၈၇၇ ကျပ်)အထိဈေးတက်လာပါတယ်။ ပဲမျိုးစုံ တစ်ရက်ကို အိတ် ၆၀၀ ကျော်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးကျ

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိသာကို ၃၂၀ ကျပ်နဲ့ ရောင်းဝယ်ခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိသာကို ၃၀၀ကျပ် (တစ်တန် ၁၈၃၇၁၇ ကျပ်)အထိဈေးကျခဲ့ပါတယ်။ဈေးကျခဲ့သော်လည်းယခုတစ်ပတ်မှာ ယခင်တစ်ပတ်ထက် အရောင်းအဝယ်အေးပြီး ပိသာချိန် ၉၀၀၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်ကမူဆယ်သိုလှောင်ရုံများတွင် ပြောင်းများစုပုံနေသဖြင့် လားရှိုးဘက်မှ ပြောင်းများအရောင်းအဝယ်အေးနေတယ်လို့ သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာပြောင်းဈေးအနည်းငယ်ကျ

ယခုတစ်ပတ် တောင်ကြီး ဈေးကွက်မှာ ပြောင်းဈေး အနည်းငယ်ကျခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိသာကို ကျပ် ၂၉၀ မှ ယခုတစ်ပတ်မှာကျပ် ၂၈၀ (တစ်တန် ၁၇၁၄၆၉ ကျပ်) အထိကျခဲ့ပါတယ်။ ယခုတစ်ပတ်ဈေးကွက်အတွင်း အစာစပ်စက်ရုံနှင့် မန္တလေးကုန်သည်များက ဝယ်ယူမှုနည်းပါးသဖြင့် ယခင်တစ်ပတ်ထက် လျော့နည်းပြီးပိသာချိန် ၉၀၀၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီဈေးကျ

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးတို့ကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ/RC တစ်တန်ကိုကျပ် ၁၄၅၁၀၀၀မှ ယခုတစ်ပတ်မှာကျပ် ၁၄၂၀၀၀၀ အထိလည်းကောင်း၊မတ်ပဲFQ/RC တစ်တန်ကို ယခင်တစ်ပတ်က ကျပ် ၁၅၂၄၀၀၀ မှ ကျပ် ၁၄၈၀၀၀၀ အထိလည်းကောင်းဈေးကျခဲ့ပါတယ်။ ပဲစင်းငုံနီဈေးကွက်မှာ ယခင်တစ်ပတ်က တစ်တန်ကိုကျပ်၁၀၅၂၅၀၀ မှ ယခုတစ်ပတ်မှာ ကျပ် ၁၀၂၅၀၀၀ အထိဈေးကျခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း ဘင်္ဂလားပင်လယ်အော်မှာ ဖြစ်ပေါ်နေတဲ့ ဆိုင်ကလုံးမုန်တိုင်းကြောင့် အိန္ဒိယသို့ ပဲတင်ပို့မှု နည်းခဲ့ပြီး ဈေးကျဆင်းခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးကျ

မူဆယ်ဈေးကွက်မှာ ယခင်တစ်ပတ်ကတရုတ်ဈေးကွက်အတွင်း အဖမ်းအဆီးများကြောင့် တင်ပို့မှုရပ်ဆိုင်းခဲ့ပြီး ယခုတစ်ပတ်မှာတော့ အရောင်းအဝယ် ပုံမှန်ပြန်ဖြစ်နေတယ်လို့သိရပါတယ်။ ယခင်တစ်ပတ်က ပြောင်းကီလို ၅၀ အိတ်တစ်အိတ်ကို ၇၁ ယွမ်နဲ့ ၇၆ ယွမ်ကြားရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၆၇ ယွမ်မှ ယွမ် ၇၀ (တစ်တန် ၁၃၄၀ ယွမ်မှ ၁၄၀၀ ယွမ်)အထိ ဈေးကျခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း တရုတ်သို့ ပြောင်းပြန်လည်တင်ပို့နေပြီး တန် ၁၅၀၀၀ ကျော်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးအနည်းငယ်ကျ

ယခုတစ်ပတ် ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေး အနည်းငယ်ကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိသာကို ၂၂၆၀ ကျပ်ဈေးရှိခဲ့ရာမှ တစ်ပိသာကို ၂၂၅၀ကျပ် (တစ်တန် ၁၃၇၇၈၇၇ ကျပ်)ထိဈေးကျဆင်းခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း ပဲစိုက်တောင်သူများက တက်ဈေးကိုစောင့်နေသဖြင့် ဈေးကွက်အတွင်း အရောင်းအဝယ်အေးနေပြီး တစ်ရက်ခြားအိတ် ၈၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာကုလားပဲဖြူ(လုံးကြီး)ဈေးတက်ပြီး ပဲစင်းငုံနီဈေးကျ

ယခုတစ်ပတ် ပခုက္ကူဈေးကွက်မှာ ကုလားပဲဖြူ(လုံးကြီး) ဈေးတက်ပြီး ပဲစင်းငုံနီဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က ကုလားပဲဖြူ(လုံးကြီး)တစ်ပိသာကို ကျပ် ၂၂၆၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိသာကိုကျပ် ၂၃၇၀(တစ်တန် ၁၄၅၁၃၆၄ ကျပ်)အထိတက်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲစင်းငုံနီ ဈေးကွက်မှာ ယခင်တစ်ပတ်က တစ်ပိသာကို ကျပ် ၁၆၅၀မှ ယခုတစ်ပတ်မှာ တစ်ပိသာကို ၁၆၂၅ ကျပ် (တစ်တန် ၉၉၅၁၃၄ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း ဈေးကွက်သို့ ကုလားပဲ(929) တစ်ပိသာကို ၂၂၄၅ ကျပ် (တစ်တန် ၁၃၇၄၈၁၆ ကျပ်) ပဲတီစိမ်းတစ်ပိသာကို ၁၄၇၅ ကျပ် (တစ်တန် ၉၀၃၂၇၅ ကျပ်) နဲ့ နေ့စဉ်အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲစင်းငုံနီ၊ ကုလားပဲနဲ့ ပဲတီစိမ်းတို့ ဈေးတက်

ယခုတစ်ပတ် မကွေးဈေးကွက်မှာ ပဲစင်းငုံနီ၊ ကုလားပဲနဲ့ ပဲတီစိမ်းတို့ ဈေး တက်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိသာကို ၁၅၇၅ ကျပ်ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ကျပ် ၁၆၀၀ (တစ်တန် ၉၇၉၈၂၄ ကျပ်)၊ ယခင်တစ်ပတ်က ကုလားပဲ တစ်ပိသာကို ၂၁၀၅ ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိသာကို၂၂၄၀(တစ်တန်၁၃၇၁၇၅၄ကျပ်)၊ယခင်တစ်ပတ်က ပဲတီစိမ်း တစ်ပိသာကို ကျပ် ၁၂၁၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိသာကို ကျပ် ၁၄၂၀ (တစ်တန် ၈၆၉၅၉၄ ကျပ်)နဲ့ အသီးသီးဈေးမြင့်ခဲ့ပါတယ်။ နှမ်းဈေးကွက်မှာတော့ ယခင်တစ်ပတ်က နှမ်းနက် တစ်ပိသာကို ၂၇၃၅ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိသာကိုကျပ် ၂၇၆၀ (တစ်တန် ၁၆၉၀၁၉၆ ကျပ်)နဲ့ ဈေးတက်ပြီး အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ နှမ်းညိုကယခင်တစ်ပတ်က ရောင်းခဲ့တဲ့ တစ်ပိသာကျပ် ၁၄၇၀ (တစ်တန် ၉၀၀၂၁၃ ကျပ်) နဲ့ ဆက်လက်ပြီးဈေးငြိမ်နေပါတယ်။ နှမ်းဖြူဈေးကွက်မှာ ယခင်တစ်ပတ်က တစ်ပိသာကိုကျပ် ၂၁၈၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိသာကို ကျပ် ၂၁၆၀ (တစ်တန် ၁၃၂၂၇၆၂ ကျပ်) နှမ်းနက် စမုံဈေးကွက်မှာ ယခင်တစ်ပတ်က တစ်ပိသာကို ၃၄၄၅ ကျပ် ဖြင့်အရောင်းအဝယ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိသာကိုကျပ် ၃၂၉၀ (တစ်တန် ၂၀၁၄၇၆၃ ကျပ်) နှမ်းနီဈေးကွက်မှာ ယခင်တစ်ပတ်က တစ်ပိသာကို ကျပ် ၂၀၉၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိသာကို ကျပ် ၂၀၇၀ (တစ်တန် ၁၂၆၇၆၄၇ ကျပ်)နဲ့ အသီးသီးဈေးကျခဲ့တယ်လို့ သိရပါတယ်။

## အောင်လံဈေးကွက်မှာ ပဲတီစိမ်းနဲ့ ကုလားပဲ (ဟော်လန်) တို့ ဈေးတက်

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ပဲတီစိမ်းနဲ့ကုလားပဲ (ဟော်လန်)တို့ ဈေးတက်ပြီး ပဲစင်းငုံနီကဈေး ကျခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း တစ်ပိသာကို ၁၃၇၅ ကျပ်ဈေး ရှိခဲ့ရာမှ ယခုတစ်ပတ်မှာကျပ် ၁၄၀၀ (တစ်တန် ၇၅၇၃၄၆ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ကုလားပဲ(ဟော်လန်)က ယခင်တစ်ပတ်က တစ်ပိသာကို ၂၁၂၅ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိသာကိုကျပ် ၂၂၀၀ (တစ်တန် ၁၃၄၇၂၅၈ ကျပ်)အထိ ဈေးတက်ခဲ့ပါတယ်။ ပဲစင်းငုံနီကတော့ ယခင်တစ်ပတ်မှာ တစ်ပိသာကို ၁၆၂၅ ကျပ် မှ ယခုတစ်ပတ်မှာ တစ်ပိသာကို ၁၅၇၅ ကျပ် (တစ်တန်ကို ၉၆၄၅၁၄ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲမျိုးစုံနေ့စဉ်အိတ် ၃၀၀ ခန့် ရောင်းချခဲ့ရပါတယ်။ နှမ်းဈေးကွက်မှာ နှမ်းနက်ရိုးရိုးဈေး အနည်းငယ်တက်ပြီး နှမ်းနီနဲ့သိပ္ပံနှမ်းတို့ ဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က နှမ်းနက်ရိုးရိုးတစ်ပိသာကို ၂၇၇၈ ကျပ်ဈေး ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိသာကိုကျပ် ၂၇၈၀ (တစ်တန် ၁၇၀၂၄၄၄ ကျပ်)နဲ့ ဈေးအနည်းငယ်တက်ခဲ့ပါတယ်။ ယခင်တစ်ပတ်က နှမ်းနီတစ်ပိသာကို ၂၀၅၆ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ကျပ် ၂၀၀၀ (တစ်တန် ၁၂၂၄၇၈၀ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ သိပ္ပံနှမ်းက ယခင်တစ်ပတ်က တစ်ပိသာကို ၃၅၁၁ ကျပ်ဖြင့် ရောင်းဝယ်ခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိသာကို ၃၃၃၅ ကျပ် (တစ်တန် ၂၀၄၂၃၂၀ ကျပ်) အထိ ဈေးကျခဲ့ပါတယ်။ နှမ်းမျိုးစုံတစ်နေ့ကို အိတ် ၅၀၀ ခန့် ရောင်းချခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ ပဲနှင့် နှမ်းတို့ ဈေးအနည်းငယ်ကျ

ယခုတစ်ပတ် မန္တလေး ဈေးကွက်အတွင်း မတ်ပဲ၊ ပဲတီစိမ်းနဲ့ နှမ်းနက်စမုံတို့ဈေး အနည်းငယ်ကျခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိသာကိုကျပ် ၂၃၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ယခုတစ်ပတ်မှာ ၂၂၈၃ ကျပ် (တစ်တန် ၁၃၉၈၀၈၆ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲတီစိမ်းဈေးကွက်မှာ ယခင်တစ်ပတ်က တစ်ပိသာကို ၁၅၆၄ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိသာကို ၁၄၉၃ ကျပ် (တစ်တန် ၉၁၄၂၉၈ ကျပ်)အထိ ဈေးကျခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ကုလားပဲဖြူ(လုံးကြီး) တစ်ပိသာကို ၂၃၇၆ ကျပ် (တစ်တန် ၁၄၅၅၀၃၉ ကျပ်)နဲ့ ဈေးကွက် ဝင်လာပြီး အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း ပဲဈေးများကျသော်လည်း တစ်နေ့ကို အိတ် ၃၀၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ နှမ်းနက်စမုံက ဈေးကျပြီး ယခင်တစ်ပတ်က တစ်ပိသာကို ၃၆၆၇ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ယခုတစ်ပတ်မှာတစ်ပိသာကို ၃၃၇၈ ကျပ် (တစ်တန် ၂၀၆၈၆၅၃ ကျပ်)နဲ့ နေ့စဉ်အိတ် ၄၅၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲတီစိမ်း၊ ပဲစင်းငုံနီနဲ့ မတ်ပဲတို့ဈေးကျ

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ ပဲတီစိမ်း၊ပဲစင်းငုံနီ၊မတ်ပဲတို့ အရောင်းအဝယ်အေးပြီး ဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိသာကို ၂၁၂၅ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိသာကိုကျပ် ၂၀၅၀ (တစ်တန် ၁၂၅၅၄၀၀ ကျပ်)နဲ့ အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ပဲတီစိမ်းဈေးကွက်မှာ ယခင်တစ်ပတ်က တစ်ပိသာကို ၁၄၄၇ ကျပ်ဖြင့် အရောင်းအဝယ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိသာကို ၁၃၉၅ ကျပ် (တစ်တန် ၈၅၄၂၈၄ ကျပ်)ထိဈေးကျခဲ့ပါတယ်။ ပဲစင်းငုံနီက ယခင်တစ်ပတ်က တစ်ပိသာကို ကျပ် ၁၇၀၀ နှုန်းရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိသာကို ၁၆၂၅ ကျပ် (တစ်တန် ၉၉၅၁၃၄ ကျပ်) အထိဈေးကျခဲ့ပါတယ်။ ပြည်ပအဝယ်ရှိတဲ့ ကုလားပဲဖြူ(လုံးကြီး)က ယခင်တစ်ပတ်က တစ်ပိသာကို ၂၂၈၉ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိသာကို ၂၄၂၁ ကျပ် (တစ်တန် ၁၄၈၂၅၉၆ ကျပ်)အထိ ဈေးတက်ခဲ့တယ်လို့ သိရပါတယ်။

# Fair Trade ကို ဆောင်ရွက်ပြီး အမေရိကန် GSP အခွင့်အရေးကို ရယူကြစို့

**Admin - Mg**



အမေရိကန်နိုင်ငံက မြန်မာနိုင်ငံအား ယေဘုယျ အကောက်ခွန် သက်သာခွင့်စနစ် (Generalized System of Preference – GSP) အခွင့်အရေးကို ၂၀၁၆ ခုနှစ် ၊ နိုဝင်ဘာလ ၁၃ ရက်မှစတင်၍ ပြန်လည်ပေးအပ်တော့မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ရရှိလာမယ့် GSP အခွင့်အရေးကို အသုံးချပြီး ကုန်သွယ်မှုများကို ဆောင်ရွက်ရာမှာ အကျိုးကျေးဇူးတွေ အခွင့်အလမ်းတွေသာမက စိန်ခေါ်မှုများနဲ့လည်း ရင်ဆိုင်ရမှာဖြစ်ပါတယ်။

## ယေဘုယျ အကောက်ခွန် သက်သာခွင့်စနစ် (Generalized System of Preference – GSP) ဆိုတာဘာလဲ

ယေဘုယျအကောက်ခွန်သက်သာခွင့်စနစ် (GSP)ဆိုသည်မှာ သတ်မှတ် အရည်အသွေးနဲ့ ကိုက်ညီတဲ့ ပို့ကုန် ပစ္စည်းများကို ဖွံ့ဖြိုးဆဲနိုင်ငံများ (အခွင့်အရေး လက်ခံရရှိ သောနိုင်ငံ)က ဖွံ့ဖြိုးပြီး နိုင်ငံများ (အခွင့်အရေးပေးသောနိုင်ငံ) ရဲ့ ဈေးကွက် အတွင်းသို့ တင်ပို့ရာမှာ အလွယ်တကူ ဝင်ရောက်လာနိုင်စေရန် စီမံပေးခြင်း ဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ဆိုသော် ဖွံ့ဖြိုးဆဲနိုင်ငံများမှ တင်ပို့သော သတ်မှတ် ကုန်ပစ္စည်းများအပေါ်တွင် GSP အခွင့်အရေးပေးသည့် ဖွံ့ဖြိုးပြီး စက်မှုနိုင်ငံကြီးများမှ ပုံမှန်ကောက်ခံနေကျ အကောက်ခွန်နှုန်းထားထက် အကောက်ခွန် လျှော့ပေါ့(သို့မဟုတ်) ကင်းလွတ် ကောက်ခံသော စနစ်ပင် ဖြစ်ပါတယ်။

## GSP ၏ ရည်မှန်းချက်

ဖွံ့ဖြိုးဆဲနိုင်ငံများ အထူးသဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများ အား GSP ပေးအပ်ရာတွင် ပြည်ပပို့ကုန်ဝင်ငွေ တိုးတက်စေရန်၊ စက်မှုလုပ်ငန်း တိုးတက်စေရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း မြင့်မားစေရန်တို့အတွက် ရည်မှန်း၍ ပေးအပ်တာ ဖြစ်ပါတယ်။

## GSP စနစ်ပေါ်ပေါက်လာပုံသမိုင်းကြောင်း

၁၉၆၄ခုနှစ်က ကျင်းပခဲ့တဲ့ ပထမအကြိမ် (United Nations Conference on Trade and Development–UNCTAD) ညီလာခံမှ စတင်ကာ ဖွံ့ဖြိုးဆဲနိုင်ငံများမှ တင်ပို့တဲ့ ပို့ကုန်ပစ္စည်းများကို ဖွံ့ဖြိုးပြီး နိုင်ငံများရဲ့ ဈေးကွက်သို့ အလွယ်တကူ ဝင်ရောက်နိုင်စေရန်အတွက် အကောက်ခွန် အခွင့်အရေးများပေးရန် အလေးထားဆွေးနွေးခဲ့ကြပြီး ၁၉၆၈ ခုနှစ်က အိန္ဒိယနိုင်ငံမှာ ကျင်းပခဲ့တဲ့ ဒုတိယအကြိမ် ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုညီလာခံ (United Nation Conference on Trade and Development –UNCTAD) အစည်းအဝေးမှ ဖော်ထုတ်လိုက်တဲ့ အစီအစဉ်ဖြစ်ပြီး ၁၉၇၁ ခုနှစ်မှာ စတင်အကောင်အထည်ဖော်ခဲ့တဲ့ စနစ်တစ်ခု ဖြစ်ပါတယ်။

GSP အစီအစဉ်များအရ အကြမ်းဖျဉ်း အကောက်ခွန် ကင်းလွတ်ခွင့်ပြုသော ကုန်ပစ္စည်းများတွင် စက်မှုထွက်ကုန် ပစ္စည်းများ (Manufactured and Semi – manufactured Products)၊ လယ်ယာထွက်ကုန်ပစ္စည်းများ (Agricultural Products)နဲ့ လက်မှုအနုပညာ ပစ္စည်းများ (Handicrafts) ပါဝင်ပါတယ်။

## အမေရိကန်နိုင်ငံရဲ့ GSP အစီအစဉ်နဲ့ မြန်မာနိုင်ငံ

အမေရိကန်ပြည်ထောင်စုအနေဖြင့် GSP အစီအစဉ်ကို ၁၉၇၄ ခုနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး နှစ်စဉ်ပြန်လည်သုံးသပ်ခြင်းများ ပြုလုပ်ကာ ထွက်ပေါ်လာသော ရလဒ်များနဲ့ ပြောင်းလဲလာတဲ့ စီးပွားရေး ဝန်းကျင်ကိုအခြေခံကာ ပြင်ဆင်ဖြည့်စွက်ခြင်းများ ပြုလုပ်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံမှ ပေးအပ်တဲ့GSP အစီအစဉ်မှာ အကျိုးခံစားခွင့် ရရှိခဲ့သော်လည်း ၁၉၈၉ ခုနှစ် မှ စတင်ပြီး အကြောင်းအမျိုးမျိုးကြောင့် အခွင့်အရေးများကို ဆိုင်းငံ့ခဲ့ပါတယ်။

## အမေရိကန်နိုင်ငံရဲ့ GSP အခွင့်အရေး ပြန်လည်ရရှိအောင် မြန်မာနိုင်ငံအနေနဲ့ ဆောင်ရွက်ခဲ့မှု အဆင့်ဆင့်

အမေရိကန်ပြည်ထောင်စုမှ ခွင့်ပြုသည့် ယေဘုယျ အကောက်ခွန် သက်သာခွင့် GSP အစီအစဉ်မှာ ပြန်လည် ပါဝင်ခံစားနိုင်ဖို့ GSP ဆပ်ကော်မတီ အစီအစဉ်နဲ့ အမေရိကန်နိုင်ငံ ဝါရှင်တန် ဒီစီမြို့ရှိ အမေရိကန်နိုင်ငံ ကုန်သွယ်ရေး ကိုယ်စားလှယ်ရုံး (Office of the U.S Trade Representative - USTR) ၌ မြန်မာနိုင်ငံအနေဖြင့် အမေရိကန်က ပေးအပ်တဲ့ GSP အခွင့်အရေးကို ပြန်လည်ရရှိရေးဆိုင်ရာ Public Hearing ကြားနာမှု အစီအစဉ်ကို ၂၀၁၃ခုနှစ် ၊ မေလ ၄ ရက်မှ ၅ ရက်အထိ ကျင်းပခဲ့ပါတယ်။ အဲဒီ ကြားနာမှုအစီအစဉ်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး ဦးဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး ၎င်းအစီအစဉ်ရဲ့ နောက်ဆက်တွဲ အစီအစဉ်အရ မြန်မာနိုင်ငံအနေဖြင့် GSP ပြန်လည်ရရှိရေးအတွက် အလုပ် သမားအခွင့်အရေး (Worker Rights) ၊ ကလေး အလုပ်သမား (Child Labor)၊ ဉာဏပစ္စည်း မူပိုင်ခွင့် (Intellectual Property Rights – IPR) စတဲ့ ကဏ္ဍသုံးရပ်အပေါ် ပြည်တွင်း အကောင် အထည်ဖော်မှု ( မူဝါဒ ၊ ဥပဒေ ၊ လုပ်ထုံးလုပ်နည်း) ဆိုင်ရာ တိုးတက်မှုနဲ့ လက်ရှိဆောင်ရွက်နေမှုများအား အစီရင်ခံစာ တင်သွင်းဖို့ လိုအပ်တဲ့အတွက် စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာ ဘာသာရပ် တာဝန်ခံ ဝန်ကြီး ဌာနများကို စုစည်း၍ ၂၀၁၃ခုနှစ်၊ ဇွန်လ ၂၅ရက်မှာ ပထမအကြိမ် အစီရင်ခံစာကို တင်သွင်းခဲ့ပါတယ်။

အဆိုပါ အစီရင်ခံစာမှာ ပါရှိတဲ့ ကဏ္ဍသုံးရပ်အပေါ် ပြည်တွင်းအကောင်အထည်ဖော်မှု (မူဝါဒ၊ ဥပဒေ၊ လုပ်ထုံး လုပ်နည်း)ဆိုင်ရာ လက်ရှိဆောင်ရွက်မှု အခြေအနေများ အပေါ် အစီရင်ခံစာ ထပ်မံတင်သွင်းရန် တောင်းဆိုလာတဲ့အတွက် အဆိုပါကဏ္ဍများမှာ အစိုးရရဲ့ တိုးတက်အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ အချက်အလက်များကို ထပ်မံဖြည့်စွက်ပြီး ၂၀၁၄ခုနှစ်၊ ဧပြီလ ၁၅ရက်မှာ ဒုတိယ အကြိမ်မြောက် အစီရင်ခံစာကို တင်သွင်းခဲ့ပါတယ်။

အဲဒီအစီရင်ခံစာတွေအပေါ် ၂၀၁၄ခုနှစ်၊ ဧပြီလ ၁၆ ရက်မှာ အမေရိကန်နိုင်ငံရှိသက်ဆိုင်ရာ ဌာနများက မြန်မာ နိုင်ငံသို့ GSP အခွင့်အရေး ပြန်လည်ပေးအပ်ရေးဆိုင်ရာ ကိစ္စရပ်များနဲ့ ပတ်သက်၍ သုံးသပ်ခဲ့ပါတယ်။ ဒါပေမဲ့ အလုပ်သမားဆိုင်ရာ ကိစ္စရပ်များနဲ့ပတ်သက်ပြီး နောက်ဆုံးဖြစ်ပေါ် တိုးတက်မှု အခြေအနေများကို ထပ်မံ တောင်းခံလာတဲ့အတွက် နောက်ဆုံးအကြိမ် အစီရင်ခံစာကို သတ်မှတ်ရက်ဖြစ်တဲ့ ၂၀၁၄ခုနှစ်၊ မေလ ၂၂ ရက်မတိုင်မီ အမေရိကန်နိုင်ငံ ကုန်သွယ်ရေး ကိုယ်စားလှယ်ရုံးသို့ ပေးပို့ခဲ့ပါတယ်။

၂၀၁၃ခုနှစ် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လက်ထက်မှ စတင်၍ အမေရိကန်နိုင်ငံရဲ့ GSP အခွင့်အရေးကို ပြန်လည် အကျိုးခံစားခွင့်ရရှိရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခု အစိုးရ သစ်လက်ထက်အထိ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲ ဆောင်ရွက်နိုင်ခဲ့မှုများအပေါ် အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်မှ စတင်၍ အမေရိကန်နိုင်ငံ၏ GSP အခွင့်အရေး ပြန်လည် အကျိုးခံစားခွင့် ပြုမည်ဖြစ်ပါတယ်။

**ဆက်လက်ဖော်ပြပါမည်။**

# မယ်စဲ့နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းစတင်ဖွင့်လှစ်



ဘောလခဲခရိုင်၊ မယ်စဲ့နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၇ ရက်က မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်း ကုန်စစ်စင်ရှေ့တွင်ကျင်းပပြုလုပ်ခဲ့ရာ ကယားပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနဝန်ကြီး၊ စီပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် ပြည်နယ်အဆင့် သက်ဆိုင်ရာဌာနများမှတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပါတယ်။

အဆိုပါဖွင့်ပွဲအခမ်းအနားတွင် ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ကယားပြည်နယ်ဟာ သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝတဲ့အတွက်စီးပွားရေး အခွင့်အလမ်းကောင်းမွန်ပါကြောင်း၊ မြန်မာနိုင်ငံနဲ့ ဒုတိယ နယ်စပ်ကုန်သွယ်မှုအများဆုံးမှာ ထိုင်းနိုင်ငံဖြစ်တဲ့အတွက် သူတို့နိုင်ငံရဲ့ဈေးကွက်ကိုလည်းဆုပ်ကိုင်နိုင်ဖို့အရေးကြီးပါကြောင်း၊ ယခင်အစိုးရလက်ထက်ကတည်းက နယ်စပ် ကုန်သွယ်ရေး လမ်းကြောင်း ဖွင့်လှစ်ရန် ဆောင်ရွက်ခဲ့တဲ့ ဒေသဖြစ်ပါကြောင်း၊ ယခု အစိုးရသစ်လက်ထက်မှာ တနင်္သာရီတိုင်းဒေသကြီးက မောတောင်နှင့် ထီးခီးနယ်စပ် ကုန်သွယ်ရေးစခန်းလိုပဲ နှစ်နိုင်ငံ MOU လက်မှတ်ရေးထိုးခြင်း မရှိဘဲ မိမိတို့ဘက်ခြမ်းက နိုင်ငံတော်နဲ့ ပြည်နယ်အခွန်ရရှိ ဖို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း ဖွင့်နိုင်ရေးကို အစဉ်တစိုက်ကြိုးစားလာခဲ့ခြင်းဖြစ်ပါကြောင်း၊ ပြည်နယ်အတွင်းမှ လုပ်ငန်းရှင်များ တရားဝင်ကုန်သွယ်မှုလမ်းကြောင်းနဲ့ ဆောင်ရွက်နိုင်ဖို့အတွက် မိမိတို့ပြည်နယ်အစိုးရမှယခုလို စီစဉ်ရခြင်းဖြစ်ပါကြောင်း ပြောကြားခဲ့ပါတယ်။

မယ်စဲ့ကုန်သွယ်ရေးလမ်း ကြောင်းသည် ထိုင်းနိုင်ငံနှင့် ထိစပ်နေသည့် လမ်းကြောင်း တစ်ခုဖြစ်ရာ ယခုကဲ့သို့ နယ်စပ်ကုန်သွယ်မှု လမ်းကြောင်းအား တရားဝင်ဖွင့်လှစ်လိုက်တဲ့အတွက် ထိုင်းနိုင်ငံနှင့်ကုန်သွယ်မှုပြုရာတွင် ကုန်သွယ်မှု အခွင့်အလမ်းများ ပိုမိုတိုးတက်များပြားလာနိုင်မှာ ဖြစ်ပါတယ်။

**မြို့ရိ(ကယား)**

## ကြီးကြပ်ဆောင်ရွက်မှုများကြောင့် မိုင်းယု ဒေသတွင် တရားမဝင် ကုန်သွယ်မှုများ လျော့နည်းလျက်ရှိ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင် ရောင်းချရာ၌ ကုန်ပစ္စည်းများ တရားမဝင် သယ်ဆောင်မှုမရှိစေရေး အတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ စီစဉ်ညွှန်ကြားမှုဖြင့် ဩဂုတ်မှစ၍ ကြီး ကြပ်ရေး အဖွဲ့များ ဖွဲ့စည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မိုင်းတုံ၊မိုင်းဆတ်နှင့် တာလေ၊ ကျိုင်းလပ် ဒေသများတွင် စိုက်ပျိုးထွက်ရှိသော ရော်ဘာနှင့်စပါးများအား မိုင်းယုဒေသမှ တစ်ဆင့် ယခင်က တရားမဝင် တင်ပို့လျက်ရှိခဲ့ရာမှ ယခုအခါ ၂၀၁၆ ဩဂုတ်လ ၂၈ ရက်မှစ၍ ပြည်နယ်အစိုးရ အစီအစဉ်ဖြင့် ဌာနစုံကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းကာ မိုင်းယုတံတားမှနေ၍ ပစ္စည်းဝင်/ထွက်မှုများအား တားဆီး ဆောင်ရွက်လျက်ရှိသဖြင့် မိုင်းယုမှ တရားမဝင် သွားလာမှုများ လျော့နည်းသွားပြီဖြစ်ကြောင်း သိရသည်။ ယခုအခါ တစ်သျှူးငှက်ပျောနှင့် ရော်ဘာစေးတို့အား မိုင်းယုရှိကုန်သည်များက ပို့ကုန်လိုင်စင်လျှောက်ထား၍ တရားဝင် တင်ပို့လျက်ရှိသည့်အပြင် ဘိလပ်မြေများကိုလည်း သွင်းကုန်လိုင်စင်များဖြင့် ပြန်လည်တင်သွင်းလျက်ရှိကြောင်း သတင်းရရှိပါသည်။

**အေးမြင့်**

## မူဆယ်ရော၊ လွယ်ဂျယ်မှပါ သကြားလျော့နည်းတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်၊ ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာ ၁၅ ရက်မှ ၂၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၆ ဒသမ ၁၄၆ သန်းတန်ဖိုးရှိ သကြား ၁၁၁၆၂ တန်ခွဲ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၉၈၄၁ တန်ခွဲနဲ့ နှိုင်းယှဉ်ရင် ၈၆၇၉ တန် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။ ယခုတစ်ပတ် ချင်းရွှေဟော်မှ သကြားတင်ပို့မှု မရှိဘဲ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၁၆၅၀၀ တန်ဖိုးရှိ သကြားတန် ၃၀ တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်တွင် သကြားတစ်တန်လျှင် ၉၁၅၈၀၀ ကျပ်ခန့်အထိ ဝယ်ယူရပြီး တစ်ဖက်နိုင်ငံတွင် ၅၀ ကီလို တစ်အိတ်လျှင် ၂၄၀-၂၄၁ ယွမ်ဈေး ရရှိကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ ယခုတစ်ပတ်တွင် အမေရိကန်ဒေါ်လာ ၈၁၂၃၅၀ တန်ဖိုရှိ သကြား ၁၄၇၇ တန် တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၂၆၃၆ တန်တင်သွင်းခဲ့လို့ ယခုတစ်ပတ် မြဝတီမှ သကြား ၁၁၅၉ တန် လျော့နည်း တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## တမူးကုန်သွယ်ရေးစခန်းရဲ့ စက်တင်ဘာ ကုန်သွယ်မှု လျာထားချက်ထက် ကျော်လွန်

တမူး ကုန်သွယ်ရေးစခန်းရဲ့ စက်တင်ဘာအတွက် လျာထားချက်မှာ ပို့ကုန် အမေရိကန်ဒေါ်လာ သုံးသန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ တစ်သန်း ရှိခဲ့ရာ စုစုပေါင်း ကုန်သွယ်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ လေးသန်း ဖြစ်ပါတယ်။ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၃၃ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၅၅၉ သန်းထိ ရရှိအောင် ဆောင်ရွက်နိုင်တဲ့အတွက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅၉၂ သန်း ဆောင်ရွက်ခဲ့ပါတယ်။ ကုန်သွယ်မှု လျာထားချက်ထက် ကျော်လွန်ဆောင်ရွက်နိုင်ခြင်းမှာ ၁၁၄ ဒသမ ၈၀ ရာခိုင်နှုန်း ဖြစ်တဲ့အတွက် တမူးကုန်သွယ်ရေး စခန်းအနေဖြင့် လျာထားချက် ကျော်လွန်အောင် ဆောင်ရွက်ခဲ့ပါတယ်။

တမူး ကုန်သွယ်ရေးစခန်းရဲ့ စက်တင်ဘာ ကုန်သွယ်မှုကို အနီးစပ်ဆုံး ကာလနဲ့ နှိုင်းယှဉ်ပါက ပို့ကုန် အမေရိကန်ဒေါ်လာ သုညဒသမ ၁၇၄၂ သန်း လျော့နည်းခဲ့သော်လည်း ယမန်နှစ် ကာလတူနဲ့ နှိုင်းယှဉ်ပါက ပို့ကုန် အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၅၅၅ သန်း ပိုမိုတာတွေ့ရပြီး သွင်းကုန်အနေဖြင့်လည်း ယမန်နှစ် ကာလတူအောက် သွင်းကုန် အမေရိကန်ဒေါ်လာ သုညဒသမ ၁၅၉၀သန်း လျော့နည်းခဲ့သော်လည်း အနီးစပ်ဆုံး ကာလထက် အမေရိကန်ဒေါ်လာ သုည ဒသမ ၁၂၃၉ သန်း ပိုမိုခဲ့တယ်လို့ ကုန်သွယ်ရေးစခန်းမှ သိရပါတယ်။

တမူးကုန်သွယ်ရေးစခန်းက စက်တင်ဘာအတွင်းမှာ လျာထားချက် ကျော်လွန်အောင် ဆောင်ရွက်နိုင်ခြင်းမှာ လစဉ် ကုန်သွယ်မှု လျာထားချက် ပြည့်မီရေးအတွက် ကုန်သွယ်ရေးဦးစီးဌာန (ရုံးချုပ်)ရဲ့ ညွှန်ကြားချက်နဲ့အညီ ခရိုင်စီမံခန့်ခွဲမှု ကော်မတီ၏ အနီးကပ် ပူးပေါင်းကြီးကြပ် ပံ့ပိုး မှုနှင့် ဒေသရှိ ဆက်စပ်ဌာနဆိုင်ရာများ၊ OSS ဌာနများနဲ့ ကလေး-တမူး- ကလေးဝ နယ်စပ် ကုန်သည်များအသင်း ကုမ္ပဏီ လုပ်ငန်းရှင်များနဲ့ ပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်တယ်လို့ သတင်း ရရှိပါတယ်။

**ခင်မိုးသူ**

## အိန္ဒိယနိုင်ငံသို့ ကွမ်းသီးတင်ပို့မှု လျော့ကျ

မြန်မာအိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အောက်တိုဘာ ၁၅ ရက်မှ ၂၁ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၉၇၂ သန်းတန်ဖိုးရှိ ကွမ်းသီး ၁၀၅၇ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် က ၁၂၉၀ တန် တင်ပို့ခဲ့တာမို့ ယခုတစ်ပတ်မှာ တန် ၂၃၀ ကျော်လျော့နည်း တင်ပို့ခဲ့တယ်လို့ ကုန်သွယ်ရေး စခန်းများမှ သိရပါတယ်။

တင်ပို့မှု အခြေအနေကိုကြည့်ပါက တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၆၄ သန်းတန်ဖိုးရှိ ကွမ်းသီးတန် ၅၉၀ ကျော်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၀၈ သန်း တန်ဖိုးရှိတန် ၄၆၀ ကျော်ကို အသီးသီးတင်ပို့ခဲ့တယ်လို့ ကုန်သွယ်ရေးစခန်းများမှ သိရပါတယ်။

တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၁၉၆ သန်းတန်ဖိုးရှိ နန့်ဖာလုံကုန်စုံ စီးကရက်နဲ့ ပဲပုပ်စေ့တို့ကို တင်ပို့ ခဲ့ပြီး ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၀ သန်း တန်ဖိုးကို စောင်၊ မဝတ်တီရှပ်၊ မစီးဖိနပ်တို့ကိုလည်း တင်ပို့ခဲ့တယ်လို့ သတင်း ရရှိပါတယ်။

**ခင်မိုးသူ**

## စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေချိုငါးမြစ်ချင်းနဲ့ ငါးနီတူခြောက် တန် ၇၀ ကျော်တင်ပို့

စစ်တွေကုန်သွယ်ရေး စခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အောက်တိုဘာ ၁၅ ရက်မှ ၂၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၈၄ သန်းတန်ဖိုးရှိ ရေချိုငါးမြစ်ချင်း ၈၁ တန်နဲ့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၃ သန်းတန်ဖိုးရှိ ငါးနီတူခြောက်(ခေါင်းပါ) နှစ်တန်ခန့်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ရေထွက်ကုန်ပစ္စည်းများ တင်ပို့နိုင်ခြင်း မရှိဘဲ ယခုတစ်ပတ်မှသာ ပြန်လည်တင်ပို့တာ တွေ့ရပါတယ်။

စစ်တွေ ကုန်သွယ်ရေးစခန်းမှ ရေချိုငါးမြစ်ချင်းနဲ့ ငါးနီတူခြောက်များ အပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၉ သန်းတန်ဖိုးရှိမန်ကျည်းစေ့ တန် ၃၈၀၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၃ သန်းတန်ဖိုးရှိ ဆီးယိုထုပ် တန် ၇၀၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၂ သန်းတန်ဖိုးရှိ ဆီးဖတ် ၁၈ တန်၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၄ သန်းတန်ဖိုးရှိ ဆီးသီးခြောက်တန် ၂၅၀ နဲ့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၇ သန်းတန်ဖိုးရှိ ပိတ်စ ၃၇ တန်ကိုလည်း တင်ပို့ခဲ့တယ်လို့ စစ်တွေ ကုန်သွယ်ရေးစခန်းမှ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## မူဆယ်သို့ ဖရဲသီး ပိုမိုတင်ပို့နိုင်ပေမယ့် ဈေးကောင်းမရ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာ ၁၅ ရက်မှ ၂၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၈၆၅၉၆၅ တန်ဖိုးရှိ ဖရဲသီးတန်ချိန် ၈၄၀၀ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၅၈၈၀ တန်သာ တင်ပို့ခဲ့လို့ ယခုတစ်ပတ်မူဆယ်မှဖရဲသီး ၂၅၂၀ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ ပြည်တွင်းမှထွက်ရှိတဲ့ အရည်အသွေးကောင်းဖရဲသီးများ ယခင်က တစ်တန်လျှင် အမြင့်ဆုံး ယွမ်သုံးထောင်ကျော် ရရှိခဲ့ပေမယ့် ယခုယွမ်တစ်ထောင်သာ ရရှိတယ်လို့ သိရပါတယ်။

မူဆယ်(၁၀၅)မိုင် သစ်သီးဈေးကွက်မှာ သရက်သီး ကုန်ဆုံးချိန်ဖြစ်တဲ့ ဇူလိုင်အတွင်းမှစတင်ကာ သစ်သီးကုန်စည်ဈေး ကွက်မရှိသလောက်ဖြစ်ခဲ့ပါတယ်။ ယခု အောက်တိုဘာလမှ စတင်၍ ဖရဲသီးစတင်ဝင်ရောက်လာတာကြောင့် နယ်စပ်ကုန်သွယ် မှုသစ်သီးဈေးကွက်ရဲ့ ရာသီသစ်အနေနဲ့ပြန်လည်စတင်ခြင်းဖြစ်ပါတယ်။ လက်ရှိအချိန်တွင် တရုတ်နိုင်ငံဘက်မှလည်း ဖရဲသီး ပေါ်ထွက်ချိန်ဖြစ်လို့ မြန်မာနိုင်ငံမှ ထွက်ရှိတဲ့ဖရဲသီးများ တရုတ်ပြည်ဈေးကွက်သို့ တင်ပို့ရာမှာ ဝယ်လိုအားထက် ရောင်းလိုအားကပို၍ များပြားနေတာကြောင့် ဈေးကောင်းမရဖြစ်နေတယ်လို့ မူဆယ်သစ်သီးဝလံကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## သီတင်းတစ်ပတ်အတွင်း ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၇၁ သန်းကျော်ရှိ

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အောက်တိုဘာ ၁၅ ရက်မှ ၂၁ ရက် အထိ သီတင်းပတ်အတွင်း ပို့ကုန်တင်ပို့နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၂၁၈ ဒသမ ၁၅၆ သန်း၊ သွင်းကုန်တင်သွင်း နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၂၉၉ ဒသမ ၆၉၄ သန်းဖြစ်တဲ့အတွက် ကုန်သွယ်မှုပမာဏ စုစုပေါင်းမှာ အမေရိ ကန်ဒေါ်လာ ၅၁၇ ဒသမ ၈၅ သန်း ဖြစ် ပါတယ်။ တစ်ပတ်အတွင်း ကုန် သွယ်မှု လိုငွေမှာ အမေရိကန်ဒေါ်လာ ၈၁ ဒသမ ၅၃၈ သန်းဖြစ်ပြီး ထိုသို့ လိုငွေပြရခြင်းမှာ ချုပ်ပြီးအထည်နဲ့ သဘာဝဓာတ်ငွေ့ တင်ပို့မှုလျော့နည်းခဲ့တဲ့ အတွက် ဖြစ်ပါတယ်။ ယခုသီတင်းပတ်ရဲ့ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ပို့ကုန်အမေရိကန်ဒေါ်လာ ၁၅၈ ဒသမ ၂၀၄ သန်းဖိုး တင်ပို့ခဲ့ပြီး၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၂၃၀ ဒသမ ၅၇၃ သန်းဖိုး တင်သွင်းခဲ့တဲ့အတွက် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၇၂ ဒသမ ၃၆၉ သန်းဖြစ်ပါတယ်။ ကုန် သွယ်ရေးစခန်းများမှ ပို့ကုန်တင်ပို့နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၅၉ ဒသမ ၉၅၂ သန်းဖြစ်ပြီး သွင်းကုန် တင်သွင်းနိုင်မှုမှာ အမေရိကန်ဒေါ်လာ ၆၉ ဒသမ ၁၂၁ သန်းဖြစ်တဲ့အတွက် ကုန်သွယ်မှု လိုငွေမှာ အမေရိကန် ဒေါ်လာ ၉ ဒသမ ၁၆၉ သန်းဖြစ်ပါတယ်။ ဒါကြောင့် ကုန်သွယ်မှုကဏ္ဍတစ်ခုလုံးရဲ့ ကုန်သွယ်မှုလိုငွေမှာ အမေရိကန် ဒေါ်လာ ၈၁ ဒသမ ၅၃၈ သန်းဖြစ်ပါတယ်။ ယခု ဘဏ္ဍာနှစ်စမှ အောက်တိုဘာ ၂၁ ရက် အထိ ပို့ကုန်တင်ပို့နိုင်မှုမှာ အမေရိကန် ဒေါ်လာ ၆၂၁၀ ဒသမ ၀၂၃ သန်း၊ သွင်းကုန်တင်သွင်းနိုင်မှုမှာ အမေရိကန် ဒေါ်လာ ၈၂၇၀ ဒသမ ၀၇၆ သန်း ဖြစ်တဲ့အတွက် ကုန်သွယ်မှုပမာဏမှာ အမေရိကန် ဒေါ်လာ ၁၄၄၈၀ ဒသမ ၀၉၉ သန်း ဖြစ်ပါတယ်။ ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၂၀၆၀ ဒသမ ၀၅၃ သန်းဖြစ်ကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# ကဏ္ဍအလိုက် ပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်ရေးကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် အတူ ပူးတွဲကျင်းပပြီးစီး

အမျိုးသားပို့ကုန်မဟာဗျူဟာ လုပ်ငန်းစီမံချက် အကောင်အထည်ဖော် စီမံခန့်ခွဲခြင်း အဆင့်တွင် လုပ်ငန်းစဉ်များ စောင့်ကြည့်လေ့လာခြင်းနှင့် လမ်းညွှန်မှုပေး၍ စီမံခန့်ခွဲခြင်းများ စနစ်တကျဆောင်ရွက်နိုင်ရန်နှင့် ကုန်သွယ်မှုနှင့် ဆက်စပ်နေသော လုပ်ငန်းဆောင်ရွက်ချက်များ ကြီးကြပ် လမ်းညွှန် မှုပြုနိုင်ရန်အတွက် အဖွဲ့ဝင် ၄၀ဦး ပါဝင်သော မြန်မာ့ ကုန်သွယ်မှုဖွံ့ဖြိုးတက်ရေး ကော်မတီ (MTDC) ကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် ဖွဲ့စည်းခဲ့ပြီး ပထမအကြိမ် အစည်းအဝေး ကို ၂၀၁၅ခုနှစ်၊ မတ်လတွင် လည်းကောင်း၊ ဒုတိယအကြိမ်အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလတွင် လည်းကောင်း အသီးသီး ကျင်းပခဲ့ပါသည်။

ယခုအခါ အဆိုပါ MTDC လုပ်ငန်း တာဝန်များကို ကဏ္ဍအလိုက် ပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်ရေး ကော်မတီ (Sectoral Implementation Committee-SIC) က ဆက်လက် တာဝန်ယူ ဆောင်ရွက်သွားမည် ဖြစ်သည့်အတွက် ကဏ္ဍအလိုက် ပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်ရေး ကော်မတီ တတိယအကြိမ်ညှိနှိုင်း အစည်းအဝေးကို ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့ (Taskforce) အစည်းအဝေးနှင့် အတူပူးတွဲ၍ အောက်တိုဘာ ၂၇ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ရုံးအမှတ် (၃)အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပါသည်။ အစည်းအဝေးတွင် တက်ရောက် လာကြသည့် ကဏ္ဍအလိုက် ပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်ရေး ကော်မတီ ဥက္ကဋ္ဌများက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း အမျိုးသားပို့ကုန် မဟာဗျူဟာ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့မှုများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား လည်း ကောင်း အသီးသီး ဆွေးနွေးတင်ပြ ခဲ့ကြသည်။ အဆိုပါ အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးလည်း တက်ရောက်ခဲ့ ကြောင်း သတင်းရရှိပါသည်။

**မြတ်မြတ်စိုးမိုး (NES)**

## ဟသ်ာတခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ပထမအကြိမ် အစည်းအဝေးကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့၏ ပထမအကြိမ် အစည်းအဝေးကို ခရိုင်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၊ ဟသ်ာတမြို့ အစည်းအဝေး ခန်းမတွင် အောက်တိုဘာ ၂၅ရက်က ပြုလုပ်ခဲ့ပါတယ်။ အခမ်းအနားတွင် ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းငွေးက အဖွင့်အမှာစကား ပြောကြားပြီး အတွင်းရေးမှူး စားသုံးသူရေးရာ ခရိုင်ဦးစီးမှူး ဦးကြည်ဟန်က အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါအချက်များကို အသေးစိတ်ရှင်းလင်း ပြောကြားခဲ့ပါတယ်။

ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင် အသီးသီးက သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ဆောင်ရမည့် အချက်များ၊ တည်ဆဲဥပဒေများကို အသီးသီး ဆွေးနွေးခဲ့ကြပြီး ပေါင်းစပ် လုပ်ကိုင်ရမည့် အချက်အလက်များ ရှေ့ဆက် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြပါတယ်။

အခမ်းအနားသို့ တက်ရောက်လာကြသော သက်ဆိုင်ရာ ဌာနများ၏ မေးမြန်းချက်များကို စားသုံးသူရေးရာ ဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးကြည်ဟန်က ပြန်လည်ရှင်းလင်းခဲ့ ပါတယ်။ အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ခရိုင် အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့ဝင်များ၊ မိတ်ဖက်ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါတယ်။

**လှိုင်ထွန်း (ဟသ်ာတ)**

## ပြည်ပမှ ဆိုင်ကယ်တင်သွင်းမှုကျဆင်း

အောက်တိုဘာလ ၁၅ ရက်မှ ၂၁ ရက်အထိ ရက်သတ္တပတ်အတွင်း တရုတ်၊ ထိုင်းနဲ့ အိန္ဒိယနယ်စပ်ရှိကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၂၂ သန်းတန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၁၀၁၆၅ စီးတင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၁၀၇၉ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၉၁၄ စီး လျော့နည်းတင်သွင်းခဲ့တယ်လို့ ကုန်သွယ်ရေးစခန်းများမှ သိရပါတယ်။

တင်သွင်းမှုအခြေအနေကို ကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၈၇ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၈၉၂၈ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ ၁ ဒသမ ၈၂၅ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၁၄၂ စီး၊ တမူးကုန်သွယ် ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၁၀ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၉၅ စီးကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

မူဆယ်ကုန်သွယ်ရေးဇုန်မှ ဆိုင်ကယ်အပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၃၄၁ သန်းတန်ဖိုးရှိ သုံးဘီးဆိုင်ကယ် ၃၁၄ စီးတင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## မူဆယ်မှ ရေထွက်ကုန်တန်ချိန်ရော တန်ဖိုးပါ လျော့နည်း တင်ပို့

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာ ၁၅ ရက်မှ ၂၁ ရက် သီတင်းပတ် အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၀၇ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၁၁၆၈ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၃၇ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၁၃၅၈ တန်ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ရေထွက်ကုန် တန် ၁၉၀ ခန့်၊ တန်ဖိုးအနေနဲ့ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၃၀ သန်း လျော့နည်းခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ငါးပူတင်းအရေခွံခြောက်၊ ပုဇွန်ခြောက်မှုန့်၊ ငါးလေးခြောက်၊ ငါးမြစ်ချင်းစီဖောင်းနဲ့ ငါးလိပ်ကျောက် အရေခွံခြောက်တို့ ပိုမိုတင်ပို့နိုင်ခဲ့ပေမယ့် ငါးရှဉ့်၊ ကဏန်း၊ငါးဆားနယ်နဲ့ ငါးကြင်းစီဖောင်းတင်ပို့မှု လျော့နည်းခဲ့တာကြောင့် ရေထွက်ကုန် တင်ပို့မှုမှာ တန်ချိန်ရော တန်ဖိုးပါ လျော့နည်းခဲ့ရတာလို့ သိရပါတယ်။ တစ်ဖက်နိုင်ငံ ယွမ်ဈေး အနေဖြင့် ငါးရှဉ့်တစ်တန်လျှင် ယွမ် ၂၆၀၀၀ နဲ့ ကဏန်းတစ်တန်လျှင် ယွမ် ၆၂၀၀၀ ဈေးရရှိခဲ့ ကြောင်း မူဆယ်ကုန်စည်ဒိုင်မှသိရပါတယ်။

**မော်မော်အောင်**



## ကန်ပိုက်တီးကုန်သွယ်ရေးစခန်းတွင် ကျောက်စိမ်းတုံးများဖမ်းဆီးရမိ

ကန်ပိုက်တီးကုန်သွယ်ရေး စခန်းသည် ကချင်ပြည်နယ်တွင် တည်ရှိပြီး မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်မှု လုပ်ငန်းများ ဆောင်ရွက်နေသော စခန်းတစ်ခု ဖြစ်ပါတယ်။ ထို့ပြင် ကမ္ဘာတွင် ကျော်ကြားသော ကျောက်စိမ်းများ ထွက်ရှိရာ ဖားကန့်ဒေသနှင့် နီးစပ်သည့် ဒေသတစ်ခုလည်း ဖြစ်ပါတယ်။ အောက်တိုဘာ ၂၄ ရက်တွင် ကန်ပိုက်တီးကုန်သွယ်ရေးစခန်း (OSS) ပူးပေါင်းအဖွဲ့မှ ယာဉ်မောင်း ဖိုးသားနှင့် ယာဉ်နောက်လိုက် မောင်ဇင် မောင်းနှင်သည့် (၉ခ/××××) Nissan (UD) (၁၀ ဘီး) ကုန်မဲ့ယာဉ်အား စစ်ဆေးရာ ကျောက်စိမ်း အရွယ်စုံ ၁၇၀ ထုပ်၊ အလေး ချိန် ၄၆၇၈ Kg၊ ခန့်မှန်းတန်ဖိုး ၃၂၇၄၆၀၀ ကျပ်နှင့် (၁၀) ဘီး ယာဉ် ခန့်မှန်းတန်ဖိုး ၁၈၀၀၀၀၀၀ ကျပ် စုစုပေါင်း ခန့်မှန်းတန်ဖိုး ၂၁၂၇၄၆၀၀ ကျပ်အားဖမ်းဆီးရရှိခဲ့ပါတယ်။ ဖမ်းဆီးရမိသည့် ပစ္စည်းများအား အကောက်ခွန် အမှုတွဲ ဖွင့်လှစ်ထား ရှိကာ မြစ်ကြီးနား အကောက်ခွန်ရုံးတွင် သိမ်းဆည်းထားရှိပြီး တရားခံယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် နှစ်ဦး အားကန်ပိုက်တီး ရဲစခန်းတွင် အမှု ဖွင့်လှစ်ထား ကြောင်းသတင်းရရှိပါ တယ်။

မင်းမင်းဇော်

## ပြည်မြို့တွင် အသေးစားအလတ်စား လုပ်ငန်းများနှင့် ပတ်သက်သည့် ဘဏ္ဍာရေးနှင့် စီးပွားရေးသင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန်မြို့ရှိ Standard Chartered ဘဏ်နှင့် ဗြိတိသျှ ကောင်စီတို့ ပူးပေါင်း၍ ပြည်မြို့ရှိ အသေးစား အလတ်စား စီးပွားရေး လုပ်ငန်းများ ပိုမိုဖွံ့ဖြိုး တိုးတက်စေရေးအတွက် ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာ သင်တန်းများကို ဒီဇင်ဘာ ၂၇ ရက်မှ ၄ ရက်အထိ ပြည်မြို့တွင် ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား ၉၀ ဦးသာ လက်ခံ သင်ကြားပေးမည် ဖြစ်ပြီး၊ အခမဲ့တက်ရောက် သင်ကြားနိုင်ကြောင်း သိရသည်။ အဆိုပါသင်တန်းသို့ တက် ရောက်လိုသူများ အနေဖြင့် နိုဝင်ဘာ ၁၄ရက် နောက်ဆုံးထား၍ ပြည်မြို့ ကုန်စည်ဒိုင် ဥက္ကဋ္ဌ ဦးစန်းအောင် ( ဖုန်း - ၀၉ ၅၃ ၁၀ ၉၄၇) နှင့် ဗြိတိသျှကောင်စီမှ ဒေါ်မိမိမျိုးဝင်း (e-mail : mimimyo.win@mm.britishcouncil.org) တို့ထံသို့ စာရင်းပေးသွင်း၍ တက်ရောက်နိုင်ကြောင်း သိရသည်။

အဆိုပါသင်တန်း ဖွင့်လှစ်ရေးကိစ္စနှင့် ပတ်သက်၍ အကြိုဆွေးနွေးပွဲကို အောက်တိုဘာ ၂၄ ရက်က ပြည်မြို့ ကမ်းနားလမ်းရှိ ဧရာဦးခန်းမ၌ ကျင်းပခဲ့ရာ ဗြိတိသျှကောင်စီ မှ ဒေါ်မိမိမျိုးဝင်းနှင့် ဒေါ်အိမွန်သိန်းတို့က Standard Chartered Bank နှင့် ဗြိတိသျှကောင်စီတို့၏ လုပ်ဆောင်ချက် များနှင့် ပတ်သက်၍လည်းကောင်း၊ စီးပွားရေး လုပ်ငန်းရှင်များက SME လုပ်ငန်း များနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

ယင်းသင်တန်းသို့ SME လုပ်ငန်းရှင်များနှင့် စိတ်ပါ ဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိပါသည်။

**ထွန်းမင်းထွန်း (ပြည်)**

# Doing Business အဆင့်
# ပိုမိုမြင့်တက်လာရန်

ကမ္ဘာပေါ်ရှိ စီးပွားရေးလုပ်ကိုင်ရ လွယ်ကူသည့်နိုင်ငံများစာရင်းကို ကမ္ဘာ့ဘဏ်၏အဖွဲ့အစည်းတစ်ခုဖြစ်သည့် Doing Business အဖွဲ့က အောက် တိုဘာလ ၂၆ ရက်က ထုတ်ပြန်ကြေညာခဲ့ရာ မြန်မာနိုင်ငံသည် ယခင်နှစ်က ထက် အဆင့်တစ်ဆင့်တက်လာခဲ့သည်ဟု ဆိုသည်။

သို့သော်Doing Business တွင် ဖော်ပြထားသည့်ကဏ္ဍ ၁၀ ခုအနက် မြန်မာနိုင်ငံ၏ကုန်သွယ်မှုကဏ္ဍတွင် အဓိက အရေးပါလျက်ရှိသည့်နယ်စပ် ဖြတ်ကျော်ကုန်သွယ်မှုကဏ္ဍတွင်မူ အဆင့် ၁၀ ဆင့် ကျဆင်းသွားခဲ့ကာ အဆင့် ၁၄၉ မှ ၁၅၉ သို့ ရောက်ရှိခဲ့သည်။

ယင်းကဲ့သို့ လျော့နည်းကျဆင်းရခြင်းနှင့်ပတ်သက်၍ကမ္ဘာ့ဘဏ်နှင့် Video Conferencing ပြုလုပ်နေစဉ် မှာပင် တာဝန်ရှိသူများက မေးမြန်းခဲ့သည်။ ကမ္ဘာ့ဘဏ်က အဆိုပါ မေးခွန်းနှင့်ပတ်သက်၍ ပြန်လည်ဖြေကြားခဲ့ရာတွင် ပြည်ပပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်တွင်အကောက်ခွန် ရှင်းလင်းရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရာ၌ အချိန်ကြာမြင့်ခြင်း၊ ငွေကြေးပိုမိုကုန်ကျခြင်း၊ ဆိပ်ကမ်းရှင်းလင်းရေးကိစ္စများကို ဆောင်ရွက်ရာတွင် အချိန်ကုန်ခြင်း၊ ငွေကုန်ကြေးကျများခြင်း၊ လုပ်ဆောင်ရမည့်အဆင့်များ များပြားခြင်း၊ နှောင့်နှေးကြန့်ကြာမှုများဖြစ်ပေါ်နေခြင်းတို့ ကြောင့် ကုန်သွယ်မှုအဆင့်များတွင် ယခုကဲ့သို့ အဆင့် ၁၀ ဆင့်အထိကျ ဆင်းသွားရခြင်းဖြစ်ကြောင်း ပြန်လည် ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဘဏ်အနေဖြင့် အဆိုပါ အစီရင်ခံစာနှင့်ပတ်သက်၍ ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူများသည် မြန်မာနိုင်ငံသို့ လာရောက်ပြီး ကုန်သွယ်မှုနယ်ပယ်များတွင် ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံခဲ့ပြီး ကုန်သွယ်မှုဆိုင်ရာများနှင့် ဆက်နွယ် ပတ်သက်နေသည့်လုပ်ငန်းများဖြစ်သည့် အကောက်ခွန်၊ ဆိပ်ကမ်းရှင်းလင်းရေးဆိုင်ရာကိစ္စရပ်များ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာကိစ္စရပ်များနှင့်သက်ဆိုင်သည့် လုပ်ငန်းနယ်ပယ်များအတွင်းသို့ ဝင်ရောက်လေ့လာကာ အသေးစိတ်လေ့လာမေးမြန်းပြီးမှ ယခုကဲ့သို့ အဆင့်များကို သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



Where economies stand in the global ranking on the ease of doing business

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုနယ်ပယ်တွင် ကုန်သွယ်မှုလွယ်ကူ လျင်မြန်ချောမွေ့စေရေးကို အဓိကထားပြီး လုပ်ဆောင်လျက်ရှိသည်။

ယင်းကဲ့သို့ လုပ်ဆောင်ရာတွင် လိုင်စင်လျှောက်ထားရန် မလိုသော ကုန်ပစ္စည်းအမယ်များအနက် ၅၀၀၀ ကျော်ကို လျှော့ချသတ်မှတ်ခြင်း၊ ကုန်သွယ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများ ပြင်ဆင် ဖြေလျှော့ခြင်း၊ အချိန်ကြန့်ကြာမှုနည်းပါးအောင် ဆောင်ရွက်ခြင်း၊ တရားမဝင် ကုန်ကျစရိတ်များ မရှိစေရန် ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရှိရသည်။

ကုန်သွယ်မှုလုပ်ငန်းများကို လုပ်ဆောင်ရာတွင် ဌာနတစ်ခုတည်းလုပ် ဆောင်နေ၍ မရဘဲ ဆက်စပ်နေသည့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းရှင်များအပါအဝင် Stakeholder အားလုံးပါ ပါဝင်ပတ်သက်နေပေသည်။

လတ်တလောဆောင်ရွက်မှုအနေဖြင့် ပြီးခဲ့သည့်ဧပြီနှင့် မေလအတွင်းက ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်ငန်းများ ကျပ်တည်းပိတ်ဆို့မှုများ ဖြစ်ပွားခဲ့ရာ နှောင့်နှေးကြန့်ကြာမှုများအတွက် စီး ပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များအပါအဝင် Stakeholder များနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ယင်းကဲ့သို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သဖြင့် အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် စီးပွားရေးလုပ်ကိုင်ရလွယ်ကူသည့်နိုင်ငံများစာရင်းတွင် ယမန်နှစ်က အဆင့် ၁၇၁ ရှိခဲ့ရာ မှ ယခုနှစ်တွင် အဆင့် ၁၇၀ သို့ တက်လာခဲ့ခြင်းဖြစ်သည်။

ထိုကဲ့သို့ စီးပွားရေးလုပ်ကိုင်ရလွယ်ကူသည့်အဆင့် တက်လာသော်လည်း အောက်ဆုံးနိုင်ငံ ၂၀တွင် ပါဝင်နေသေးသည်ကို တွေ့ရသည်။

အစိုးရသစ်လက်ထက်တွင် မြန်မာ နိုင်ငံ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်ပြောင်းလဲလိုက်ခြင်းနှင့်အတူ ကုမ္ပဏီများအား မှတ်ပုံတင်ရာတွင် ကုန်ကျစရိတ်များအား လျှော့ချခြင်း၊

Doing Business in Myanmar

| စဉ် | အကြောင်းအရာ | Doing Business 2014 | | Doing Business 2015 | | Doing Business 2016 | | Doing Business 2017 | |
|---|---|---|---|---|---|---|---|---|---|
| | | 2013 | 2014 | 2014 | 2015 | 2015 | 2016 | 2016 | 2017 |
| | **စုစုပေါင်းအဆင့်** | | **182** | **182** | **177** | **177** | **167** | **171** | **170** |
| ၁ | စီးပွားရေးစတင်ဆောင်ရွက်ခြင်း | 189 | 189 | 189 | 189 | 189 | 160 | 170 | 146 |
| ၂ | လုပ်ငန်းတည်ဆောက်ခွင့်ပါမစ် | 140 | 150 | 134 | 130 | 84 | 74 | 72 | 66 |
| ၃ | လျှပ်စစ်ဓါတ်အားရရှိနိုင်မှု | 123 | 126 | 124 | 121 | 154 | 148 | 150 | 149 |
| ၄ | ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်း | 149 | 154 | 151 | 151 | 145 | 145 | 145 | 143 |
| ၅ | ချေးငွေရရှိနိုင်မှု | 167 | 170 | 169 | 171 | 171 | 174 | 174 | 175 |
| ၆ | ရင်းနှီးမြှုပ်နှံသူအကာအကွယ်ပေးခြင်း | 182 | 182 | 178 | 178 | 184 | 184 | 181 | 179 |
| ၇ | အခွန်ပေးဆောင်မှု | 113 | 107 | 115 | 116 | 73 | 84 | 117 | 119 |
| ၈ | နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေး | 114 | 113 | 135 | 103 | 140 | 140 | 149 | 159 |
| ၉ | စာချုပ်အသက်ဝင်ခြင်း | 188 | 188 | 185 | 185 | 187 | 187 | 188 | 188 |
| ၁၀ | အကြွေးပေးချေနိုင်မှု | 153 | 155 | 159 | 160 | 162 | 162 | 163 | 164 |

➲ စာမျက်နှာ ၂၆ သို့

# လယ်သမားအကျိုးစီးပွားမြှင့်တင်ရေးအတွက် ပြည်ပသို့စပါးတင်ပို့ခွင့်ပြုရန် ဆောင်ရွက်နေ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် လယ်သမားများ၏အကျိုးစီးပွားမြှင့်တင်ရေးအတွက် ပြည်ပဈေးကွက် လိုအပ်ချက်ရှိနေသည့် စပါးကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း သိရှိရပါတယ်။

ပြီးခဲ့တဲ့အောက်တိုဘာလ ၂၁ရက် က နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ စီးပွားရေးလုပ်ငန်းရှင်တို့ တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်တွင်းစပါးဈေးများ ကျဆင်းမှုများကြောင့် တောင်သူလယ်သမားများ နစ်နာမှုများဖြစ်ပေါ်နေကြောင်း CB ဘဏ် ဥက္ကဋ္ဌ ဦးခင်မောင်အေးက ပြောကြားခဲ့ပါတယ်။

၂၀၁၅ခုနှစ် စပါးပေါ်ချိန်က ဧရာဝတီတိုင်းဒေသကြီးမှာ မနော်သုခ စပါးတင်းတစ်ရာကို ကျပ်၅၄၃၀၀၀ ရှိခဲ့သော်လည်း ယခုနှစ်စပါးပေါ်ချိန်တွင်မူ မနော်သုခစပါးတင်းတစ်ရာလျှင် ကျပ် ၅၂၂၀၀၀ သာရှိခဲ့ပါတယ်။

ဒါ့အပြင် မနော်သုခ(ရွှေ)စပါးဈေး မှာလည်း ကျဆင်းလျက်ရှိရာ ၂၀၁၅ ခုနှစ် စပါးပေါ်ချိန်က မနော်သုခ(ရွှေ) စပါးတင်းတစ်ရာကို ကျပ် ၅၀၆၀၀၀ ရှိခဲ့ပြီး ယခုနှစ်စပါးပေါ်ချိန်မှာတော့ ကျပ် ၄၃၂၀၀၀ သို့ ကျဆင်းခဲ့ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့မှာလည်း စပါးဈေးများ ကျဆင်းလျက်ရှိရာ မနော်သုခ(မိုးဟောင်း)စပါး တင်းတစ်ရာကို ၂၀၁၅ ခုနှစ်က ကျပ် ၅၃၀၀၀၀ ရှိခဲ့သော်လည်း ယခုနှစ်စပါးပေါ်ချိန်တွင် ကျပ် ၅၀၀၀၀၀သို့ကျဆင်းလျက်ရှိကြောင်း စပါးဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

စပါးဈေးများ ကျဆင်းနေသလို ပြည်ပသို့ ဆန်တင်ပို့ရာမှာလည်း ယခင်နှစ်ကာလတူထက် တန်ချိန်နှစ်သိန်းနီးပါး လျော့နည်းတင်ပို့ခဲ့တာကိုလည်း စာရင်းဇယားများအရ သိရှိရပါတယ်။

၂၀၁၅-၁၆ ဘဏ္ဍာနှစ်ဧပြီလ ၁ ရက်မှ အောက်တိုဘာလ ၂၁ ရက် အထိ ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့မှုမှာ တန်ချိန် ၅၃၀၀၉၃ ဒသမ ၂၃၃ တင်ပို့ခဲ့ပြီး ဆန်ကွဲတင်ပို့မှုမှာ တန်ချိန် ၂၃၇၆၅၉ ဒသမ ၈၀၃ ရှိခဲ့ပြီး နှစ်ရပ် ပေါင်းတန်ချိန် ၇၆၇၇၅၃ ဒသမ ၀၃၆ ရှိခဲ့ပါတယ်။

ယခုနှစ်ကာလတူမှာတော့ ဆန် တင်ပို့မှုမှာ တန်ချိန် ၄၁၆၁၄ ဒသမ ၁၃၀ သာ တင်ပို့ခဲ့ပြီး ဆန်ကွဲတင်ပို့မှုမှာ တန်ချိန် ၁၄၃၄၈၄ ဒသမ ၉၅၀ တင်ပို့နိုင်ခဲ့ပါတယ်။ နှစ်ရပ်ပေါင်းတင်ပို့မှုမှာ တန်ချိန် ၅၅၉၆၄၉ ဒသမ ၀၈၀ တင်ပို့ခဲ့ပါတယ်။

အဲဒီတင်ပို့မှုနှစ်ခုကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ဒီနှစ်ကာလတူမှာ ဆန်နဲ့ ဆန်ကွဲတင်ပို့မှုနှစ်ရပ်ပေါင်းမှာတန်ချိန် နှစ်သိန်းကျော် တင်ပို့မှု လျော့နည်းခဲ့တာကို တွေ့ရှိရမှာဖြစ်ပါတယ်။

ဒါ့အပြင် ဆန်တင်ပို့မှုထက် ဆန်ကွဲတင်ပို့မှုက ပိုမိုနေတာကိုလည်း အဲဒီစာရင်းများအရ သိရှိရမှာဖြစ်ပါတယ်။ ဆန်တင်ပို့မှုမှာ တန်ချိန် တစ်သိန်းကျော် လျော့နည်းခဲ့ပြီး ဆန်ကွဲတင်ပို့မှုမှာတော့ တန်ချိန် ကိုးသောင်းကျော် လျော့နည်း တင်ပို့ခဲ့တာကို တွေ့ရပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ပြည်ပသို့ ဆန်တင်ပို့ရာမှာ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံသို့သာ အဓိကထားပြီး တင်ပို့ခဲ့တာဖြစ်ပါတယ်။ပြည်တွင်းဆန်ထွက်ရှိမှုရဲ့ ၈၀ ရာခိုင်နှုန်းကို တရုတ်နိုင်ငံကို တင်ပို့နေတာဖြစ်ပါတယ်။

တရုတ်နိုင်ငံတစ်နိုင်ငံတည်းကိုသာ အဓိကထားပြီးတင်ပို့နေရတဲ့အကြောင်းက တရုတ်နိုင်ငံဟာ ဘယ်လိုဆန်အမျိုးအစားကိုမဆို၊ ဘယ်လိုအရည်အသွေးမျိုးကိုမဆို ဝယ်ယူနေလို့ပဲ ဖြစ်ပါတယ်။

တခြားနိုင်ငံတွေကတော့ ထိုင်း၊ အိန္ဒိယ၊ ကမ္ဘောဒီးယား၊ ပါကစ္စတန်၊ ဗီယက်နမ်စတဲ့ နိုင်ငံတွေက တင်ပို့နေတဲ့ အရည်အသွေးကောင်းတဲ့ ဆန်တွေနဲ့ ဈေးကွက်မှာ ယှဉ်ပြိုင်ပြီး ဝယ်ယူနေကြပါတယ်။

အဲဒီလိုယှဉ်ပြိုင်ရာမှာ မိမိတို့နိုင်ငံရဲ့ ဆန်စပါးအရည်အသွေးဟာ တခြားနိုင်ငံတွေနဲ့နှိုင်းယှဉ်ရင် အရည်အသွေး နိမ့်ကျနေတာကြောင့် ဖြစ်ပါတယ်။ ဒါ့ အပြင် မိမိတို့နိုင်ငံရဲ့ဆန်ထုတ်လုပ်မှု ကုန်ကျစရိတ် မြင့်တက်ခြင်း၊ အထွက်နှုန်း နည်းခြင်း၊ သယ်ယူပို့ဆောင်စရိတ်နဲ့ ဝန်ဆောင်ခ၊ အလုပ်သမားခစတဲ့စရိတ်စကတွေမြင့်တက်နေတဲ့အတွက် နိုင်ငံတကာဈေးကွက်မှာ နိုင်ငံတကာက သတ်မှတ်ထားတဲ့ဈေးနှုန်းအတိုင်း ယှဉ်ပြိုင်ရောင်းချနိုင်ခြင်းမရှိခဲ့ပါဘူး။

ဒီနှစ်ဇူလိုင်လအတွင်းက ဖိလစ်ပိုင်နိုင်ငံက ဆန်တန်ချိန်သုံးသိန်း ဝယ်ယူမယ်လို့ ကမ်းလှမ်းခဲ့ပြီး ဆန်အဝယ် တင်ဒါခေါ်ယူရာမှာ မြန်မာနိုင်ငံ

➲ စာမျက်နှာ ၃၁ သို့


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
Our Branches
ရန်ကုန် (ရုံးချုပ်)
နေပြည်တော်
မန္တလေး
မုံရွာ
တောင်ကြီး
ပုသိမ်
ကျောက်ဆည်
ပျဉ်းမနား
မကွေး
မော်လမြိုင်
ပြည်
တောင်ငူ
မြစ်ကြီးနား
ကျိုင်းတုံ
မိတ္ထီလာ
လုံခြုံလျှို့ဝှက် ဆောင်ရွက်မြန်မှန် မြဝတီဘဏ်
ငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများ
Phone: (01) 2301367,2301368,2301452
Fax: (01) 2301395,2301450,2301402


DRY PROCESS
မြန်မာဆင်
Hi-Tech ဘိလပ်မြေ
PORTLAND CEMENT
EXPORT QUALITY
MANDALAY CEMENT INDUSTRIES
HI-TECH
MYANMAR ELEPHANT
02-72266, 02-61936 09-91001815 09-33040358


DRY PROCESS နည်းစဉ်၏အားသာချက်
၁။ ပတ်ဝန်းကျင်ညစ်ညမ်းမှုအား ရာနှုန်းပြည့်ကာကွယ်နိုင်ခြင်း။
၂။ လောင်စာစွမ်းအား လျော့နည်းစွာဖြင့်ထုတ်လုပ်နိုင်ခြင်း။
၃။ အဆင့်မြင့်အရည်အသွေးကို တသမတ်တည်းထုတ်လုပ်နိုင်ခြင်း။

## ပြောင်း

### တရုတ်နယ်စပ်မှ ပြောင်းဖူးစေ့ လျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီး စခန်းလေးခုမှ အောက်တိုဘာ ၁၅ ရက်မှ ၂၁ ရက်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၅၀ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၂၀၃၃၅ တန်ကျော်တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၁၇၄၆၇တန် ကျော်၊ လွယ်ဂျယ်မှ ၁၆၆၄ တန်နီးပါး၊ ချင်းရွှေဟော်မှ ၁၁၈၃ တန်ကျော်နဲ့ ကန်ပိုက်တီးမှ တန် ၂၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က အဆိုပါစခန်းလေးခုပေါင်းမှ ပြောင်းတန်ချိန် ၂၇၃၃၆ တန်ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ပြောင်းတန်ချိန် ခုနစ်ထောင် ခန့်လျော့နည်းတင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ အောက်တိုဘာ ၁၄ ရက်က ပြောင်း တစ်တန် မိမိဘက်ပေါက်ဈေး ၂၈၂၇၂၀ ကျပ်ရှိခဲ့ရာမှ အောက်တိုဘာ ၂၁ ရက်မှာတော့ ၂၈၁၂၀၀ ကျပ်ဈေးသို့ ဆက်လက်ကျဆင်းခဲ့ကြောင်း၊ သယ်ယူစရိတ်မှာ တစ်ပိဿာ ၅၅-၅၇ ကျပ်ရှိပြီး ကားစီးရေ ၅၇၁ စီး ဝင်ရောက်ခဲ့ကြောင်း၊ ပြောင်း ခွဲတမ်းကို လက်ရှိ ၂၀၁၆-၂၀၁၇ မှ ၂၀၁၈-၂၀၁၉ အထိ နားလည်မှုနှင့် ခွဲတမ်းစနစ်ပေးထားကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သိရပါ တယ်။

**မော်မော်အောင်**

## ဝဥ

### မူဆယ်မှ ဝဥခြောက်ပိုမိုတင်ပို့

အောက်တိုဘာ ၁၅ ရက်မှ ၂၁ ရက် သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၈၃ သန်း တန်ဖိုးရှိ ဝဥခြောက် တန် ၁၀၀ နီးပါးတင်ပို့ခဲ့ရာ ယခင်တစ် ပတ်က ၈၆ တန်ခွဲသာ တင်ပို့ခဲ့သဖြင့် ယခုတစ်ပတ်မှာ ဝဥခြောက် ၁၂တန် ကျော် ပိုမိုတင်ပို့နိုင်ခဲ့တာတွေ့ရပါတယ်။ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ယခင်တစ်ပတ်က တန် ၂၀ တင်ပို့ခဲ့ပြီး ယခုတစ်ပတ်မှာ ဝဥတင်ပို့မှုမရှိခဲ့ပါဘူး။

ဝဥပင်မှာ လူတစ်ရပ်ခန့်ရှိပြီး ပန်းရောင်၊ အဖြူရောင်နဲ့ အဝါရောင် သုံးမျိုးရှိပေမယ့် ပန်းရောင်က ပြည်ပဈေးကွက်မှာ အကောင်းဆုံးလို့ သိရပါ တယ်။ ဝဥသည် သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါ၊ အူမကြီးရောဂါနဲ့ အဝလွန် ရောဂါတွေကို တိုက်ဖျက်ကာကွယ်ပေးပါတယ်။ ပူပြင်းခြောက်သွေ့တဲ့ ဒေသတွေမှလွဲပြီး စိုက်ပျိုးအောင်မြင်တယ်လို့ လေ့လာသိရှိရပါတယ်။

**မော်မော်အောင်**

## တစ်သျှူးငှက်ပျော

### ကန်ပိုက်တီးစခန်းမှ တစ်သျှူးငှက်ပျောပုံမှန်တင်ပို့

အောက်တိုဘာ ၁၅ ရက်မှ ၂၁ ရက် သီတင်း ပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကန်ပိုက်တီးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၀၇၁၅၉၅ တန်ဖိုးရှိ တစ်သျှူးငှက်ပျော တန် ၆၅၀၀ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က တန် ၅၀၀၀ တင်ပို့နိုင်ခဲ့တဲ့အတွက် ကန်ပိုက်တီးမှ တစ်သျှူးငှက်ပျော ပုံမှန်တင်ပို့လျက်ရှိပါတယ်။ တစ်သျှူးငှက်ပျောတစ်တန်ကို မိမိဘက်ပေါက်ဈေးမှာ ကျပ်လေးသိန်းရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## ပျားရည်

### တရုတ်နိုင်ငံသို့ ပျားရည်ပုံမှန်တင်ပို့

မြန်မာနိုင်ငံမှ ပျားရည်ကို ပြည်ပဈေးကွက်များမှ ဝယ်လိုအားရှိတာကြောင့် မြန်မာနိုင်ငံထွက် ဆီးပျားရည်၊ ပန်းနှမ်းပျားရည်နဲ့ နေကြာပျားရည် တွေကို တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ ထိုင်း၊ ဥရောပနိုင်ငံများနဲ့ အနောက်နိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိပါတယ်။ ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့နိုင်ရန် ပျားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်လိုသူများ လိုအပ်လျက်ရှိနေတဲ့ အရင်းအနှီးနဲ့ နည်းပညာများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန (ပျားလုပ်ငန်းဌာန) မှ ကူညီမယ်လို့ သိရပါတယ်။

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာ ၁၅ ရက်မှ ၂၁ ရက်အတွင်း အမေရိကန်ဒေါ်လာ ၂၀၅၁၀ တန်ဖိုးရှိ ပျားရည် ၂၉ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန် ၃၀ တင်ပို့ခဲ့လို့ မူဆယ်မှ တစ်ဆင့် တရုတ်နိုင်ငံသို့ ပျားရည်ပုံမှန်တင်ပို့နေတယ်လို့ ဆိုရပါမယ်။ ပျားရည်တစ်တန်ကို လိုင်စင်ဈေး အမေရိကန်ဒေါ်လာ ၇၀၀ ရှိတယ်လို့ မူဆယ် ကုန်သွယ်ရေးဇုန်မှ သိရပါတယ်။

**မော်မော်အောင်**

## လက်မှတ်အတု၊ မှတ်ပုံတင်အတုဖြင့် မော်တော်ယာဉ်လိုင်စင် လျှောက်ထားမှုအား အရေးယူဆောင်ရွက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး (ရန်ကုန်) တွင် အောက်တိုဘာ ၂၁ ရက်နေ့က လက်မှတ်အတု၊ မှတ်ပုံတင် အတုဖြင့် မော်တော်ယာဉ်လိုင်စင်လျှောက်ထားလာသည့် အမျိုးသမီးနှစ်ဦးအား စစ်ဆေး အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ထိုနေ့ နံနက် ၁၀:၃၀ အချိန်က မော်တော်ကားပါမစ်လျှောက်ထားသူ၏ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်သူတစ်ဦးမှ တင်ပြလာသော စာရွက်စာတမ်းများကို စိစစ်ရာတွင် ယာဉ်တင်သွင်းသူအဖြစ် လက်မှတ်အတု ရေးထိုးပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် အသက်မပြည့်သေးသူမောင်ဇင်မျိုးအောင်၏ ဓာတ်ပုံအား အစားထိုးလဲလှယ်ကပ်၍ လာရောက်လိမ်လည်လျှောက်ထားခဲ့သည်ကို စစ်ဆေး တွေ့ရှိခဲ့ရသည်။ ထို့ကြောင့် မော်တော်ယာဉ်လာရောက် လျှောက်ထားသူ ကိုယ်စားလှယ် ဒေါ်စန်းစန်းမြင့်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ မှတ်ပုံတင်အတုပြုလုပ်ဆောင် ရွက်ပေးသူ ဒေါ်နှင်းနှင်း(ခေါ်) ဒေါ်သက်မာဦးတို့အား ဥဒေအရ အရေးယူပေးပါရန် ပန်းဘဲတန်းမြို့နယ် မြို့မရဲစခန်းသို့ အမှုဖွင့် တိုင်တန်းခဲ့ပြီး အောက်တိုဘာ ၂၁ ရက်နေ့ ၂၂:၂၅ အချိန်တွင် ပန်းဘဲတန်းမြို့မရဲစခန်းမှ (ပ) ၂၈၄/၂၀၁၆၊ ရာဇသတ်ကြီးဥပဒေပုဒ်မ- ၄၂၀/၄၆၈ ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါသည်။

**ပို့ကုန် သွင်းကုန်(ရန်ကုန်)**

## Singapore Chinese Chamber of Commerce and Industry က မြန်မာနိုင်ငံရှိစီးပွားရေး လုပ်ငန်းရှင်များနှင့် လာရောက်တွေ့ဆုံမည်

ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် စင်ကာပူနိုင်ငံရှိ Singapore Chinese Chamber of Commerce and Industry တို့ ပူးပေါင်း၍ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲကို နိုဝင်ဘာလ ၈ ရက်တွင်ပြည်ထောင်စုမြန်မာ နိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Singapore Chinese Chamber of Commerce and Industry(SCCCI) မှ စက်မှုလုပ်ငန်းများ၊ စားသောက်ကုန်လုပ်ငန်းများ၊ အအေးခန်းသိုလှောင်ရုံလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ ဆေးပစ္စည်းဆိုင်ရာပစ္စည်းများ ပုံသွင်းခြင်းလုပ်ငန်း၊ အကြံပေးလုပ်ငန်း၊ သစ်တော ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ရေထွက်ပစ္စည်းများ၊ ကုန်သွယ်ရေးလုပ်ငန်းများ၊ နည်းပညာရပ်ဆိုင်ရာလုပ်ငန်း၊ ကျောက်မျက်ရတနာလုပ်ငန်းများ၊ ဥပဒေလုပ်ငန်း၊ အင်ဂျင်နီယာပညာရှင်များ၊ ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ၊ ရေပိုက်လိုင်းများ တပ်ဆင်သည့် စနစ်များနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်း၊ အိမ်ခြံမြေလုပ်ငန်း၊ စွမ်းအင်နှင့် သတင်းအချက်အလက်နည်းပညာများ၊ ဘဏ္ဍာရေးစသည့် ဝန်ဆောင်မှုလုပ်ငန်းများ အစရှိသည့် လုပ်ငန်းကဏ္ဍများမှ ကိုယ်စားလှယ် စုစုပေါင်း ၂၃ ဦးခန့် လာရောက်ကြမည်ဖြစ်ကြောင်း UMFCCI ၏သတင်း ထုတ်ပြန်ချက်များအရ သိရသည်။

ယင်းတွေ့ဆုံပွဲသို့ တက်ရောက်၍ စီးပွားရေးမိတ်ဘက်များ ရှာဖွေလိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် https://goo.gl/1p72KC တွင် ပါရှိသော Registration Form အား Download ရယူဖြည့်စွက်၍ ကုန်သည်စက်မှုအသင်းချုပ် အီးမေးလ် IRD Department Email: ird@umfcci.com.mm သို့ ပြန်လည်ပေးနိုင်ကြောင်း သိရသည်။

Singapore Chinese Chamber of Commerce and Industry (SCCCI)မှ လာရောက်မည့်သူများ စာရင်းကို https://goo.gl/1p72KC တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိပါသည်။

## MTSH ကုမ္ပဏီက အခြားအထူးစီးပွားရေးဇုန်များနှင့် စက်မှုဇုန်များ၌ လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်မည်

မြန်မာသီလဝါ အထူးစီးပွားရေးဇုန် အများပိုင်ကုမ္ပဏီ (MTSH) အနေဖြင့် လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် သီလဝါ အထူးစီးပွားရေးဇုန် အပြင် နောက်ထပ် အကောင်အထည်ဖော်မည့် အထူးစီးပွားရေးဇုန်များ၊ အခြားသော စက်မှုဇုန်များတွင်ပါ လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း မြန်မာသီလဝါ အထူးစီးပွားရေးဇုန် အများပိုင်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးဝင်းအောင်က ပြောကြားခဲ့သည်။

ယခုအခါတွင် MTSH ကုမ္ပဏီအနေဖြင့် သီလဝါအထူးစီးပွားရေးဇုန်တွင် ဇုန်(A)ကို အကောင်အထည်ဖော်လျက်ရှိရာ လုပ်ငန်းများ ပြီးစီးလုနီးပါး အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ဆက်လက်၍ ဇုန် (B) ကို အကောင်အထည်ဖော်ရန် လုပ်ဆောင်လျက်ရှိပါကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်ကို အပြည့်အဝအကောင်အထည်ဖော်ပြီးချိန်တွင် အခြားသောနေရာများ၌ စီးပွားရေးလုပ်ငန်းများကို ဖြန့်ကျက်လုပ်ဆောင်ရန် ကြိုတင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း အောက်တိုဘာလ ၂၃ ရက်က ပြုလုပ်ခဲ့သည့် MTSH ၏ အထူးအရေးပေါ် ညီလာခံတွင် ပြောကြားခဲ့ခြင်း ဖြစ်သည်။

“သီလဝါ အထူးစီးပွားရေးဇုန်ရဲ့ လုပ်ငန်းတွေက တစ်ချိန်ကျရင် အပြည့်အဝအကောင်အထည်ဖော်ပြီးသားဖြစ်သွားမယ်။ အဲဒီလိုပြီးသွားတဲ့အချိန်မှာ ကုမ္ပဏီက ဝန်ဆောင်ခအနေနဲ့ ဝင်ငွေတွေ ရရှိနေမှာဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီလိုမျိုးနဲ့တင်ရပ်နေတာမျိုးမဟုတ်ဘဲ အခြားစီးပွားရေး လုပ်ငန်းတွေမှာလည်း ဝင်ရောက်လုပ်ကိုင်သွားဖို့ စီစဉ်ထားပါတယ်”ဟု ၎င်းက ပြောကြားခဲ့သည်။

သီလဝါ အထူးစီးပွားရေးဇုန်၏ ဇုန် (A) တွင် နိုင်ငံပေါင်း ၁၇ နိုင်ငံမှ စက်ရုံပေါင်း ၈၀ ခန့် လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိပြီး အချို့သောစက်ရုံများမှာ လုပ်ငန်းများလည်ပတ်လျက်ရှိနေကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ သန်း ၈၀၀ အထိရှိနေပြီဖြစ်ကြောင်း သိရသည်။

သီလဝါအထူးစီးပွားရေးဇုန်၏ ဇုန်(B)ကို ဆက်လက်အကောင်အထည်ဖော်ရန်အတွက် အောက်တိုဘာလ ၂၁ ရက်က မြန်မာနိုင်ငံအစိုးရနှင့် မြန်မာ-ဂျပန် သီလဝါဖွံ့ဖြိုးတိုးတက်ရေး လီမိတက်တို့ Joint Venture Agreement Amendment ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

# ဈေးကွက်စီမံခန့်ခွဲမှုဆိုင်ရာ

# p;ym;a&;oabmw&m;rsm;

|မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)|

Economy ဟူသော ဝေါဟာရသည် ဒေါမ ဘာသာစကားမှ ဆင်းသက်လာသည်။ အနက်အဓိပ္ပာယ်မှာ 'အိမ်ထောင်စုကိစ္စရပ်များကို စီမံခန့်ခွဲမှု' ဟူ၍ ဖြစ်သည်။ ကနဦးတွင် ဤမူလဇစ်မြစ် အသွင်ဟူသည် ထူးသယောင်ထင်စရာ ရှိသည်။ သို့သော် တကယ်တမ်းတွင်မူ အိမ်ထောင်စုနှင့် စီးပွားရေးတို့တွင် တူညီချက်များစွာ ရှိပါသည်။

အိမ်ထောင်စု တစ်စုသည် ဆုံးဖြတ်စရာ အချက် အများအပြားကို ရင်ဆိုင်ရရှိသည်။ အိမ်ထောင်စု ဝင်မည့်သူက မည်သည့် အလုပ်ကို လုပ်ရမည်။ အတို့အပြန်အနေဖြင့် မည်သည့် အကျိုးကို ခံစားရမည်ဟု ဆုံးဖြတ်ရမည်။ မည်သူက ညစာချက်မည်။ မည်သူက အဝတ်လျှော်ရမည်။ မည်သည့် ရုပ်မြင်သံကြား အစီအစဉ်ကြည့်ရမည်ကို မည်သူရွေးချယ်ခွင့်ရှိသည် စသည်ဖြင့် ထွေထွေပြားပြား လုပ်ရသည်တို့ ရှိသည်။ အတိုချုပ် ပြောရလျှင် အိမ်ထောင်စုတစ်စုသည် ယင်း၏ ရှားပါးသော ရင်းမြစ်များကို ထွေထွေပြားပြား အဖွဲ့ဝင်များကြား ဝေမျှစေသည်။ တစ်ဦးတစ်ယောက်ချင်း၏ စုမိဆောင်းမိ ကြိုးပမ်းမှုများနှင့် လိုအင်ဆန္ဒတို့ကို ထည့်တွက်ရသည်။

အိမ်ထောင်စုတစ်စု ကဲ့သို့ပင် လူမှုအသိုက်အမြုံတစ်ခု (သို့ မဟုတ်) တစ်ကမ္ဘာလုံး၏ စီးပွားရေးအကြောင်း ပြောဆိုနေသည့်အခါ စီးပွားရေးဆိုသည်မှာ လူတစ်စုနှင့် အခြားလူတစ်စုတို့ ကိုယ့်ဘဝကို ရှင်သန်နေထိုင်ရင်း အပြန်အလှန် ဆက်စပ် ဆောင်ရွက်နေကြခြင်းပင် ဖြစ်သည်။ စီးပွားရေး၏ အပြုအမူတစ်ခုသည် စီးပွားရေး ဖြစ်ထွန်းစေသော သီးခြားပုဂ္ဂိုလ်များ၏ အပြုအမူကို ရောင်ပြန်ဟပ်သဖြင့် ကျွန်တော်တို့၏ စီးပွားရေး လေ့လာမှုကို တစ်သီးပုဂ္ဂလ ဆုံးဖြတ်ချက်ချမှု ဆိုင်ရာ သဘောတရား (Principles of individual decision making) လေးခုဖြင့် စတင်ပါမည်။

**စီးပွားရေး သဘောတရား (၁)**

**အကောင်းဆုံး အခြေအနေသို့ ရောက်အောင် အတိုးအလျှော့၊ အပေးအယူ လုပ်ခြင်းများ (Trade Offs) ကို လူတို့ရင်ဆိုင်ရခြင်း**

ဆုံးဖြတ်ချက်များ ချခြင်းနှင့် ပတ်သက်သော ပထမသင်ခန်းစာ ကို အောက်ပါ ဆိုရိုးစကားတွင် အနှစ်ချုပ် တွေ့နိုင်ပါသည်။ ထိုဆိုရိုး စကားမှာ -

**"အခမဲ့ နေ့လယ်စာဟူ၍ မရှိပါ"**

(There is no such thing as a free lunch.)

ကျွန်တော်တို့သည် မိမိတို့ လိုချင်သည့် အရာကို ရရှိရန် ပုံမှန်အားဖြင့် အခြားနှစ်သက်သည့် အရာကို စွန့်လွှတ်ရရိုးထုံးစံ ရှိသည်။ ဆုံးဖြတ်ချက်ချခြင်းများသည် ပန်းတိုင်ရည်မှန်းချက် (Goals) တစ်ခုနှင့်တစ်ခု နှိုင်းယှဉ်ချိန်ဆရန် အကောင်းဆုံး အခြေအနေသို့ ရောက်အောင် အတိုးအလျှော့၊ အပေးအယူ လုပ်ခြင်းများ လိုအပ်ပါသည်။

ဥပမာ - ကျောင်းသူတစ်ဦးကို စဉ်းစားကြည့်ပါ။ သူ၏ တန်ဖိုး အရှိဆုံး ရင်းမြစ်၊ တစ်နည်းသူ၏ အချိန်ကို မည်သို့ခွဲတမ်းချရမည်ကို ဆုံးဖြတ်ရမည် ဆိုပါစို့။ သူမသည် စီးပွားရေးပညာကို အချိန်ပြည့် ဆည်းပူးနိုင်သည်။ သို့မဟုတ် ထိုဘာသာရပ်နှစ်ခုကြား အချိန်ပိုင်းခြား ပေးနိုင်သည်။ ဘာသာရပ်တစ်ခုကို အချိန်တစ်နာရီပေး လေ့လာ ဆည်းပူးနိုင်ခွင့်ကို သူစွန့်လွှတ်သည်။ တစ်ဖန် စာကြည့်သည့် တစ်နာရီတိုင်းအတွက် အိပ်စက်ရန်၊ စက်ဘီးစီးရန်၊ တီဗီကြည့်ရန်(သို့မဟုတ်) အပိုအသုံးစရိတ်အတွက် အချိန်ပိုင်း အလုပ်လုပ်ရန် အခွင့်အရေး တစ်နာရီစာ ဆုံးရှုံးရသည်။

တစ်ဖန် မိသားစုဝင်ငွေကို သုံးစွဲနည်းအား ဆန်းစစ်ဆုံးဖြတ်နေသော မိဘများကို စဉ်းစားကြည့်ပါ။ သူတို့ အဝတ်အစား ဝယ်နိုင်သည်။ (သို့မဟုတ်) မိသားစု အပန်းဖြေခရီး ထွက်နိုင်သည်။ (သို့ မဟုတ်) အငြိမ်းစားယူမည့် ကာလအတွက် (သို့မဟုတ်) ကလေးများအတွက်၊ ကောလိပ်ပညာ သင်ကြားရေးအတွက် မိသားစုဝင်ငွေကို စုဆောင်းနိုင်သည်။ သူတို့သည် ကုန်ပစ္စည်းများ အပေါ်တွင် အပိုငွေ (ကျပ်တစ်ထောင်) သုံးစွဲသည်နှင့် အခြားကုန်ပစ္စည်းအပေါ်တွင် သုံးစွဲစရာ ကျပ်တစ်ထောင် လျော့သွားသည်။ လူတို့သည် လူမှုရေး အဖွဲ့အစည်းများ အဖြစ်သို့ စုစည်းအုပ်စုဖွဲ့လိုက်သောအခါ တစ်မျိုး တစ်ဘာသာစီ ခြားနားသော အပေးအယူများ ကြုံရသည်။

ဂန္ထဝင် မြောက် အပေးအယူကား . . . . သေနတ်များနှင့် ထောပတ် (guns and butter) ကိစ္စပင် ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ ကမ်းခြေများ သို့ တိုင်းတစ်ပါး အကြမ်းဖက်သူများ (သေနတ်များ)ရန်မှ ကာကွယ် ရန် အမျိုးသားကာကွယ်ရေး စရိတ်အတွက် ပိုမို သုံးစွဲလေလေ၊ အိမ်တွင် လူနေမှု အဆင့်မြှင့်ရန် ကိုယ်ပိုင်အသုံးအဆောင်များ (ထောပတ်)အတွက် သုံးစွဲနိုင်သည့် ငွေကြေး ပမာဏ နည်းလေလေ ဖြစ်သည်။

ခေတ်မီလူနေမှု အသိုက်အမြုံတွင် အရေးကြီးသော အချက်တစ်ချက်မှာလည်း သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်နှင့် အဆင့်မြင့် ဝင်ငွေကြား အပေးအယူပြုရမှုပင်ဖြစ်သည်။ လေထုညစ်ညမ်းမှု လျော့ပါးစေရန် ပိတ်ပင်တားဆီးသည့် ဥပဒေသည် ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုစရိတ်ကို မြင့်မားသွားစေသည်။ ကုန်ကျစရိတ် မြင့်လေလေ၊ ကုမ္ပဏီ စရိတ် မြင့်လေလေ၊ ကုမ္ပဏီများ၏ အမြတ်အစွန်း နည်းလေလေ ဖြစ်ရပြီး၊ လစာနည်းနည်းပေးခြင်း၊ ပစ္စည်းဈေး နှုန်းတင်ခြင်း (သို့မဟုတ်) ယင်းသုံးချက်လုံး ပေါင်းစပ်ခံစားရစေသည်။ ထို့ကြောင့် လေထု ညစ်ညမ်းမှုအတွက် စည်းမျဉ်းသတ်မှတ်ချက်ကြောင့် လူသားတို့ကို ပို၍ သန့်စင်သော သဘာဝပတ်ဝန်းကျင် ရရှိစေပြီး သဘာဝ ပတ်ဝန်းကျင် သန့်စင်မှုကြောင့် ကျန်းမာရေးအခြေအနေ တိုးတက်စေသော်လည်း ကုမ္ပဏီပိုင်ရှင်များ၊ အလုပ်သမားများနှင့် စားသုံးသူများ၏ ဝင်ငွေကို လျော့ပါးပစ်လိုက်သည့် အခြေအနေရှိသည်။

လူမှုအသိုက်အမြုံတွင် ကြုံတွေ့နေရသော အကောင်းဆုံး အခြေအနေသို့ ရောက်အောင် အတိုးအလျှော့၊ အပေးအယူ လုပ်ခြင်း မှာ စွမ်းဆောင်ရည် (Efficiency)နှင့် သာတူညီမျှရှိမှု (Equity) တို့၏ ကြားဖြစ်စဉ်ပင် ဖြစ်သည်။ စွမ်းဆောင်ရည်၏ ဆိုလိုရင်းမှာ လူမှုအသိုက်အမြုံသည် ရှားပါးရင်းမြစ်ကို အကျိုးအရှိဆုံး အသုံးပြုနေခြင်းဟူသော အနက်အဓိပ္ပာယ်ဆောင်သည်။ သာတူညီမျှရှိမှု ဆိုသည်မှာ ယင်းရင်းမြစ်များ၏ အကျိုးကျေးဇူးများကို လူမှုအသိုက်အမြုံဝင် အားလုံးကြားသာ တူညီမျှ ခွဲဝေပေးထားသည် ဟူသော အနက်အဓိပ္ပာယ်ဆောင်သည်။ တစ်နည်း



ဆိုရလျှင် စွမ်းဆောင်ရည်သည် စီးပွားရေးကိတ်မုန့်၏ အရွယ်အစားကို ရည်ညွှန်းပြီး သာတူညီမျှမှုသည် ကိတ်မုန့်ကို မည်မျှပိုင်းစိတ်သည်ကို ရည်ညွှန်းသည်။ အစိုးရမူဝါဒများ ပုံဖော်နေသောအခါတွင် ယင်းပန်းတိုင်နှစ်ခု ပဋိပက္ခ ဖြစ်တတ်သည်။

ဥပမာ - စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ပို၍သာတူညီမျှ ခွဲဝေ ပေးရေးကို ရည်ရွယ်သော မူဝါဒကို ဆန်းစစ်ကြည့်ပါ။ လူမှုဖူလုံရေး စနစ် (သို့မဟုတ်) အလုပ်လက်မဲ့ အာမခံမှုကဲ့သို့သော အချို့သော မူဝါဒများသည် လိုအပ်မှုအရှိဆုံး လူမှုအသိုက်အမြုံဝင် တို့ကို ကူညီ ရန် ကြိုးစားတတ်သည်။ တစ်သီးပုဂ္ဂလ ဝင်ငွေခွန်ကဲ့သို့ အခြား မူဝါဒများမှာ ငွေကြေးအရ အောင်မြင်နေသူများ တစ်ပါးသူတို့ထက် ပိုသာစွာ အစိုးရကို ပံ့ပိုးရန် ချမှတ်ထားသော မူဝါဒပင်ဖြစ်သည်။ ဤမူဝါဒများ သည် ပို၍ သာတူညီမျှ အကျိုးရှိစေသော်လည်း အပေး အယူလုပ်မှု လျော့နည်းစေသည့် ဒဏ်ကို ခံစားရသည်။ အစိုးရသည် ကြွယ်ဝချမ်းသာသော သူတို့၏ ဝင်ငွေကို ဆင်းရဲချို့တဲ့သူတို့ကို ပြန်လည်ဖြန့်ဝေပေးသောအခါတွင် အလုပ်ကြိုးပမ်း၊ လုပ်ကိုင်မှု အကျိုးရလဒ်ကို လျော့ပါးသွားစေသည်။ ထိုအကျိုးဆက်ကြောင့် လူတို့သည် အလုပ်လျော့လုပ်ပြီး ပို၍နည်းပါးသော ပစ္စည်းထုတ်လုပ် ကာ ပို၍နည်းပါးသော ဝန်ဆောင်မှုပြုသည်။ တစ်နည်းပြောရလျှင် အစိုးရက စီးပွားရေးကိတ်မုန့်ကို ပို၍ညီတူညီမျှ ပိုင်းလေလေ၊ ကိတ်မုန့်က သေးလာလေလေပင် ဖြစ်သည်။

လူတို့သည် အကောင်းဆုံး အခြေအနေကို ရောက်အောင် အတိုးအလျှော့၊ အပေးအယူ လုပ်ခြင်းများကို ရင်ဆိုင်ရသည်ဟု အသိအမှတ်ပြုခြင်း သက်သက်က ယင်းတို့ မည်သည့် ဆုံးဖြတ်ချက် များချမည်။ (သို့မဟုတ်) ချသင့်သည်ကို မပြောပြနိုင်ချေ။ ကျောင်းသားတစ်ဦးသည် စီးပွားရေး ဘာသာရပ် လေ့လာရန် ရရှိသည့်အချိန် တိုးပွားလာစေသည့်အတွက် စိတ်ပညာ ဆည်းပူးမှုကို မစွန့်ပစ်သင့်ချေ။ လူမှုအသိုက်အဝန်းသည် သဘာဝပတ်ဝန်းကျင် ကာကွယ်မှုကို တမင်သက်သက် မရပ်တန့်သင့်ချေ။ မည်သို့ပင် ဖြစ်စေ ဘဝ၏အကောင်းဆုံး အခြေအနေသို့ ရောက်အောင် အတိုးအလျှော့၊ အပေးအယူ လုပ်ခြင်းများကို အသိအမှတ်ပြုတတ်ရန် အရေးကြီးသည်။ လူသားတို့သည် ယင်းတို့ရွေးချယ်စရာ လမ်းများကို သိမှသာလျှင် ဆုံးဖြတ်ချက်ကောင်းများကို ချနိုင်ရန် အလားအလာ များသည်။

**ကုန်ကျစရိတ်နှင့် အခွင့်အလမ်း**

(Cost and Opportunity)

ဆုံးဖြတ်ချက်ဆိုင်ရာ စီးပွားရေး သဘောတရားများကို လေ့လာကြည့်ရာတွင် ကုန်ကျစရိတ် (Cost) နှင့် ရရှိမည့် အခွင့်အလမ်းကို တွေ့မြင်နိုင်သည်။ စီးပွားရေး ဝေါဟာရတစ်ခု ဖြစ်သော (Opportunity Cost) ၏ သဘောသဘာဝကို ဤသဘောတရား တွင် တွေ့ရှိရသည်။

**စီးပွားရေး သဘောတရား (၂)**

တစ်စုံတစ်ရာ၏ ကုန်ကျစရိတ်သည် ထိုအရာကိုရရှိရန် သင် စွန့်လွှတ်လိုက်ရသည့် အရာပင် ဖြစ်သည်။

စာမျက်နှာ ၂၄ သို့ ➲

# ကျပ်သိန်း ၁၀၀ နှင့် ၂၀၀ ဝန်းကျင်ရှိ အိမ်ခြံမြေများ အရောင်းအဝယ်ပြန်လှုပ်လာ

ဝါတွင်းကာလတွင် ဈေးအေးခဲ့ပြီး အရောင်းအဝယ်မရှိသလောက်ဖြစ်ခဲ့ သည့် ရန်ကုန်မြို့ အိမ်ခြံမြေဈေးကွက်၌ ဝါကျွတ်ကာလအရောက်တွင် ကျပ် သိန်း ၁၀၀ နှင့် ကျပ်သိန်း ၂၀၀ ကြားရှိ အိမ်ခြံမြေများသာ အရောင်းအဝယ်ပြန် ဖြစ်လာခဲ့ကြောင်း အိမ်ခြံမြေဈေးကွက်အတွင်းမှ သိရသည်။

ဝါတွင်းကာလအတွင်း အိမ်ခြံမြေ များကို ကာလပေါက်ဈေးထက် ထက်ဝက်ခန့် လျှော့ချ၍ ရောင်းချခဲ့သော်လည်း ဝယ်ယူသူ လုံးဝမရှိခဲ့ဘဲ ယခုလ မှ စတင်ကာ ဆင်ခြေဖုံးမြို့နယ်များနှင့် မြို့တွင်းနှင့် နီးစပ်သည့်မြို့နယ်အချို့တွင်သာ အရောင်းအဝယ်ရှိခဲ့ကြောင်း အိမ်ခြံမြေအကျိုးဆောင်များက ပြောကြားခဲ့သည်။

"ကျပ်သိန်း ၁၀၀၊ ၂၀၀ ဝန်းကျင် လောက်ရှိတဲ့တိုက်ခန်းတွေ၊ မြေကွက်တွေပဲ အရောင်းအဝယ်ဖြစ်တယ်။ ဒါတောင် အရမ်းကြီး အလုပ်မဖြစ်သေးပါဘူး။ သူ့နေရာနဲ့သူ အထိုက်အလျောက်ပဲ အရောင်းအဝယ်ဖြစ်တယ်။ ဝယ်သူကို မျှော်နေရတဲ့ ကာလဖြစ်နေတယ်။ ဝယ်သူက လာစပ်ရင် အရောင်းအဝယ် မဖြစ်ဖြစ်အောင် ညှိပေးနေရတယ်။ ကျပ်သိန်း တစ်ထောင်ကျော်တဲ့ကွန်ဒို တွေ၊ မြေကွက်တွေကတော့ အလုပ်ဖြစ်တာ တော်တော်လေးကို ရှားနေပြီ"ဟု အိမ်ခြံမြေအကျိုးဆောင်တစ်ဦး ဖြစ်သူ မနွဲ့က ပြောကြားခဲ့သည်။

ယခုလအတွင်း သာကေတ၊ ဒေါပုံ၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ တောင် ဥက္ကလာ၊ မြောက်ဥက္ကလာ၊ သဃ်န်းကျွန်း၊ လှိုင်သာယာ၊ ရွှေပြည်သာမြို့နယ်အတွင်းရှိ မြေကွက်များ၊ တိုက်ခန်း များကို အမေးများသကဲ့သို့ အရောင်း အဝယ်လည်းဖြစ်ခဲ့သည်ဟု ဆိုသည်။

တန်ဖိုးနည်းအိမ်ရာများကို မြို့ပြ နှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေး ဘဏ်နှင့်ချိတ်ဆက်ကာ ရောင်းချပေး နေသဖြင့် အဆိုပါအိမ်ရာများဘက်သို့ ခြေဦးလှည့်သွားကြသော်လည်း တန်ဖိုး နည်းအိမ်ရာ ဝယ်ယူခွင့်မှာ ကန့်သတ် ချက်များရှိနေသဖြင့် ဝယ်ယူရန်လက် တွန့်နေကြသည်ဟု ဆိုသည်။

လက်ရှိအချိန်တွင် အိမ်ခြံမြေဈေး ကွက်အခြေအနေမှာ အကျဘက်သို့ ရောက်နေသဖြင့် ကန်ထရိုက်များသည်လည်း ဈေးလျှော့၍ ရောင်းချနေရကြောင်း၊ ငွေပေါ်လျှင်ပြီးရောဆိုသည့် သဘောမျိုးဖြင့် ဈေးလျှော့၍ ရောင်းချ နေကြခြင်းကြောင့် တိုက်ခန်းများ၏ဈေးနှုန်းများမှာ ပိုမိုကျဆင်းနေရခြင်းဖြစ်ကြောင်း ၎င်းက ထပ်မံရှင်းပြခဲ့သည်။

"အခုဆိုရင် တိုက်ခန်းဈေးတွေက တော်တော်လေးကို ကျနေတာ။ ကန်ထရိုက်တွေကလည်း နောက်ထပ်တိုက် ခန်းတွေကို လက်ခံထားတော့ ဒီဘက် က တိုက်ခန်းတွေက ရောင်းမထွက်၊ ငွေကမပေါ်၊ အဲဒါနဲ့ ငွေပြန်ပေါ်ဖို့ အတွက် ဈေးအသင့်အတင့်ရတာနဲ့ ရောင်းထုတ်နေကြတာ"ဟု မနွဲ့က ပြောကြားခဲ့သည်။

သဃ်န်းကျွန်းမြို့နယ်တွင် ဝါမဝင် ခင်က မြေညီထပ် တိုက်ခန်းတစ်ခန်း လျှင် ကျပ်သိန်း ၅၀၀ မှ ၈၀၀ ကြား ရှိသော်လည်း ယခုအခါတွင် ကျပ်သိန်း ၃၀၀ မှ ၄၀၀ ကြားသာရှိတော့ကြောင့် သဃ်န်းကျွန်းမြို့နယ်မှအိမ်ခြံမြေအကျိုး ဆောင်တစ်ဦးက ပြောကြားခဲ့သည်။

## ➲ စာမျက်နှာ - ၃ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် GIZ မှ... အဆက်

တွေ့ဆုံရာတွင် သီလဝါ အထူးစီးပွားရေးဇုန်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျင့်သုံးသွားမည့် လုပ်ထုံးလုပ်နည်းများ၊ နည်းလမ်းများ၊ လုပ်ငန်းအဖွဲ့များအကြား ဆွေးနွေးညှိနှိုင်းခြင်းမှတစ်ဆင့် ပိုမိုကောင်းမွန်သော မူဝါဒများ ထွက်ပေါ်လာနိုင်ရေး၊ သီလဝါအထူးစီးပွားရေးဇုန်တွင် ထုတ်လုပ်မည့် ကုန်ပစ္စည်းများ အတွက် လိုအပ်သော အစိတ်အပိုင်းများအား ဒေသတွင်းလုပ်ငန်းရှင်များက ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ဂျပန် နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ယခုထက် ပိုမိုဝင်ရောက်လာရေးတို့ အပါအဝင် အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအား သက်ဆိုင်သည့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး အစိုးရ များနှင့် ဆွေးနွေးညှိနှိုင်းသွားမည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားများသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC (IR)**

## ➲ စာမျက်နှာ - ၃ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် International Trade ...မှ အဆက်

မပြတ် လုပ်ဆောင်နေသည့်အတွက် သိသာမြင်သာသော တိုးတက်မှုများ ရရှိလာပြီဖြစ်ကြောင်း၊ မိမိ ဝန်ကြီးဌာန အနေဖြင့် ကုန်သွယ်မှုဖြေလျှော့ပေးခြင်းဆိုင်ရာ လုပ်ငန်းနယ်ပယ်၊ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းနယ်ပယ်၊ ကုန်သွယ်မှုလုပ်ငန်း လျင်မြန်ချောမွေ့စေရေး လုပ်ငန်းနယ်ပယ်၊ ကုန်သွယ်မှု စေ့စပ်ညှိနှိုင်းရေးလုပ်ငန်းနယ်ပယ်၊ ကုန်သွယ်မှု ပညာပေးရေး လုပ်ငန်းနယ်ပယ်တို့ကို ဦးစားပေး ဆောင်ရွက်ခဲ့သည့်အတွက် ကုန်သွယ်မှုကဏ္ဍတွင် တိုးတက်လာသည်ကို တွေ့မြင်ရမှာဖြစ်ကြောင်း၊ ယခု သင်တန်းသို့တက်ရောက်ခဲ့ကြသော သင်တန်းသားများအား ကုန်သွယ်ရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် အရည်အသွေးမြင့်မားပြီး စီးပွားရေးကျင့်ဝတ်ကောင်းသော လုပ်ငန်းရှင်များ၊ လုပ်ငန်းအဖွဲ့အစည်းများ ဖြစ်ပေါ်လာစေရန်အတွက် ကုန်သွယ်မှုဆိုင်ရာလုပ်ငန်း ဘာသာရပ်များကို သင်ကြားပေးခဲ့ပြီး ယခုသင်တန်းမှာ သင်တန်းကာလအတွင်း ပြည်တွင်းပြည်ပ စီးပွားရေးပညာရှင်များ၏ Business Talk စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲများကို ကုန်သွယ်မှု အတွေ့အကြုံများ ကျယ်ပြန့်နိုင်ရေးအတွက် ပြုလုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ သင်တန်းသားများ အနေဖြင့်သင်တန်းမှပို့ချသည့်ဘာသာရပ်များအား ပြည်တွင်းပြည်ပ ကုန်သွယ်ရေးဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများကို ပြန်လည်အသုံးချကာ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးစေရေးအတွက် အထောက်အကူပြု ဆောင်ရွက်သွားကြရန် စသည်ဖြင့် ပြောကြားသည်။

ထို့နောက် သင်တန်းဆင်းလက်မှတ်များအား ပြည်ထောင်စုဝန်ကြီးက ပေးအပ်ရာ သင်တန်းသား/သူများက လက်ခံရယူပြီး ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက သင်တန်းတွင် ဆုရရှိကြသူများအား ဆုများ အသီးသီး ချီးမြှင့်ခဲ့သည်။ ထို့နောက် သင်တန်းသားတစ်ဦးက ကျေးဇူးတင် အမှာစကား ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား/သူ ၆၃ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ၁၃ ပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သာလင်း**

# အတက်ဘက်သို့ ဦးတည်နေသည့် ရန်ကုန်ကားဈေးကွက်

အောက်တိုဘာလကုန်ပိုင်းခန့် ရန်ကုန်ကားဈေးကွက်၏ အခြေအနေမှာ ကားလေးများအနည်းငယ် အရောင်းအဝယ်ရှိသော်လည်း အက္ခရာနိမ့်ကားလေးများသာ အရောင်းအဝယ်ဖြစ်ပြီး စလစ်ကပ်ကားများနှင့် အင်ဂျင်ပါဝါကြီးကားများမှာ အဝယ်နည်း အမေးနည်းပြီး လိုင်းပေါ်ရှိကားများပင် အဝယ်အေးလာ ကြောင်း သိရသည်။

နှစ်ကုန်ခါနီးပြီဖြစ်၍ အပ်ကုန်စနစ်ကားများ သတ်မှတ်ချက်အလိုက် ဆောင်ရွက်ရမည့်ကာလနီးလာသလို လက်ရှိယာဉ်ဟောင်း အပ်နှံစလစ်ဈေးတန်းမှာလည်း ၁၀၇ သိန်း၊ ၁၀၈ သိန်းခန့် ပြန်လည်ဖြစ်ပေါ်နေသဖြင့်လည်းကောင်း၊ ပြည်ပမော်တော်ယာဉ်လေလံဈေးနှုန်း၊ ယန်းဈေးနှုန်းလည်း တက်နေသဖြင့်လည်းကောင်း၊ ပြည်တွင်းနိုင်ငံခြားငွေလဲလှယ်နှုန်းမှာလည်း ပြန်လည်မြင့်တက်နေသဖြင့် လည်းကောင်း၊ ကား ဈေးကွက်အတွင်း အသစ်ထပ်မံတင်သွင်းရန် သိပ်မစဉ်းစားဘဲလက်ရှိ ဈေးကွက်အတွင်း ရောက်ပြီးကားများသာ လှည့်လည်အရောင်းအဝယ်လုပ်နေကြပြီး လွန်ခဲ့သည့်နှစ်ပတ်၊ သုံးပတ်ခန့်က ဘတ်(စ်)ကားကြီးကားအပ်နှံပါက လူစီးယာဉ်စလစ်ပြန်လည်ထုတ်ပေးမည်ဆိုသည့် သတင်းတစ်ရပ်ထွက်ပေါ်ခဲ့ပြီး စလစ်ဈေးတန်းများပြန် လည်ကျဆင်းခဲ့သော်လည်း ရက်အတန်ကြာလာသောအခါ အခြေအနေတစ်စုံတစ်ရာ မထူးခြားသဖြင့် စလစ်ဈေးတန်းများပြန်လည်မြင့်တက်လာခဲ့ကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်းအကျိုးဆောင်ကိုမြင့်ကျော်မှ ပြောသည်။

လာမည့်နှစ်အတွက် မူဝါဒများမထုတ်ပြန်ရသေး သော်လည်း မှန်းခြေဖြင့်လည်းကောင်း၊ အကြားသတင်းဖြင့်လည်းကောင်း မှန်းဆ၊ တွက်ဆနေကြကာ လတ် တလော ယခင်ပုံစံအတိုင်း ကြိုမသွင်းကြို ကောက်မထားရုံသာမက စလစ်များလည်းလိုမှသာ ပေါက်ဈေးအတိုင်း ဝယ်ယူလာပြီး ကားဈေးကွက်အတွင်း တင်သွင်းပြီး စီးနင်းပြီးသား အလယ်အလတ်ဈေးတန်းကားအချို့သာ အရောင်းအဝယ်ရှိတော့ကြောင်း ၎င်းမှပြောသည်။

လက်ရှိရန်ကုန်ဈေးကွက်အတွင်း အက္ခရာတစ် တန်း၊ နှစ်တန်းနိမ့်ရန်ကုန်လိုင်စင်ပေါက်ကားလေးများနှင့် နယ်ဒေသများရှိ ရန်ကုန်လိုင်စင်ကားများသာ အရောင်းအဝယ်ဖြစ်နေကြပြီး အက္ခရာမြင့်ကားသစ်များထဲတွင် ရန်ကုန်အနီးတစ်ဝိုက်မြို့များရှိ နယ် လိုင်စင်နှင့်လူအသုံးများ ကားအချို့ဖြစ်သော ဟွန်ဒါဖစ်၊ ပရိုဘောက်၊ အေဒီဗင်၊ ကိုရိုလာဆလွန်းအချို့အဝယ်ရှိကြောင်း အင်္ဂါးယာဉ်(တက္ကစီ) ဈေးကွက်ထဲတွင် အသုံးများ အကြမ်းခံသော ပရိုဘောက်ကားများ သိန်း ၁၃၀ အထက် အရောင်းအဝယ်ရှိကာ ဈေးတန်းမာလာကြောင်း သိရသည်။

SN

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | တိုယိုတာဗင်(၂၀၁၀) | J | ၁၄၀ သိန်း | 1.3 ဓာတ်ဆီ/ရန်ကုန် |
| ၂။ | မက်(ခ်)တူး (၂၀၀၂) | F | ၁၅၈ သိန်း | 2.0 ဓာတ်ဆီ/ရန်ကုန် |
| ၃။ | မတ်(ခ်) အိပ်စ် (၂၀၀၆) | ယာယီ | ၃၃၅ သိန်း | 2.5 ဓာတ်ဆီ |
| ၄။ | ကလူဂျာ (၂၀၀၆) | ယာယီ | ၃၆၅ သိန်း | 2.4 ဓာတ်ဆီ |
| ၅။ | အာလ်ဖတ် (၂၀၀၂) | I | ၂၅၀ သိန်း | 2.4 ဓာတ်ဆီ/ရန်ကုန် |
| ၆။ | ဗီလ်ဒါ (၂၀၀၉) | ယာယီ | ၁၉၅ သိန်း | 1.5 ဓာတ်ဆီ/ပဲခူးလိုင်စင် |
| ၇။ | တိုယိုတာနွံ့ချ် (၂၀၀၄) | ယာယီ | ၂၅၀ သိန်း | 2.0 ဓာတ်ဆီ |
| ၈။ | ပရိုဘောက် (၂၀၁၁) | ယာယီ | ၁၃၀ သိန်း | 1.5 ဓာတ်ဆီ/ရေဝတီလိုင်စင် |
| ၉။ | ဟွန်ဒါဖစ် | L | ၁၄၂ သိန်း | ရန်ကုန်/ 1.3 ဓာတ်ဆီ(ကားကောင်း) |
| ၁၀။ | အပ်ကား (နှစ် ၂၀) | ၉ က | ၉၉ သိန်း | |

# ကုန်သွယ်မှုကို အထောက်အကူ ပြုစေသည့် နိုင်ငံတကာအဆင့်မီ ကုန်စည်ပြပွဲခန်းမတစ်ခု တည်ဆောက်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်း

နိုင်ငံတကာဈေးကွက် ထိုးဖောက်နိုင်ရေးနှင့် ကုန်သွယ်မှု မြှင့်တင်နိုင်ရေး၊ ထိုမှတစ်ဆင့် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာရေးတို့အတွက် ကမ္ဘာ့နိုင်ငံအသီးသီး၏ ကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့အစည်းများက မိမိတို့ကုန်စည်များကို နိုင်ငံတကာ ကုန်စည်ပြပွဲများနှင့် ဒေသတွင်းကုန်စည်ပြပွဲများတွင် ဝင်ရောက်ပြသ ကာ ဈေးကွက်ဝေစု ပိုမိုရရှိနိုင်ရေးတို့ကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ထို့အတူ တိုးတက်ပွင့်လင်းလာသော နိုင်ငံတော်၏ စီးပွားရေး မူဝါဒများအရ ကုန်စည်ပြပွဲများ(Trade Fairs, Trade Show, Showcase Business)၊ နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာ ဆွေးနွေးပွဲများ(Business Matching) ကို ပြည်တွင်း၊ ဒေသတွင်း နှင့် နိုင်ငံတကာအဆင့်အထိ ပါဝင်ပြသနေမှုများကို ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနမှ သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပေါင်းစပ်ကာ ဆောင်ရွက်လျက်ရှိပါသည်။

ပို့ကုန်များဖွံ့ဖြိုး၍ကုန်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းများ လျင်မြန်စွာ တိုးတက်နေသော နိုင်ငံများတွင် ထိုသို့သောကုန်စည်ပြပွဲများကို အထူးအလေးထား ဆောင်ရွက်နေကြောင်းကို တွေ့မြင်ကြရမည် ဖြစ်ပါသည်။ အိမ်နီးချင်း ထိုင်းနိုင်ငံတွင် နိုင်ငံတကာအဆင့်မီ ကုန်စည်ပြပွဲခန်းမ Bangkok International Trade and Exhibition Centre(BITEC)၊ ဗီယက်နမ်နိုင်ငံတွင် Vietnam Exhibition –Fair Center(VEFAC) နှင့် Saigon Exhibition & Convention Center(SECC) ကို လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံတွင်လည်း Korea International Exhibition Center(KINTEX) နှင့် Convention and Exhibition Center (COEX) ကို လည်းကောင်း၊ အလားတူ တရုတ်နိုင်ငံ နန်နင်းမြို့ရှိ Nanning International Convention and Exhibition Center (NICEC) တို့ကို တည်ဆောက်ကာ ကုန်စည်အမျိုးမျိုးနှင့် ပတ်သက်၍ နိုင်ငံတကာ ကုန်စည်ပြပွဲများ၊ တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၊ China-ASEAN Expo (CAEXPO) ကဲ့သိုသော ပြပွဲများစွာကို လစဉ်၊ နှစ်စဉ် ပြုလုပ်ကျင်းပကာ ကုန်သွယ်မှုဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နေကြပါသည်။

ထို့ကြောင့် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှု မြှင့်တင်နိုင်ရေးတို့နှင့်အတူ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုစေသည့် နိုင်ငံတကာ ကုန်စည် ပြပွဲများ၊ ဒေသတွင်း ကုန်စည်ပြပွဲများကို မိမိနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရန်အတွက် နိုင်ငံတကာအဆင့်မီ ကုန်စည်ပြပွဲ ခန်းမတစ်ခု ဆောက်လုပ် နိုင်ရေး ဝိုင်းဝန်းကြိုးစား ကြရမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**မြတ်မြတ်စိုးမိုး (NES)**

# မော်လမြိုင်မြို့တွင် ရော်ဘာရောင်းသူဝယ်သူတွေ့ဆုံပွဲနှင့် ထုတ်ကုန်ပြပွဲကျင်းပ



စိုက်ပျိုးရေးဦးစီးဌာနနှင့် မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနတို့ ကြီးမှူးပြီး ရော်ဘာ အခွင့်အလမ်း မြှင့်တင်ရေးစီမံကိန်း Generating Rubber Opportunities in Myanmar (GRO Myanmar) ၏ စီစဉ်မှုဖြင့် ရော်ဘာရောင်းသူဝယ်သူ တွေ့ဆုံပွဲနှင့် ထုတ်ကုန်ပြပွဲကို မော်လမြိုင်မြို့၊ ငွေမိုးဟိုတယ်တွင် အောက်တိုဘာ ၂၆ ရက်က ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးမင်းမင်းဦးနှင့် GRO စီမံကိန်း ဒါရိုက်တာတို့က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက မွန်ပြည်နယ်အတွင်းရှိ ကုမ္ပဏီအသင်းအဖွဲ့များမှ ထုတ်ကုန် ရော်ဘာများနှင့် သုံးစွဲသောပစ္စည်းများ ခင်းကျင်းပြသထားသောပြခန်းများကို ကြည့်ရှုအားပေးခဲ့ပါသည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ University of Tunko Abdul Rahman မှလက်ထောက်ပါမောက္ခ ဒေါက်တာအေးအေးခင်က Rubber Outlook ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒေါက်တာသိဂီမြင့်က “မြန်မာ့ရော်ဘာ စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေး ဦးစီးဌာန၏ အခန်းကဏ္ဍ ” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ FU Xing Brother Company မှ မန်နေဂျာ ကိုသူရက ရော်ဘာအရည်အသွေးနှင့်ပတ်သက်၍ လည်းကောင်း၊ Ever Flow River Company မှ ဦးကျော်သူမော်က ထောက်ပံ့ပို့ဆောင်ရေးပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ လည်းကောင်း၊ ရောင်းသူ၊ ဝယ်သူများက အရည်အသွေး၊ ဈေးနှုန်း စသည်တို့အား အုပ်စုအလိုက် ဆွေးနွေးပွဲများ ပြုလုပ်၍လည်းကောင်း၊ KPMG အဖွဲ့မှ ‘Downstream Rubber Market’ ခေါင်းစဉ်နှင့်ပတ်သက်၍ လည်းကောင်း၊ Centre For Economic And Social Development (CESD) မှ ‘ Policy Reform for Rubber Market Opportunities’ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စီးပွားရေးပညာရှင် ဒေါက်တာဇော်ဦးက မွန်ပြည်နယ်မှ ‘ရော်ဘာ အလားအလာနှင့် ဈေးကွက်အခြေအနေ လေ့လာသုံးသပ်ခြင်း’ ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြပါသည်။

အခမ်းအနားသို့ မွန်ပြည်နယ် ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ကုမ္ပဏီများ၊ စိုက်ပျိုးထုတ်လုပ်သူများ၊ ရော်ဘာ အဝယ်ဒိုင်များ၊ ရော်ဘာစက်ရုံပိုင်ရှင် အသင်းအဖွဲ့များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**နေဇင် (မွန်)**

# စက်တင်ဘာလအတွင်း ပုသိမ်မြို့နှင့် ငပုတောမြို့ တို့မှ ရေချိုရေငန်ပုစွန်များပိုမိုတင်ပို့

ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ပုသိမ်မြို့မှ ရေချိုပုစွန် ပိဿာချိန် သုံးသောင်းကျော်နှင့် ရေငန်ပုစွန်ပိဿာချိန် တစ်သိန်းကျော်တင်ပို့နိုင်ခဲ့ကြောင်း ပုသိမ်မြို့ငါးလုပ်ငန်းဦးစီးဌာနမှ သိရှိရသည်။ အဆိုပါပုသိမ်ဈေးကွက်မှ ဩဂုတ်လအတွင်းက ရေချိုပုစွန်ပိဿာချိန် ၂၆၃၅၀ နှင့် ရေငန်ပုစွန်ပိဿာချိန် ၁၁၉၆၀ တင်ပို့ခဲ့ကြောင်း သိရသည်။

ပုသိမ်ဈေးကွက်မှ တင်ပို့လိုက်သည့် ရေချိုရေငန်ပုစွန်များကို ရန်ကုန်ဈေးကွက်မှတစ်ဆင့် ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်းသိရသည်။ ပုသိမ်ဈေးကွက်မှ တင်ပို့လျက်ရှိသည့် ပုစွန်များမှာ ကျားပုစွန်၊ကျော့ပုစွန်၊ မြီးနီပုစွန်တို့ဖြစ်ကြောင်း၊ ကျားပုစွန်များကို နှစ်လက်မ၊ သုံးလက်မ၊ သုံးလက်မခွဲ၊ လေးလက်မ၊ လေးလက်မခွဲ၊ ငါးလက်မစသည်ဖြင့် အရွယ်အစားအမျိုးမျိုး ခွဲခြားကာ တင်ပို့လျက်ရှိပြီး ကျော့ပုစွန်နှင့် မြီးနီပုစွန်များကိုမူ အရွယ်အစားမခွဲဘဲ ရန်ကုန်ဈေးကွက်သို့ တင်ပို့လျက်ရှိကြောင်း သိရှိရသည်။

ဧရာဝတီတိုင်းဒေသကြီးသည် ပင်လယ်ကမ်းခြေနှင့် နီးကပ်လျက်ရှိပြီး ရေချိုရေငန်ပုစွန်များကို ရန်ကုန်မြို့မှတစ်ဆင့် ပြည်ပဈေးကွက်သို့ လစဉ်တင်ပို့ရောင်းချလျက်ရှိပါတယ်။ ပုသိမ်မြို့နယ်နှင့် ငပုတောမြို့နယ်များရှိ ဟိုင်းကြီးပြင်ခရိုင်၊ ဂျမ်းကပ်၊ ဘုန်းတော်ပြည့်၊ ကျောက္ကလပ်၊ သဲချောင်း၊ အုတ်တွင်း၊ အဆင်းချိုင်၊ မကျီးချိုင်ကျေးရွာများနဲ့ ချောင်းသာ၊ ငွေဆောင် ပင်လယ်ကမ်းခြေဒေသများမှလည်း ပုသိမ်မှရန်ကုန်မြို့သို့ တင်ပို့ပြီး ရန်ကုန်မှတစ်ဆင့် ပြည်ပဈေးကွက်များသို့ တင်ပို့လျက်ရှိကြောင်း ဈေးကွက်မှသိရပါသည်။

**မင်းမင်းဦး (ပုသိမ်)**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံးရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၃၁-၁၀-၂၀၁၆ မှ ၆-၁၁-၂၀၁၆ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေး လုပ်ကိုင်ရာတွင် နားလည်တတ်ကျွမ်းသူများနှင့် သေချာစွာတိုင်ပင်ပြီးမှ လုပ်ကိုင်သင့်သည်။ အချစ်ရေးတွင် ချစ်သူနှင့်ပတ်သက်၍ စိတ်သောကရောက်မည်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ရေးပြဿနာရှိနေတတ်ပါသည်။ ပညာရေးတွင် ဆရာကောင်းတပည့်ဖြစ်မည်။ ကျန်းမာရေးအနေဖြင့် အပူခဲသောဝေဒနာခံစားရတတ်သည်။

**ယတြာ။ ။အုန်းရည်သောက်ပါ။**



**တနင်္လာသားသမီးများအတွက်** အေးအေးချမ်းချမ်းနေထိုင်တတ်ပါသည်။ စီးပွားရေးတွင် ထိုက်သင့်သောအောင်မြင်မှုနှင့် အကျိုးအမြတ်များရရှိနေတတ်ပါသည်။ ပညာရေးတွင် အဖက်ဖက်မှ အားနည်းတတ်သည်။ ကျန်းမာရေးအနေဖြင့် အဆုတ်အားနည်း ခြင်း၊ သွေးနှင့် ပတ်သက်သော ဝေဒနာခံစားရတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် အသွင်တူမှုအားနည်းနေလိမ့်မည်။ **ယတြာ။ ။ဘုရားရောင်တော်ဖွင့်ပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေးတွင် ရင်းနှီးမြှုပ်နှံမှုများနေတတ်ပါသည်။ ပညာရေးတွင် ကြိုးစားမှုပေါ် မူတည်ပြီး အောင်မြင်မှုရရှိလိမ့်မည်။ ချစ်သူနှင့် လက်ထပ်ရန်အတွက် အခက်အခဲလေးများရှိနေတတ်ပါသည်။ အိမ်ထောင်ရှိပြီးသူအတွက် စီးပွား ရေး ကြိုးစားလုပ်ကိုင်နေရတတ်သည်။ ကျန်းမာရေးတွင် မကြာမကြာချူချာနေ တတ်ပါသည်။

**ယတြာ။ ။ဇီးဖျော်ရည်လှူဒါန်းပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ယခုကာလသည် စီးပွားရေး အောင်မြင်တိုးတက်မည့်ကာလ မဟုတ်သေးသောကြောင့် စဉ်းစားဆင်ခြင်၍ လုပ်ကိုင်ပါ။ ပညာရေးအားကောင်းနေမည်။ ကျန်းမာရေး တွင် သွားဖုံးရောင်ခြင်း၊ သွားကိုက်ခြင်း၊ ခံတွင်းနှင့်ပတ်သက်သော ဝေဒနာခံစားရတတ်သော သဘောရှိနေတတ်ပါသည်။ အချစ်ရေးနှင့် အိမ်ထောင်ရေးတွင် သင့်တင့်မှုရှိနေတတ်ပါသည်။

**ယတြာ။ ။အအေးလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးတွင် သူ့အကျိုးကိုယ့်အကျိုး နှစ်မျိုးစဉ်းစား၍ အကောင်းဆုံးဖြစ်အောင် လုပ်ကိုင်ဆောင်ရွက်ရတတ်သည်။ ပညာရေး ကောင်းမွန်မည်။ ကျန်းမာရေးအနေဖြင့် အကြောတင်ခြင်း၊ အသားကြေခြင်း၊ သွေးအားနည်းခြင်းဝေဒနာခံစားရတတ်သည်ကို သတိရှိပါ။ အချစ်ရေးတွင် မျှော်လင့်သလိုဖြစ်လာလိမ့်မည်။ အိမ်ထောင်ရေး သာယာနေတတ်ပါသည်။

**ယတြာ။ ။ပေါက်ပေါက်ဆွမ်းကပ်ပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် ရွှေထည်ပစ္စည်း၊ ရတနာပစ္စည်းများအကျိုးပေးပါသည်။ ပညာရေး အားနည်းနေတတ်သည်။ ကျားကုတ်၊ ကျားခဲကြိုးစားမှသာ အောင်မြင်မှုရရှိမည်။ ကျန်းမာရေးတွင် အစာမကြေဝေဒနာခံစားရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေး ကံကောင်းနေလိမ့်မည်။

**ယတြာ။ ။ဆန်လှူပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးအတက်အကျရှိနေမည်။ ခွန်အားသုံးရသော လုပ်ငန်းများနေမည်။ ပညာရေးတွင် ဉာဏ်ရည်ထက်မြက်မှုရှိနေမည်။ ကျန်းမာရေးအနေဖြင့် ဦးခေါင်းပိုင်းတွင် ရောဂါဝေဒနာခံစားရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် စိတ်တိုင်းကျမှုအားနည်းနေတတ်သည်။ ဘာသာရေးလုပ်ဆောင်မှုအားကောင်းနေလိမ့်မည်။

**ယတြာ။ ။တရားထိုင်ပါ။**

# ပြည်ဆန်စျေးကွက်တွင် ဆန်ချောတောင်ပျံမွှေးစျေး အနည်းငယ်လျှော့

ပြည်ဆန်၊ စပါးစျေးကွက်မှာ စျေးနှုန်းတွေကျလာတာတွေ့ရပါတယ်။ ယခုနှစ်မိုးစပါးပေါ်ထွက်ချိန် စပါးဟောင်းအရောင်းမထွက်တာကြောင့် တောင်သူတွေရဲ့ မိုးစပါးစျေးလည်း ကျဆင်းနေတာဖြစ်ပါတယ်။ စပါးအစိုဓာတ်လည်းများကြောင်းသိရပါတယ်။ ပြည်စျေးကွက်မှာ ဆန်ချောစျေး (တောင်ပျံမွှေးစပါးစျေး)လည်း စျေးအကျနှင့်အတော်လေး ငြိမ်နေခဲ့ရာမှ အောက်တိုဘာ နောက်ဆုံးပတ်မှာ စျေးမြင့်တက်လာပြီး တစ်ရက်နှစ်ရက်မှာ တောင်ပျံစပါးတင်း (၁၀၀) ၄၆ ပေါင်ကိုက်စျေး ကျပ် ၈၅၀၀၀၀ နီးပါးတက်ခဲ့ပါတယ်။

ယခုရက်မှာ အရောင်းအဝယ်အေးပြီး နယ်ဝယ်လက်မရှိတာ ကြောင့် စျေးပြန်ကျပြီး ယခင်တစ်ပတ်ကစျေးအတိုင်းသာ ရောင်းချလျက်ရှိပါတယ်။ ယခုရက်အတွင်း တောင်ပျံမွှေးတင်း (၁၀၀) ၄၆ပေါင် ကိုက်စျေးကျပ် ၇၈၂၀၀၀ ဖြစ်ပြီး ဆန်တစ်အိတ်စျေး(ထိပ်စ)၃၂၀၀၀ ကျပ် ဖြစ်ပါတယ်။ ဧည့်မထမိုးစပါး(ဟောင်း)ကျပ် ၄၇၀၀၀၀ မိုး(စပါး) အသစ်စျေးကျပ် ၃၆၀၀၀၀ တို့ဖြစ်ပြီး ဆန်တစ်အိတ်စျေးနှုန်းတွေကတော့ ဧည့်မထဆန်ဟောင်း(အမာ)ကျပ် ၁၉၀၀၀၊ (အပျော့)ကျပ် ၂၆၀၀၀၊ မိုးဆန်(သစ်)စျေးကျပ် ၁၄၀၀၀၊ ၁၅၀၀၀ တို့ဖြစ်ပါတယ်။ ယခုတစ်ပတ်အတွင်း တောင်ပျံမွှေးစပါးစျေးအနည်းငယ် လျှော့သွားရုံသာရှိပြီး ယခုရက်ပိုင်းတွင် ပုံမှန်အရောင်းအဝယ်ဖြင့် စျေးနှုန်းငြိမ်နေကာ နယ်များသို့တင်ပို့မှု လုံးဝမရှိသေးကြောင်း သိရပါတယ်။

**နီနီဝင်း**

# မအူပင်မြို့နယ်တွင် ပေါ်ဦးပေါ်ဖျား ကောက်စောစပါးများကို မျိုးစပါးအဖြစ် တင်း ၁၀၀ လျှင် ကျပ်ခြောက်သိန်းခန့်ဖြင့် ရောင်းချလျက်ရှိ

မအူပင်မြို့နယ်တွင် ပေါ်ဦးပေါ်ဖျား ကောက်စောစပါးများကို ဆန်အဖြစ် ကြိတ်ခွဲရောင်းချခြင်းမရှိဘဲ မျိုးစပါးများအဖြစ် တင်း ၁၀၀ လျှင် ကျပ်ခြောက်သိန်းခန့်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရှိရသည်။



မအူပင်မြို့နယ်၊ သိုက်ကုန်းကွန်ကရစ်လမ်းဝဲယာတွင် စိုက်ပျိုးထားသည့် ကောက်စောစပါးများအား ရိတ်သိမ်းနေသည့် တောင်သူဦးဆန်းဦးက ယခုထွက်ရှိသော ကောက်စောစပါးမှာ သီးထပ်ရင်စပါးဖြစ်ပြီး တစ်ဧကလျှင် ပျမ်းမျှတင်း ၆၀ ခန့်ထွက်ရှိကြောင်း၊ ယခုအခါ ကောက်စောစပါးများကို စားသုံးရန် ဆန်အဖြစ်ကြိတ်ခွဲရောင်းချခြင်းမရှိဘဲ မျိုးစပါးအဖြစ် တင်းတစ်ရာလျှင် ကျပ်ခြောက်သိန်းခန့်ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

မအူပင်မြို့နယ်တွင် သက်ငယ်စပါးများဖြစ်သည့် သီးထပ်ရင်၊ ပြည်တော်ယဉ်၊ ထိုင်းမနောနှင့် မနောသုခစပါးများ ရင့်မှည့်နေပြီဖြစ်ရာ လယ်ကွင်းထဲတွင် ရေစပ်စပ်ရှိနေသော်လည်း ရိတ်သိမ်းခြွေလှေ့လျက်ရှိကြောင်း သိရသည်။

မအူပင်မြို့နယ်အတွင်း မိုးစပါးစိုက်ဧက ၁၄၁၆၅၁ ဧက စိုက်ပျိုးခဲ့ပြီး ရေတော်မိုးတော်စိုက်ခင်းများ၊ ကုန်းမြင့်စိုက်ခင်းများနှင့် ရေကျနောက်ကျစပါးများ စိုက်ပျိုးသည့် ရေနက်ကွင်းများဖြင့် စိုက်ပျိုးလျက်ရှိကြသည်။

**Consumer MT**

စာမျက်နှာ (၂၁) မှ အဆက် ➤ **စျေးကွက်စီမံခန့်ခွဲမှုဆိုင်ရာ . . . . .**

လူတို့သည် အကောင်းဆုံး အခြေအနေသို့ ရောက်အောင် အတိုးအလျှော့၊ အပေးအယူ လုပ်ခြင်းများကို ရင်ဆိုင်တွေ့ကြုံ ရသောကြောင့် ဆုံးဖြတ်ချက်ချမှတ် ဆောင်ရွက်ရသည့်အခါတွင် အခြားနည်းလမ်းများကို ရွေးချယ်ဆောင်ရွက်ခဲ့ပါလျှင် ကြုံရမည့် ကုန်ကျစရိတ်နှင့် အကျိုး ကျေးဇူးကို နှိုင်းယှဉ်တတ်ရန် လိုအပ်ပါသည်။ သို့ရာတွင် ကိစ္စရပ် အတော်များများတွင် ပြုလုပ်မှုတစ်ခု၏ ကုန်ကျစရိတ်သည် ကနဦးတွင် ထင်ရှားပေါ်လွင်မှု မရှိတတ်ချေ။

ဥပမာ - ကောလိပ်တက်သင့်၊ မတက်သင့် ဆုံးဖြတ်ချက်ကို ရှုပါ။ ရရှိမည့်အကျိုးကျေးဇူးကားအသိပညာ ကြွယ်ဝမှုနှင့် ရာသက်ပန် အလုပ်ကောင်းကောင်းရနိုင်သည့် အခွင့်အရေးများပင်ဖြစ်သည်။ သို့ရာတွင် ကုန်ကျစရိတ်ဘက်မှ ကြည့်လျှင် . . . ။ ဤမေးခွန်းကို ဖြေရန် သင်သည် ကျူရှင်ခ၊ စာအုပ်စာတမ်းနှင့် ကျောင်းဆောင်ခတို့ကို ထည့်တွက်ကောင်း ထည့်တွက်နိုင်ပေသည်။ သို့တိုင်အောင် ထိုစုစုပေါင်း ပမာဏ သည် ကောလိပ်တွင် တစ်နှစ် နေထိုင်ရန် သင်ပေးဆပ်ရသည့် ပမာဏအစစ်အမှန်ကို ကိုယ်စားမပြုချေ။

ဤအဖြေနှင့် ပတ်သက်သော ပထမဆုံး ပြဿနာကား ယင်းတို့တွင် ကောလိပ်တက်ရာ၌ အမှန်တကယ် ကုန်ကျစရိတ်အဖြစ် အကျုံးမဝင်သော အရာအချို့ ပါဝင်သည်။ သင်ကျောင်းမှ ထွက်လျှင်လည်း အိပ်စရာနေစရာ လိုအပ် မည်။ စားစရာအစာ လိုအပ်မည်။ ကောလိပ်တက်ရာတွင် အခန်းခ၊ ကုန်ကျစရိတ်ကြီးလေးသည့် အချက်ပင်။ တကယ်တမ်း ပြောရလျှင် သင်ကျောင်းမှာပေးရသော အခန်းခနှင့် စားသောက်စရိတ်သည် သင့်ဘာသာ နေထိုင်ရသောအခါ ပေးရသော စရိတ်ထက် လျော့နည်းကောင်း လျော့နည်းပေ မည်။ ထိုသို့ဆိုလျှင် အခန်းခနှင့် စားသောက်စရိတ်အပေါ် စုဆောင်းမှုတို့သည် ကောလိပ်သွားတက်သည့်အတွက် အကျိုးပင်ပေါ်သည့် အနေ ရှိသည်။

ဤကုန်ကျစရိတ်တွက်ချက်မှုနှင့် ပတ်သက်သော ဒုတိယ ပြဿနာကား ယင်းသည် ကောလိပ်သွားရာတွင် သူ၏ အကြီးဆုံး ကုန်ကျမှု၊ သင်အချိန်ကုန်သည်ကို လျစ်လျူရှုထားသည်။ သင်သည် သင်ခန်းစာများကို နားထောင်၊ သင်ရိုးစာအုပ်များဖတ်ရှု၊ စာတမ်းများ ရေးသားခြင်းဖြင့် ကုန်ရသော တစ်နှစ်တာကာလကို လုပ်ငန်းခွင်တွင် သင်အလုပ်လုပ်ခြင်းဖြင့် အသုံးမချနိုင်ချေ။

ကျောင်းသားအများစု ကျောင်းတက်ရသည့်အတွက် စွန့်လွှတ်လိုက်ရသည့် အလုပ်နှင့် လုပ်အားခသည် သူတို့ပညာရေးအတွက် ထိုက်သင့်သော အကြီးဆုံးစရိတ်ပင် ဖြစ်သည်။ အရာဝတ္ထုတစ်ခု၏ (Opportunity Cost) သည် ထိုအရာဝတ္ထုတစ်ခုအတွက် သင်စွန့်လွှတ်ရသော အရာပင်ဖြစ်သည်။ ကောလိပ်တက်ရန် (သို့မဟုတ်) မတက်ရန်ကဲ့သို့မည်သည့် ဆုံးဖြတ်ချက်ကို ပြုနေသည်ပင်ဖြစ်စေ၊ ဆုံးဖြတ်ချက် ချနေသူတို့သည် ဖြစ်နိုင်ခြေ လုပ်ရပ်တိုင်းအတွက် (Opportunity Cost) ကို သတိချပ်မိရန်လိုသည်။

တကယ်တမ်း ပြောရလျှင် ထိုသို့သော (Opportunity Cost) ရှိသည်ပင်။ ကျောင်းမှထွက်၍ ကြေးစားအားကစားများသာ ကစား ခဲ့ပါလျှင် ဝင်ငွေသန်းပေါင်းများစွာ ရှိရမည်ကို ကောင်းစွာသိသော ကောလိပ်ကျောင်းသားအရွယ်ရှိ အားကစားသမားများသည် ယင်းတို့၏ ကောလိပ် (Opportunity) မှာ အလွန် မြင့်မားကြောင်း သဘောပေါက်ကြသည်။

ယင်းတို့သည် ရရှိမည့်အကျိုးနှင့် ခံစားရသည့်အခါ မထိုက် မတန်ဟု ဆုံးဖြတ်လေ့ရှိသည်ကား မဆန်းလှချေ။

**(ဆက်လက်ဖော်ပြပါမည်)**



## မြို့ကြီးများ၏ ၃၁-၁၀-၂၀၁၆ မှ ၄-၁၁-၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၃၁-၁၀-၂၀၁၆) | အင်္ဂါ(၁-၁၁-၂၀၁၆) | ဗုဒ္ဓဟူး(၂-၁၁-၂၀၁၆) | ကြာသပတေး(၃-၁၁-၂၀၁၆) | သောကြာ(၄-၁၁-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | ၅၀% ၃၂°C/၉၀°F | ၄၀% ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | ၅၀% ၃၃°C/၉၂°F | ၄၀% ၃၃°C/၉၁°F |
| ရန်ကုန်မြို့ | ၄၀% ၃၁°C/၈၈°F | ၈၀% ၃၂°C/၉၀°F | ၃၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F |
| မန္တလေးမြို့ | ၄၀% ၂၉°C/၈၅°F | ၄၀% ၃၁°C/၈၈°F | ၅၀% ၃၂°C/၈၉°F | ၆၀% ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F |
| မြစ်ကြီးနား | ၇၀% ၂၈°C/၈၂°F | တိမ်အသင့်အတင့် ၃၁°C/၈၇°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၁°C/၈၇°F | တိမ်အသင့်အတင့် ၃၀°C/၈၆°F |
| လားရှိုး | ၇၀% ၂၄°C/၇၆°F | ၅၀% ၂၆°C/၇၈°F | ၄၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၁°F | တိမ်ထူထပ် ၂၇°C/၈၁°F |
| ကျိုင်းတုံ | ၄၀% ၂၈°C/၈၂°F | ၃၀% ၂၈°C/၈၃°F | ၄၀% ၂၈°C/၈၂°F | တိမ်အသင့်အတင့် ၂၈°C/၈၂°F | နေသာ ၂၈°C/၈၃°F |
| လှိုင်ကော် | ၄၀% ၂၇°C/၈၁°F | ၅၀% ၂၈°C/၈၂°F | ၅၀% ၂၇°C/၈၁°F | ၄၀% ၂၇°C/၈၀°F | ၆၀% ၂၇°C/၈၁°F |
| တောင်ကြီး | ၇၀% ၂၃°C/၇၄°F | ၈၀% ၂၄°C/၇၆°F | ၆၀% ၂၅°C/၇၇°F | ၅၀% ၂၄°C/၇၆°F | ၅၀% ၂၅°C/၇၇°F |
| မော်လမြိုင် | ၆၀% ၃၃°C/၉၁°F | ၃၀% ၃၃°C/၉၁°F | ၃၀% ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F |
| ဘားအံ | ၈၀% ၃၃°C/၉၁°F | ၄၀% ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၁°F | ၄၀% ၃၃°C/၉၂°F |
| တောင်ငူ | တိမ်အသင့်အတင့် ၃၃°C/၉၁°F | တိမ်အသင့်အတင့် ၃၃°C/၉၂°F | ၈၀% ၃၄°C/၉၃°F | ၈၀% ၃၃°C/၉၂°F | ၆၀% ၃၃°C/၉၂°F |
| မုံရွာ | ၆၀% ၃၁°C/၈၃°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F |
| ပုသိမ် | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F |
| မြိတ် | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၅၀% ၃၁°C/၈၇°F |
| စစ်တွေ | ၆၀% ၂၉°C/၈၄°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၉၀°F | ၄၀% ၃၂°C/၉၀°F |
| မကွေး | ၈၀% ၃၀°C/၈၆°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F | ၄၀% ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F |
| ဖလမ်း | ၆၀% ၂၀°C/၆၈°F | ၅၀% ၂၁°C/၇၀°F | ၅၀% ၂၂°C/၇၁°F | ၅၀% ၂၂°C/၇၂°F | ၅၀% ၂၃°C/၇၃°F |

## အီတလီနိုင်ငံတွင် တစ်ရက်အတွင်း အင်အားပြင်းငလျင် နှစ်ကြိမ်လှုပ်ခတ် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်

အီတလီနိုင်ငံ၊ ဖလောရင့်ပြည်နယ်၏ အနောက်မြောက်ဘက် ပီရူဂျီယာ မှ ၅၉ ကီလိုမီတာအကွာ၊ ဗစ်သိုမြို့ မြောက်ဘက် ၃ ဒသမ ၂ ကီလိုမီတာ အကွာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၁ အဆင့်ရှိ အင်အားပြင်းထန်သည့်ငလျင်တစ်ခုလှုပ်ခတ်သွားခဲ့ကြောင်း အမေရိကန်နိုင်ငံငလျင် တိုင်းတာရေးအဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါအင်အားပြင်းထန်သည့် ငလျင်လှုပ်ခတ်ပြီး နှစ်နာရီအကြာတွင် အင်အားရစ်ချ်တာစကေး၅ ဒသမ၅ အဆင့်ရှိငလျင်လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုများကြောင့် ဗစ်သို၊ ကမ်ပီ၊ ဆန်ဆယ်လ်ဗေတိုမြို့တို့တွင် နေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ရ ကြောင်း၊ ထို့ပြင် အဆိုပါမြို့များရှိ လမ်းများမှာ လမ်းကျဉ်းသည့်အပြင် ကျောက်ခဲလမ်းများဖြစ်နေသည့်အတွက် ကယ်ဆယ်ရေးသမားများမှာ ဒဏ်ရာ ရရှိသူများအား ကယ်ဆယ်ရန် ခက်ခဲခဲ့သည်ဟုဆိုသည်။

ဒေသဆိုင်ရာအာဏာပိုင်များကမူ ငလျင်လှုပ်ခတ်မှုများကြောင့် ထိခိုက်ဒဏ်ရာရရှိသူ၊ သေဆုံးသူများ မရှိဟု ထုတ်ပြန်ကြေညာခဲ့သော်လည်း ကယ်ဆယ်ရေးအဖွဲ့များကမူ ထိခိုက်ဒဏ်ရာရရှိသူများအား ကယ်ဆယ်ခဲ့ရသည်ဟု ဆိုသည်။

ယင်းဒေသများမှာ ရှေးဟောင်း အေဒီ ၁၅ ရာစုနှစ်က တည်ဆောက်ခဲ့သည့် သမိုင်းဝင် အဆောက်အဦးများ တည်ရှိသည့်ဒေသဖြစ်ရာ ငလျင်လှုပ်ခတ်မှုကြောင့် အဆိုပါ သမိုင်းဝင် အဆောက်အအုံများလည်း ပျက်စီးခဲ့ရသည်ဟု ဆိုသည်။

ငလျင်လှုပ်ခတ်ပြီးနောက် ရာသီဥတုများ ဆိုးရွားလျက်ရှိရာ မြေပြိုမှုများ၊ ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးခဲ့ရကြောင်း၊ ပျက်စီးဆုံးရှုံးမှုစာရင်း အတိအကျကို သိရှိနိုင်ခြင်းမရှိသေးကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။

အီတလီနိုင်ငံတွင်ပြီးခဲ့သည့်ဩဂုတ်လအတွင်းက အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့ရာ လူ ၂၀ ကျော် သေဆုံးခဲ့ရပြီး အချို့သောရွာငယ်လေးများရှိ နေအိမ်များ လုံးဝပျက်စီးခဲ့ရသည်ဟုဆိုသည်။

■



## ဒီပါဝလီပွဲတော်ကာလအတွင်း ပီနန်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့

အိန္ဒိယလူမျိုးတို့၏ရိုးရာပွဲတော် တစ်ခုဖြစ်သည့် ဒီပါဝလီပွဲတော်ကာလ တွင် မလေးရှားနိုင်ငံ ပီနန်မြို့၌ မိုးသည်းထန်စွာရွာသွန်းလျက်ရှိကြောင်း နယူးစထရိတ်တိုင်းမ်သတင်းတွင် ဖော်ပြထားသည်။

ပီနန်မြို့သည် ဟိန္ဒူဘာသာဝင် အများစုနေထိုင်ရာဒေသတစ်ခုဖြစ်ပြီး ဟိန္ဒူရိုးရာပူဇော်ပွဲများကို ကြီးကျယ်ခမ်းနားစွာကျင်းပလေ့ရှိကြောင်းသိရသည်။

မိုးရွာသွန်းမှုများကြောင့် ပီနန်မြို့ရှိ ဂျလမ်ပီရမ်မီနှင့် ဘန်ဒါဘာရုထီယန်ရှိ လမ်းမများပေါ်တွင် ရေများဖုံးလွှမ်းလျက်ရှိရာ ရေများမှာ ဒူးဆစ်လောက်အထိ ရောက်ရှိနေသဖြင့် ပွဲတော်သို့ လာရောက်သူများမှာ အခက်တွေ့နေခဲ့ ကြရကြောင်း၊ ထို့ပြင် ပီနန်မြို့ရှိ လမ်းမများပေါ်တွင် ရေများလျှံတက်နေသည်ကိုလည်း တွေ့နေရကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

မိုးရွာသွန်းချိန်သည် အောက်တို ဘာလ ၂၉ ရက် ညနေ ၃နာရီကတည်းက စတင်ရွာသွန်းခဲ့ခြင်းဖြစ်ပြီးတစ်ခဏ အတွင်းမှာပင် လမ်းမများပေါ်တွင် ရေများ ဖုံးလွှမ်းသွားခဲ့သည်ဟု ဆိုသည်။

မိုးရွာသွန်းမှုနှင့်အတူ လေပြင်းများ ပါတိုက်ခတ်လာသည့်အတွက် ဂျလန် ပတ္တာနီမြို့တွင် သစ်ပင်များ အမြစ်မှ ကျွတ်ထွက်ကာ လမ်းမပေါ်သို့ လဲကျခဲ့သဖြင့် ကားများ ပျက်စီးခဲ့ရသည်ဟု ဆိုသည်။

မိုးရွာသွန်းခြင်းနှင့်လေပြင်းတိုက် ခတ်ခြင်းများမှာ မုန်တိုင်းကြောင့်မဟုတ်ဘဲ တောင်တရုတ်ပင်လယ်မှဖြစ်ပေါ် လျက်ရှိသည့် လေစိုင်လေခဲများကြောင့် ဖြစ်ရကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တစ်ခဏအတွင်း ရေလျှံမှု ဖြစ်ရသည့်အကြောင်းကို ပီနန်ပြည်နယ် အစိုးရအနေဖြင့် အဖြေရှာသင့်ကြောင်း၊ ပီနန်မြို့သည် မေနှင့် ဇူလိုင်တွင်သာ မိုးသည်းထန်စွာ ရွာသွန်းလေ့ရှိပြီး ကျန်လများမှာ မိုးသည်းထန်စွာ ရွာသွန်းလေ့မရှိကြောင်း၊ ပီနန်အစိုးရအနေဖြင့် ယင်းဖြစ်ရပ်ကို အဖြေရှာနိုင်ခြင်းမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့တင်ပြမည်ဖြစ်ကြောင်း ပီနန်မြို့ခံ ပြည်သူတစ်ဦးက ပြောကြားခဲ့သည်။

ပီနန်မြို့ရှိ ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဆိုင်ရာအဖွဲ့များကလည်း မြို့ပြဖွံ့ဖြိုးအောင် လုပ်ဆောင်ခြင်းများသည် ယခုကဲ့သို့ ရေလွှမ်းမိုးခြင်းများကို ဖြစ်ပေါ်စေနိုင်ကြောင်း အပြစ်တင်ဝေဖန်လျက်ရှိသည်။

# မြန်မာ့ဆန်စပါးဈေးကွက် အခြေအနေတိုးတက်ရေး ဆွေးနွေးပွဲကျင်းပ

မျိုးသူ



စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီး ဌာနပြည်ထောင်စု ဝန်ကြီး ဒေါက်တာသန်းမြင့်၊ ရန်ကုန် တိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမြင့် အောင်နှင့် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန၊ အတွင်းဝန် ဦးတိုးအောင်မြင့် တို့ ဦးဆောင်ပြီး မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဦးချစ်ခိုင်၊ မြန်မာနိုင်ငံ စပါးကုန်သည် များအသင်း၊ မြန်မာ နိုင်ငံ ဆန်စက်လုပ် ငန်းရှင်များအသင်း၊ မူဆယ် ဆန်ကုန် စည်ဒိုင်၊ မူဆယ် သီးနှံ စုံရောင်းဝယ်ရေး ကုန်စည်ဒိုင် စသည့် အသင်းအဖွဲ့ အသီးသီးမှ ပုဂ္ဂိုလ်များ၊ လုပ်ငန်းနှင့် ပတ်သက်သော လုပ်ငန်းရှင်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များ သည် အောက်တိုဘာ ၂၉ ရက်က မြန်မာ နိုင်ငံ၏ လက်ရှိ ဆန်စပါးဈေးနှုန်း၊ ဈေးကွက်အခြေအနေ ကမ္ဘာ့ ဆန်စပါး ဈေးကွက်နှင့် မြန်မာ့ဆန်စပါး ရောင်း ဝယ်မှု အနာဂတ် အလားအလာများကို လက်ရှိအခြေအနေနှင့် နှိုင်းယှဉ်ပြီး ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ဆွေး နွေးခဲ့ပါသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စု ဝန်ကြီးက မြန်မာ့ဆန်စပါးတင်ပို့မှုသည် တရုတ်ဈေးကွက် တစ်ခုကိုသာ အားထား နေသကဲ့သို့ဖြစ်ကြောင်း၊ လက်ရှိ ဆန် ကုန်သည်များ လက်ဝယ်တွင် ဆန် လက်ကျန်များ ရှိသည်ဟု သိရကြောင်း၊ တရုတ်သို့ တင်ပို့သည့် အရည်အသွေး နိမ့် ဆန်ဈေးများ ကျဆင်းနေကြောင်း၊ ရန်ကုန်မှ စားသည့် ပေါ်ဆန်းမွှေး၊ ရွှေဘိုပေါ်ဆန်းတို့မှာမူ ဈေးမကျကြောင်း၊ ယခု သီတင်းကျွတ်ပြီဖြစ်သော်လည်း မိုးမပြတ်သေးသည့် အခြေအနေကြောင့် ကောက်စောစပါးအဖြစ် ပေါ်လာပြီ ဖြစ်သော်လည်း ယခင်နှစ် စပါးများ ပေါ်ချိန်ဈေးနှင့် ယှဉ်လျှင် နည်းပါး ကြောင်း၊ တရုတ်နယ်စပ်၌ ဆန်ရောင်း အားကျဆင်းချိန်တွင် စပါးကို ကာလ တစ်ခုအထိ တင်ပို့ရန်ရနိုင်မှု ရှိ၊ မရှိ စသည်ဖြင့် ဆွေးနွေးခဲ့ပါသည်။

တိုင်းဒေသကြီးဝန်ကြီးက ဆွေး နွေးရာတွင် ရန်ကုန်တိုင်း ဒေသကြီး အတွင်း စပါးစိုက်ပျိုး ထုတ်လုပ်မှုကို အရည်အသွေးကောင်း ဆန်စပါးမျိုး စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ဝန်ကြီးဌာနများနှင့် ဆန်စပါး အခြေခံ အသင်းများမှ ကူညီကြရန် ရန်ကုန် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အစည်း အဝေးတွင် ပြောကြားခဲ့ပါကြောင်း၊ ရန်ကုန်တွင် ယာဉ်ကြောကျပ် မှုကြောင့် သယ်ယူပို့ဆောင်မှု ကုန်ကျစရိတ်သည် ၃၀ ရာခိုင်နှုန်းခန့် မြင့်မားလာကြောင်း၊ ယင်း အချက်ကို ဖြေရှင်းရန် ကွန်တိန်နာ တင် ယာဉ်များအား ညဘက်တွင်သာ မြို့တွင်း ဖြတ်သန်းခွင့်ပေးခြင်းကို စမ်းသပ်လုပ်ဆောင်မည်ဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးခဲ့ပါသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်း ချုပ်က ဆွေးနွေးရာတွင် ယခု စပါးပေါ် ချိန်တွင် စပါးဈေးကျခြင်း၊ ဆန်ဈေးကျ ခြင်းနှင့် ဆန်စပါး ဈေးကျခြင်းကြောင့် တောင်သူများ အကျိုးကျေးဇူး ထိခိုက် ခြင်းတို့သည် နာတာရှည်ရောဂါသဖွယ် ဖြစ်နေပြီး ဆေးမြီးတိုများဖြင့် ကုစား မည့်အစား အမြစ်ပြတ်အောင် ကုစားရန် လိုကြောင်း၊ မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်အနေဖြင့် ယခုအခါ စပါး အခြောက်ခံစက် အလုံး ၁၀၀ ကို တင် သွင်းပြီး ဆန်စက်ပိုင်ရှင်များသို့ ဖြန့်ဖြူး ရောင်းချပေး မည်ဖြစ်ကြောင်း၊ စပါး ရိတ်သိမ်းကာလသည် ရှေးကကဲ့သို့ မဟုတ်ဘဲ လုပ်သားရှားပါးမှု ပြဿနာ အပေါ် အခြေခံပြီး စက်မှုဘက်သို့ ပြောင်းလာသဖြင့် ရိတ်သိမ်းချိန်သည် ယခင်ကကဲ့သို့ နှစ်လကျော်မကြာဘဲ အလွန်တိုတောင်း ကြောင်း၊ ဤကာလ တွင် မိုးမပြတ်သဖြင့် တောင်သူများ၏ စက်ခြွေစပါးများသည် အစိုဓာတ်မြင့်ပြီး ဈေးနည်းရခြင်းလည်း ဖြစ်ကြောင်း၊ စက်ပိုင်ရှင်များတွင် အခြောက်ခံစက်နှင့် သိုလှောင်ရုံ ရှိသလောက်သာ စပါး ဝယ်ယူလျက်ရှိနေကြောင်း စသည်ဖြင့် အသေးစိတ် ဆွေးနွေးကြပါသည်။

အဆိုပါ အစည်းအဝေးတွင် ရေတိုနှင့် ရေရှည်လုပ်ငန်းနှစ်ရပ်အဖြစ် ခွဲခြားပြီး ဆောင်ရွက်သွား ရန်ဖြစ် ကြောင်း၊ ရေတိုလုပ်ငန်းအနေဖြင့် တရုတ် နယ်စပ်မှတစ်ဆင့် စပါး ရောင်းချခြင်း၊ တောင်သူလယ်သမား အကျိုးစီးပွား ကာကွယ်ရေး ဥပဒေနှင့် အညီ တောင် သူများ၏ ကုန်ထုတ်လုပ်မှုစရိတ်အောက် ကျဆင်းလာပါက စပါး ဝယ်ယူပေးခြင်း တို့ကို ဥပဒေစည်းမျဉ်း စည်းကမ်းများနှင့် အညီ ဆောင်ရွက်သွားရန်၊ ရန်ကုန်တိုင်း ဒေသကြီးမှ ဆွေးနွေးနေသည့် ကွန်တိန် နာယာဉ်များ ညဘက်တွင်သာ မြို့တွင်း ဖြတ်သန်းရန် ကိစ္စအား ပြန်လည်စဉ်းစား ပေးရန်၊ ရခိုင်နှင့် တနင်္သာရီဒေသများသို့ ရန်ကုန်မှ ရေကြောင်းဖြင့် ဆန်တင်ပို့ရာ တွင် အကန့်အသတ်ရှိနေသည့် ကိစ္စ အား ရှင်းလင်းပေးရန်တို့ ဖြစ်ပါသည်။

ရေရှည်လုပ်ငန်းစဉ်များ အနေ ဖြင့် ဆန်စပါးကဏ္ဍကြီးတစ်ခုလုံး Value Chain တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ထုတ်လုပ်မှုကုန်ကျစရိတ် ကျ ဆင်းရေး၊ အထွက်ကောင်းမွန်ရေး၊ တောင်သူများ၏ မတ်လမတိုင်မီ ပေး ဆပ်ရမည့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်နှင့် သမဝါယမအသင်းများမှ ချေးငွေများအား အချိန်ကာလ ပြောင်း လဲနိုင်ရေး၊ Stakeholders များဖြစ်သော ဆန်ကုန်သည်၊ ဆန်စက်ပိုင်ရှင်များ၏ အစိုးရဘဏ်နှင့် အခြားဘဏ်များမှ ရယူရသည့် ချေးငွေများအား အတိုး နှုန်း ချပေးရေး၊ ပြည်တွင်းအခွန်မှ ကောက်ခံနေသည့် ကြိုတင်ခွန် ၂ ရာခိုင်နှုန်းကို ကြိုတင်ကောက်ခံခြင်း မပြုဘဲ ပုံမှန်အတိုင်း လုပ်ငန်းပြီးဆုံး ချိန်မှ ရှင်းလင်းနိုင်ရေး၊ ကြိုတင်ခွန်ကို လုပ်ငန်းကြီးလုပ်ကိုင်သူများ၊ စက်ရုံ၊ အလုပ်ရုံ စသည်ဖြင့် ခိုင်ခိုင်မာမာ ရှိသူ များအား ဂုဏ်ပြုသည့်အနေဖြင့် ယင်း လုပ်ငန်းရှင် ပို့ကုန်သမားများကို ကြိုတင်ခွန် ၂ ရာခိုင်နှုန်း ကောက်ခံမှု ဖယ်ရှားပေးရန်၊ အာဆီယံနိုင်ငံများ မှ ဆန်တင်သွင်းသည့် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်တို့နှင့် G2G သဘောတူညီမှု များကိုပြုလုပ်ပြီး ဆန်ရောင်းချနိုင်အောင် ဆောင်ရွက်ပေးရန်၊ ဘင်္ဂလားဒေ့ရှ်၊ အာဖရိက စသော ဆန်လိုနိုင်ငံများကို လည်း ဆန်ရောင်းချနိုင်ရေးအတွက် အစိုးရက G2G ညှိနှိုင်းမှုများ ဆောင် ရွက်ပေးရန်၊ Oversea Exporter နှင့် Border Trade Exporter များအား အခွင့်အရေးတူ မပေးဘဲ စဉ်းစားပေး ရန်နှင့် ပြန်လည် သုံးသပ်ပေးရန် စသည့်ကိစ္စများနှင့် ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်း ဆန် ဈေးနှုန်း မကြီးမြင့်ရေး၊ တောင်သူ များအတွက် စပါးပေါ်ချိန် စပါးဈေး အလွန်အမင်း မကျဆင်းရေး၊ ပြည်ပ ဆန်တင်ပို့မှု မြင့်မားရေး၊ ပြည်တွင်း စီးဆင်းမှု လျင်မြန်ချောမွေ့စေရေး အချက်များကို ပြည့်ပြည့်စုံစုံ ဆွေးနွေး နိုင်ခဲ့ကြပြီး စဉ်ဆက်မပြတ် တွေ့ဆုံ ဆွေးနွေး အကောင်အထည်ဖော်ကြရန် ဆုံးဖြတ်ခဲ့ကြကြောင်း သတင်းရရှိပါ သည်။

➡ စာမျက်နှာ ၁၈

### Doing Business အဆင့်. . . မှ အဆက်

ကြွေးမြီဆိုင်ရာအချက်အလက်ဗဟိုဌာန တည်ထောင်ရန်ခွင့်ပြုသည့်ဥပဒေပြဋ္ဌာန်းတို့ကြောင့် စီးပွားရေးလုပ်ကိုင်ရလွယ်ကူသည့်နိုင်ငံများစာရင်းတွင် အဆင့်တက်လာခြင်းဖြစ်သည်ဟု ဆိုသည်။ မြန်မာနိုင်ငံသည် အရှေ့အာရှနှင့် ပစိဖိတ်ဒေသအတွင်း တည်ရှိပြီး လူဦး ရေ ၅၃သန်းကျော်ရှိသည့်နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ လူတစ်ဦးချင်းစီ၏အချိုးကျဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁၂၉၃ ရှိပြီး ဝင်ငွေနည်းပါးသည့် နိုင်ငံတစ်နိုင်ငံ အဖြစ်တည်ရှိလျက်ရှိသည်။

မြန်မာနိုင်ငံ၏ အဆင့်တက်လာခြင်းနှင့်ပတ်သက်၍ Doing Business 2017 အစီရင်ခံစာတွင် ဖော်ပြထားရာ၌ ကုမ္ပဏီမှတ်ပုံတင်ကြေး လျှော့ချခြင်းကြောင့် စီးပွားရေးလုပ်ငန်းစတင်ရန် လွယ်ကူလာခြင်း၊ ကုမ္ပဏီမှတ်ပုံတင်ရာတွင် ထောက်ခံစာနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်သေခံလက်မှတ်တင်ပြ ရမှုသတ်မှတ်ချက်ဖယ်ရှားခြင်း၊ ကြွေးမြီဆိုင်ရာ အချက်အလက်ဗဟိုဌာန တစ်ခုတည်ထောင်ရန် ဥပဒေပြဋ္ဌာန်းခြင်း၊ ကြွေးမြီဆိုင်ရာ သတင်းအချက်အလက်စနစ်တိုးတက်ခြင်းတို့ကြောင့် ဖြစ်သည်ဟု ဖော်ပြထားပြီး ဆောက်လုပ်ရေးလုပ်ငန်းများအား လုပ်ကိုင်ခွင့်များ ချထားပေးခြင်း၊ လျှပ်စစ်ဓာတ်အား ရရှိခြင်း၊ အခွန်များထမ်းဆောင်ခြင်း၊ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုဆိုင်ရာ များလုပ်ကိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံသူများကို အကာအကွယ်ပေးထားခြင်းစသည့် အချက်များတွင်မူ စိန်ခေါ်မှုများရှိနေသေးကြောင်း ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် ဒေသတွင်းပို့ကုန်များကို နယ်စပ်ဆိုင်ရာ စည်းမျဉ်းများနှင့် ကိုက်ညီအောင် လုပ်ဆောင်ရာ၌ ပျမ်း မျှ ၅၇ နာရီကြာမြင့်ပြီး ထိုအချိန်အတိုင်းအတာသည် ဝင်ငွေမြင့်မားသော OECD နိုင်ငံများ၏ ကြာမြင့်ချိန် ၁၂ နာရီထက် အချိန်ပိုမိုကြာမြင့်နေသည်ဟု ဆိုသည်။

အဆိုပါ Doing Business အစီရင်ခံစာတွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ကဏ္ဍကိုးခုခွဲခြား၍ သုံးသပ်ထားရာ ယင်းသုံးသပ်ချက်အရ ၂၀၁၃ ခုနှစ်က ရရှိထားသည့်အချက်အလက်များထက် အချို့သောကဏ္ဍများတွင် အဆင့်တက်လာခဲ့သော်လည်းအချို့သောကဏ္ဍများတွင် အဆင့်များ ပိုမိုနိမ့်ကျသွားခဲ့သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံသည် လွန်ခဲ့သောနှစ်များအတွင်း စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် ရှေ့တန်းသို့ ရောက်ရှိရန် ကြိုးစားခဲ့ရာအကွာအဝေးအမှတ် ၄၄ ဒသမ ၀၁ မှ ၄၄ ဒသမ ၅၆ သို့ တိုးတက်ခဲ့သည်။

ယခုနှစ်တွင် Doing Business အစီရင်ခံစာ၌ ဖော်ပြထားချက်များအရ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခြင်း၏ခေါင်းစဉ် ၁၀ ခုထည့်သွင်းဖော်ပြထားရာ၌ ကျား/မ ခွဲခြားထားမှုကို ထည့်သွင်းဖော်ပြထားသည်။

မြန်မာနိုင်ငံအနေဖြင့် ကျား/မ အခွင့်အရေးတန်းတူပေးအပ်ထားသဖြင့် စီးပွားရေးလုပ်ငန်းများ စတင်ခြင်း၊ ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်းနှင့် စာချုပ်စာတမ်း များအားလိုက်နာစေခြင်းတို့တွင် ကျား/မခွဲခြားထားမှုမရှိခြင်းသည် အားသာချက်တစ်ချက်ဖြစ်သည်ဟု ဆိုသည်။

အရှေ့အာရှနှင့်ပစိဖိတ်ဒေသများရှိ အချို့သောနိုင်ငံများတွင် ကျား/မခွဲ ခြားထားမှုများရှိနေပြီး မြန်မာနိုင်ငံတွင် ခွဲခြားထားမှုများမရှိကြောင်း Doing Business အစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါ Doing Business အစီ ရင်ခံစာတွင် စီးပွားရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခြင်းတွင် အဆင့်လေး ဆင့်တက်လာခဲ့ပြီး အဆင့် ၁၄၆ တွင် လည်းကောင်း၊ လုပ်ငန်းတည်ဆောက်ခွင့်ပါမစ်များထုတ်ပေးခြင်းတွင် အဆင့် ခြောက်ဆင့်တက်လာခဲ့ပြီး အဆင့် ၆၆ တွင်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံသူအား အကာအကွယ်ပေးခြင်းတွင် အဆင့် နှစ် ဆင့်တက်လာခဲ့ပြီး အဆင့် ၁၇၉တွင် လည်းကောင်း၊ ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်းတွင် အဆင့် နှစ်ဆင့်တက်လာခဲ့ပြီး အဆင့် ၁၄၃တွင်လည်းကောင်း ရပ်တည်လျက်ရှိသည်။

Doing Business က ထုတ်ပြန် ခဲ့သည့် အစီရင်ခံစာအရ မြန်မာနိုင်ငံ သည် ပြုပြင်ပြောင်းလဲမှုများစွာကို ပြုလုပ်ခဲ့သဖြင့် ဒေသတွင်းမှအခြားသော စွမ်းဆောင်ရည်မြင့်မားသည့် နိုင်ငံများကဲ့သို့ အားလုံးပါဝင်သည့် တိုးတက်မှုလမ်းကြောင်းကို လိုက်နိုင်မည့်အနေအထားသို့ ရောက်ရှိနေပြီဖြစ်သည်။

သို့သော် Doing Business အဆင့်မြင့်တက်လာစေရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန တစ်ခုတည်းဖြင့် တာဝန်ယူ၍ မရဘဲ ဆက်စပ်နေသည့်အသင်းအဖွဲ့များ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာဌာနအသီးသီးမှ ဝန်ထမ်း များ၊ ကုန်သည်လုပ်ငန်းရှင်များ၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များ၊ ဒေသဆိုင်ရာအစိုးရနှင့် အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ Stakeholder များ အားလုံး ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း သုံးသပ်တင်ပြလိုက်ပါသည်။

## အာရှဘောလုံးအဖွဲ့ချုပ်၏ Annual Awards ဆုပေးပွဲကို အဘူဒါဘီတွင် ကျင်းပမည်

အာရှဘောလုံးအဖွဲ့ချုပ်(AFC)၏ နှစ်စဉ် ကျင်းပလျက်ရှိသည့် ထူးချွန်ဆုပေးပွဲဖြစ်သည့် AFC Annual Awards ဆုပေးပွဲကို လာမည့် ဒီဇင်ဘာ ၁ ရက်တွင် ယူအေအီးနိုင်ငံ၊ အဘူဒါဘီမြို့၌ ကျင်းပသွားမည်ဖြစ်သည်

အာရှဘောလုံးလောက၏ ဂုဏ်သိက္ခာကြီးမားသည့် အမြင့်ဆုံးဆုပေးပွဲကြီးဖြစ်သည့် အဆိုပါ AFC Annual Awards ဆုပေးပွဲတွင် အာရှအကောင်းဆုံး ကစားသမားဆု၊ အာရှဒေသတွင်း အကောင်းဆုံးနိုင်ငံခြားကစားသမားဆု၊ အကောင်းဆုံး လူငယ်ကစားသမားဆု၊ အကောင်းဆုံး လက်ရွေးစင်အသင်းဆု စသည့်ဆုပေါင်းများစွာကို ပုံမှန်ပေးအပ်နေကျဖြစ်သည်။

ယင်းဆုပေးပွဲကို ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပပြုလုပ်ခဲ့ပြီး ထိုစဉ်က အာရှအကောင်းဆုံး အမျိုးသားကစားသမားဆုကိုယူအေအီးကလပ် အယ်အာလီအသင်းမှ ယူအေအီးလက်ရွေးစင်ကစားသမား အာမက်ခါလီက ရရှိခဲ့ပြီး အမျိုးသမီးအကောင်းဆုံးဆုကို ဂျပန်လက်ရွေးစင် အာယာမီယာမာက ရရှိထားသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ယခုနှစ်ဆုပေးပွဲတွင် ဆုနှစ်ဆုအတွက် လျှောက်ထားမှု ပြုလုပ်ထားသည်။ ယင်းဆုများမှာ Member Association of the Year ဆုနှင့် Dream Asia Award ဆုများဖြစ်သည်။ Member Association of the Year ဆုမှာ ဘောလုံးအဖွဲ့ချုပ်တစ်ခု၏ တစ်နှစ်တာအတွင်း လက်ခံကျင်းပသည့် ပြိုင်ပွဲများ၊ လူငယ်ဖွံ့ဖြိုးရေးလုပ်ဆောင်ချက်များ စသည့် လှုပ်ရှားမှုများကို အကဲဖြတ်ကာ ချီးမြှင့်သည့်ဆုဖြစ်ပြီး Dream Asia Award မှာလူမှုရေးလုပ်ဆောင်ချက်များအပေါ် မူတည်ကာ ပေးအပ်သည့် ဆုဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် Dream Asia Award ကို ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်ကတစ်ကြိမ် ရရှိထားဖူးသည်။

## ချန်ပီယံလိဂ်ဖိုင်နယ်ပွဲစဉ်ကို ဥရောပဒေသအပြင်ဘက်သို့ ထွက်၍ ကျင်းပမည်ဟု ယူအီးအက်ဖ်အေ ဥက္ကဋ္ဌဆို



ဥရောပနိုင်ငံများချည်းသာ ကျင်းပသည့် ချန်ပီယံလိဂ်ဖိုင်နယ်ပွဲစဉ်ကို ဥရောပဒေသအပြင်ဘက်သို့ထွက်၍ ကျင်းပမည်ဖြစ်ကြောင်း ယူအီးအက်ဖ်အေဥက္ကဋ္ဌ အလက်စ်ကန်ဒါ စီဖီရင်က ပြောကြားခဲ့သည်။

ချန်ပီယံလိဂ်ဖိုင်နယ်ပွဲအတွက် အိမ်ရှင်အဖြစ် အဆိုပြုလွှာတင်သွင်းရန် နယူးယောက်မြို့တွင် ရောက်ရှိနေသည့် စီဖီရင်က ပြောကြားခဲ့သည်။

"ဒီလိုလုပ်မယ့်အကြောင်းကို အကြံပေးထားတာပါ။ လုပ်မယ့်ကိစ္စအသေးစိတ်ကိုတော့ ဘယ်သူ့ကိုမှ မပြောရသေးပါဘူး။ ဥပမာပြောရရင် ခင်ဗျား အမေရိကန်ကို သွားမယ်ဆိုရင်လည်း အဲဒီလိုမျိုး ပေါ်တူဂီမှ အဇာဘိုင်ဂျန်သို့ဆိုတဲ့ ခေါင်းစဉ်မျိုးနဲ့လည်း ဖြစ်လာနိုင်တာပဲ။ ဒီပွဲဟာ ဥရောပပြိုင်ပွဲဆိုတာကိုလည်း ထည့်သွင်းစဉ်းစားဖို့လိုပါတယ်"ဟု စီဖီရင်က ပြောကြားခဲ့သည်။

ဥရောပချန်ပီယံလိဂ်ဖိုင်နယ်ပွဲစဉ်များ ကျင်းပရာ နေရာများ ရွေးချယ်ခြင်းနှင့်ပတ်သက်၍ ယူအီးအက်ဖ်အေမှ တာဝန်ရှိသူများက လျှို့ဝှက်ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။ ဥရောပချန်ပီယံလိဂ် သို့မဟုတ် ယူရိုပါလိဂ်ပြိုင်ပွဲများအတွက် ဖိုင်နယ်ပွဲစဉ်များကို ကျင်းပရန်အတွက် ကွင်းများရွေးချယ်ရေးအတွက် အဆိုပြုလွှာများခေါ်ယူရာတွင် သန့်သန့်ရှင်းရှင်းဖြစ်ရန် အရေးကြီးကြောင်း၊ ထို့ပြင် နိုင်ငံရေးကိစ္စများတွင်လည်း ကင်းကင်းရှင်းရှင်းဖြစ်ရန် အရေးကြီးကြောင်း ၎င်းက ပြောကြားခဲ့သည်။

ထို့ပြင် ဥရောပချန်ပီယံလိဂ်ပြိုင်ပွဲများ၏ ပွဲစဉ်များ ကျင်းပရာတွင် အချိန်ကိုထည့်သွင်းစဉ်းစားရန် လိုအပ်သည်ဟုဆိုသည်။ ကမ္ဘာ့တစ်ဝန်းလုံးရှိ ရုပ်သံထုတ်လွှင့်သည့်ဈေးကွက်အနေအထားအရ ကမ္ဘာစံတော်ချိန်ဖြစ်သည့် ညနေ ၆ နာရီ ၄၅ မိနစ်ကို သတ်မှတ်ရမည်သာဖြစ်သည်ဟု ဆိုသည်။

သို့သော် အဆိုပြုလွှာတင်သွင်းသည့်နိုင်ငံများ ၏ ငွေကြေးအခြေအနေကို ထည့်သွင်းစဉ်းစားရန်မလိုဘဲ သက်ဆိုင်ရာနိုင်ငံ၏စိတ်ဝင်စားမှုအခြေအနေ၊ ဘောလုံးနှင့်ပတ်သက်၍ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ထည့်သွင်းစဉ်းစားရန်လိုအပ်ကြောင်း ထပ်မံပြောကြားခဲ့သည်။

"အဆိုပြုလွှာ တင်သွင်းတဲ့နိုင်ငံတွေကို စဉ်းစားရာမှာ ငွေကြေးကိုထည့်သွင်းစဉ်းစားစရာမလိုပါဘူး။ ဥပမာပြောရရင် တရုတ်နိုင်ငံက ငွေကြေးနဲ့ပတ်သက်ရင် စိတ်ဝင်စားဖို့ကောင်းပေမယ့် အမေရိကန်ကတော့ စိတ်ဝင်စားဖို့မကောင်းပါဘူး။ လိဂ်တွေရဲ့ အင်အားကြီးထွားမှုကိုပါ ထည့်သွင်းစဉ်းစားဖို့ လိုပါလိမ့်မယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

## မြန်မာယူ-၁၇အသင်းကို ကလပ်အသင်းများမှ ကစားသမားများဖြင့် အင်အားဖြည့်တင်းမည်




လာမည့်နှစ်တွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံ ယူ-၁၈ ချန်ပီယံရှစ် ပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင်ယူ-၁၈အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ရာ အဆိုပါအသင်းအား ယခုနှစ် အာဆီယံယူ-၁၆ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ် ပြိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင် ယူ-၁၆အသင်းကို အခြေခံကာ ဖွဲ့စည်းမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် မြန်မာ ယူ-၁၆အသင်းအား အတွေ့အကြုံ ပိုမိုရရှိစေရန် ရည်ရွယ်ကာ ယူ-၁၈ လိဂ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်စေလျက်ရှိပြီး ပြိုင်ပွဲအပြီးတွင် ယူ-၁၈ အသင်းအဖြစ် ပြောင်းလဲဖွဲ့စည်းမည်ဖြစ်သည်။ ပြောင်းလဲဖွဲ့စည်းလိုက်သည့် မြန်မာယူ-၁၈ အသင်းတွင် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ နှင့် ယူ-၁၈ လူငယ်ပြိုင်ပွဲဝင် ကလပ်အသင်းများမှ ကစားသမားအချို့ကို ထပ်မံပေါင်းထည့်မည်ဖြစ်သည်။

ယူ-၁၆အသင်းနည်းပြအဖွဲ့အနေဖြင့် အဆိုပါ လူငယ်လိဂ်ပြိုင်ပွဲ နှစ်ခုမှ ကစားသမားများကို လေ့လာစောင့်ကြည့်ခဲ့ပြီးနောက် ကလပ်အသင်း ၂၀ မှ ခြေစွမ်းကောင်းမွန်ပြီး အသက်မီသည့် ကစားသမား ၅၁ ဦးကို ပဏာမရွေးချယ်ထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ကစားသမားများကို အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ လေးရက်ကြာ ခြေစွမ်းစမ်းသပ်မှုများ ပြုလုပ်မည်ဖြစ်ပြီး ရွေးချယ်ခဲ့သည့် ကစားသမားများအား ယူ-၁၈ အသင်းအဖြစ် ဖွဲ့စည်းမည်ဖြစ်သည်။

မြန်မာယူ-၁၈အသင်းကို နည်းပြချုပ်အဖြစ် ဦးညီညီလတ်ကတာဝန်ယူကိုင်တွယ်မည်ဖြစ်သည်။ ဦးညီညီလတ်သည် ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်မြင်ခဲ့သည့် မြန်မာယူ-၂၀အသင်းတွင် နည်းပြချုပ် ဂတ်ဇီဆီနှင့် အတွဲညီခဲ့သည့် နည်းပြတစ်ဦးဖြစ်သည်။

ခြေစွမ်း စမ်းသပ်ရွေးချယ်မှုကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဘေးရှိ မြက်ခင်းတုကွင်း(၂)တွင် အောက်တိုဘာ ၃၁ မှ နိုဝင်ဘာ ၃ ရက်အထိလေးရက်ကြာပြုလုပ်သွားမည်ဖြစ်သည်။

## ပရိသတ်များ စည်းကမ်းတကျ အားပေးရန် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်တောင်းဆို

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆုဖူးကီးဖလားအုပ်စုအဆင့်ပွဲစဉ်များတွင် ပရိသတ်များအနေဖြင့် စည်းကမ်းတကျအားပေးကြရန် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်ကတောင်းဆိုခဲ့ကြောင်း သိရသည်။

အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ပြိုင်ပွဲများတွင် ဆိုးသွမ်းပရိသတ်တချို့၏ အလွန်အကျူး အားပေးမှုများကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

"မြန်မာပရိသတ်တွေဟာ ဘောလုံးပွဲရှိလာပြီဆိုရင် တစ်ခဲနက်လာရောက်အားပေးလေ့ရှိပါတယ်။ အခုလို အားပေးတဲ့အတွက်လည်း ကျေးဇူး တင်ပါတယ်။ ကွင်းလုံးပြည့် လာရောက်အားပေးဖို့ မျှော်လင့်ပေမယ့် အလွန်အကျူး အားပေးမှုတွေ မပြုလုပ်ဖို့ ကြိုတင်တောင်းပန်ချင်ပါတယ်။ အနည်း ငယ်သော ပရိသတ်တွေကြောင့်သာဖြစ်နေတာပါ"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဆိုးသွမ်းပရိသတ်တချို့ကြောင့် ၂၀၁၈ ကမ္ဘာ့ဖလား ခြေစစ်ပွဲတွင်အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ဆုံးရှုံးခဲ့ရ သလို ၂၀၁၄ အာရှယူ ၁၉ ပြိုင်ပွဲတွင်လည်း ပရိသတ်များ၏ အလွန်အကျွံအားပေးမှုများကြောင့် အိမ်ကွင်းလက်ခံကျင်းပခွင့် ပိတ်ပင်သည့် ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရကြောင်း သိရသည်။

အာဆီယံဒေသတွင်း ဘောလုံးအဖွဲ့ချုပ်များအနက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အာရှဘောလုံးအဖွဲ့ချုပ်နှင့် အာဆီယံဘောလုံးအဖွဲ့ချုပ်တို့၏ အရေးယူခံရမှု အများဆုံးသောဘောလုံးအဖွဲ့ချုပ်ဖြစ်ကြောင်း သိရသည်။

## ၂၀၁၉ အာရှဖလားခြေစစ်ပွဲ တတိယအဆင့် မဲခွဲပွဲကို ယူအေအီးနိုင်ငံတွင် ကျင်းပမည်

၂၀၁၉ အာရှဖလား ဝင်ခွင့်အတွက် တတိယ အဆင့် ခြေစစ်ပွဲများကစားရမည့် အသင်း(၂၄) သင်းစာရင်းကို AFC က ထုတ်ပြန်ထားပြီးဖြစ်သည်။ အဆိုပါခြေစစ်ပွဲများအတွက် Official Draw မဲခွဲပွဲကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်တွင် ယူအေအီးနိုင်ငံ၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အသင်းသည်လည်း ပြီးခဲ့သည့် ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲအုပ်စုတွင် အဆင့်(၄)နေရာတွင် ရပ်တည်ခဲ့သည့်အတွက် အဆိုပါ(၂၄)သင်းစာရင်း၌ ပါဝင်လာခဲ့သည်။

တတိယအဆင့်ကစားမည့်(၂၄)သင်းအနက် (၁၂)သင်းမှာ နောက်ဆုံးအဆင့်သို့ တက်ရောက် ကစားခွင့်ရမည်ဖြစ်ပြီး လက်ရှိနောက်ဆုံးအဆင့်သို့ တက်ရောက်ခွင့်ရရှိထားပြီးသော အသင်း (၁၂) သင်းနှင့်ပေါင်း၍ နောက်ဆုံးအဆင့် AFC Asian Cup 2019 ပြိုင်ပွဲကြီးကို စုစုပေါင်း အသင်း(၂၄) သင်းဖြင့် ယူအေအီးနိုင်ငံတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

# ဖျာပုံခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၁/၂၀၁၆ ကျင်းပ

ဖျာပုံခရိုင် စားသုံးသူရေးရာ ဦးစီးဌာန၊ ခရိုင်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ၊ မိတ်ဖက်ဌာနများ၊ စားသုံးသူရေးရာ ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးများနှင့် ဌာနခွဲမှူးများသည် အောက်တိုဘာ ၁၈ ရက်က ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၁/၂၀၁၆ ကိုကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဖျာပုံခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ခရိုင်ဦးစီးမှူး ဦးမြင့်အောင်က ဌာန၏ လမ်းညွှန်မှာကြားချက်များ၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါ အကြောင်းအရာများ၊ ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းလျာထားချက်များနှင့် ဌာနမှဆောင်ရွက်နေမှုများအား ရှင်းလင်း တင်ပြပါသည်။

ဆက်လက်၍ ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့တွင် ပါဝင်သောဌာန ၁၃ ဌာနနှင့် မိတ်ဖက်ဌာနများဖြစ်သည့် ခရိုင်စိုက်ပျိုးရေး၊ ခရိုင်ငါးလုပ်ငန်း၊ ခရိုင်အထူး စုံစမ်းစစ်ဆေးရေး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး၊ ခရိုင်တိုင်းရင်းဆေး ဦးစီးဌာန စသည့်ဌာနများမှ သက်ဆိုင်ရာဌာနဥပဒေများနှင့် စားသုံးသူရေးရာ ဥပဒေပါ ဆောင်ရွက်မှု အခြေအနေများကိုညှိနှိုင်းပြီး အဖွဲ့ဝင်များအနေဖြင့် ရှေ့ဆက်လက်အောင်မြင်အောင်မည်ကဲ့သို့ ပြုလုပ်သင့်သည်များကို အကြံပြု ဆွေးနွေးကြပါသည်။

ထို့နောက် ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌက ဥပဒေပါ စားသုံးသူအကာအကွယ်ပေးရေး၏ ရည်ရွယ်ချက်သည် ကောင်းမွန်ပါသဖြင့် ညှိနှိုင်းဖြေရှင်းပေးရမည်ဖြစ်၍ အဖွဲ့ဝင်များအားလုံးသည် စားသုံးရန်မသင့်သည့် အစားအစာများအကြောင်းကို သေသေချာချာ သိရှိအောင်လေ့လာပြီး ပြည်သူများ အား အသိပညာပေးရန်နှင့် ကျင့်ဝတ်၊ စည်းကမ်းများပြောပြ၍ ယဉ်ကျေးမှုတစ်ရပ် ဖြစ်ရေးလမ်းပြပေးရန်၊ ထိုလုပ်ငန်းသည် ဇီဝိတဒါနလုပ်ငန်း ဖြစ်နေ၍ အားလုံးပူးပေါင်း ကြိုးစားဆောင်ရွက်ပေးရန်နှင့် ယခုလို အစည်းအဝေးကို တစ်လတစ်ကြိမ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသွားပါသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ဖျာပုံခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှ တာဝန် ရှိသူများ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**မင်းဇော်မွန် (ဖျာပုံ)**

# သာပေါင်းမြို့ ရွှေပြည်သာဈေးကြီးအတွင်း တားမြစ် စားသောက်ကုန်များရောင်းချမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

သာပေါင်းမြို့ ရွှေပြည်သာဈေးကြီးအတွင်း FDAမှတားမြစ်ထားသော မုန့်မျိုးစုံနှင့်စားသုံး ကုန်စည်များ ရောင်းချမှုမရှိစေရန် စားသုံးသူရေး ရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းလတ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထွန်း၊ ဆက်စပ်ဌာနများဖြစ်သော စည်ပင်သာယာရေးဦးစီးဌာနမှ အမှု ဆောင်အရာရှိဦးဝင်းမြင့်ဟန်၊ ကျန်းမာရေး ဦးစီး ဌာနမှ ဦးစောသိဏ်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းပါဝင်လျက်အောက်တိုဘာ တတိယပတ်တွင် စီးကရက်ပုံမုန့်၊ အခြားမုန့်မျိုးစုံ နှင့် စားသုံးကုန်စည်များ လက်လီလက်ကားရောင်းချတဲ့ ကုန်စုံဆိုင်ကြီးများသို့ သွားရောက်ပြီး ကွင်းဆင်းစိစစ် အသိပညာပေးခဲ့ကြောင်း သိရပါသည်။

ထိုကဲ့သို့ဆောင်ရွက်ခဲ့ရာတွင် စားသုံးသူရေး ရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းလတ်က FDA မှ ထုတ်ပြန်ထားသော စားသုံးရန်မသင့်သည့် ယိုစုံများ၊ ဝေဖာချောင်းများ၊ သကြားချောင်း၊ ဇီးမှုန့်၊ နို့ချောင်း၊ ချိုချဉ်၊ စီးကရက်ပုံမုန့်နှင့် အခြား တားမြစ်ထားသော မုန့်များရောင်းချခြင်းမပြုရန် အနာဂတ်မျိုးဆက်သစ် ကျောင်းသား၊ကျောင်းသူများအား ရေရှည်တွင် ဖြစ်ပွားလာနိုင်သော ရောဂါနှင့် နောက်ဆက်တွဲ ဆိုးကျိုးများ၊ စားသောက်ကုန်စည်များတွင်လည်း မြေပဲစေ့အတု၊ ရေသန့်များ၊ ငရုတ်သီးမှုန့်များ၊ လက်ဖက်နှင့် အခြား တားမြစ်ကုန်စည် တို့ကို ရောင်းချခြင်း မပြုလုပ်ရန် လုပ်ငန်းရှင်များအား အသိပညာပေး၍ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မင်းမင်းဦး၊ (ပုသိမ်)**

# ကယားပြည်နယ်စားသုံးသူရေးရာဦးစီးဌာနက အောက်တိုဘာလအတွင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများဆောင်ရွက်ခဲ့



ကယားပြည်နယ်စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး လုပ်ငန်းများကိုအောက်တိုဘာ ပထမပတ်အတွင်းတွင် လွိုင်ကော်မြို့ပေါ်ရှိ အခြေခံပညာမူလွန်ကျောင်းများ၌ အသိပညာပေးခြင်းနှင့်ကွင်းဆင်းစစ်ဆေးခြင်းသုံးကြိမ်၊ အောက်တိုဘာ ဒုတိယပတ်နှင့် တတိယပတ်တွင် လွိုင်ကော်မြို့ပေါ်ရှိ ရပ်ကွက်များတွင် အသိပညာပေးခြင်း ခြောက်ကြိမ် အသီးသီး ဆောင်ရွက်ခဲ့ပါတယ်။

အောက်တိုဘာလ ၂၅ ရက်က လွိုင်ကော်မြို့နယ်ရှိနမ့်ကွတ် အခြေခံပညာမူလွန်ကျောင်း၊ အောက်တိုဘာ ၂၆ ရက်က မိုက်ကန်းကျေးရွာရှိအခြေခံပညာမူလွန်ကျောင်း၊ ရေနီကန်ကျေးရွာရှိအခြေခံပညာမူလွန် ကျောင်း၊ အောက်တိုဘာ ၂၇ ရက်နေ့တွင် လယ်ထွဲကျေးရွာရှိအခြေခံပညာ မူလွန်ကျောင်းနဲ့ မယ်စဲ့မြို့အခြေခံပညာအထက်တန်းကျောင်း၊ အောက်တိုဘာ ၂၈ ရက်က လွိုင်ကော်မြို့ရှိ ရေနီကန်ကျေးရွာနှင့် ဖါဆောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းတို့တွင် အသိပညာပေးခြင်းနဲ့ ကျောင်းမုန့်ဈေးတန်းကွင်းဆင်းစစ်ဆေးခြင်းများကို အဖွဲ့ခွဲ၍ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါ ဆွေးနွေးပွဲများသို့ စုစုပေါင်းအင်အား ၂၉၂၇ ဦး တက်ရောက်ခဲ့ပါတယ်။

အဆိုပါ ဟောပြောပွဲများတွင် ပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက စားသုံးသူ အကာအကွယ်ပေးရေးနဲ့ ပတ်သက်၍ နေ့စဉ်စားသုံးနေတဲ့ အစားအသောက်များမှ တာရှည်ခံဆေးနဲ့ ခွင့်မပြု ဓါတုဆေးဆိုးများပါဝင်သော အစားအသောက်များရဲ့ နောက်ဆက်တွဲ ဆိုးကျိုးများ၊ ဟင်းသီးဟင်းရွက်များတွင်ပါရှိတဲ့ ပိုးသတ်ဆေးဓါတ်ကြွင်းဓါတ်ကျန်များကို သတိပြုပြီး စားသုံးသူများအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းပြီး၊ အာဟာရပြည့်ဝတဲ့ အစားအသောက်များကို ရွေးချယ်ဝယ်ယူစားသုံးတတ်စေရန်နဲ့ မိမိတို့ဝယ်ယူ သုံးစွဲသည့် ကုန် ပစ္စည်းများအပေါ်တွင် မှန်ကန်သော သတင်းအချက်အလက်များ ရရှိခွင့်၊ ထိခိုက်နစ်နာဆုံးရှုံးမှုများအပေါ် အရေးဆို တိုင်တန်းနိုင်သည့် အခွင့်အရေးအစရှိတဲ့ စားသုံးသူအခွင့်အရေးများကို အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့ပါတယ်။ ထို့နောက် ကျောင်းမုန့်ဈေးတန်းများတွင် နိုင်ငံပိုင်သတင်းစာများမှတရားဝင်ထုတ်ပြန်ထားသည့် အစားအသောက်များ ရောင်းချမှု ရှိ/ မရှိ စစ်ဆေးပြီး ကလေးများအတွက် လုံခြုံစိတ်ချရပြီး အာဟာရပြည့်ဝသည့် အစားအသောက်များကိုသာ ရောင်းချကြရန် အသိပညာပေး ဆွေးနွေးခဲ့၍ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပါတယ်။

**မြို့ရှီ (ကယား)**

# ဘားအံမြို့နယ်အတွင်း စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောပွဲများ ကျင်းပ

ကရင်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနသည် သီတင်းကျွတ်ကျောင်းပိတ်ရက်ကာလအတွင်း ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာများ၌ စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲများကို ကျင်းပခဲ့ကြောင်း သိရ သည်။

ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနသည် အောက်တိုဘာလ ၁၀ ရက်က ဘားအံမြို့နယ်အတွင်းရှိ ကော့တရုတ်ရကျေးရွာ၊ နောင်ထလုံးကျေးရွာ၊ ထုံးအိုင်ကျေးရွာတို့တွင်လည်းကောင်း၊ အောက်တိုဘာလ ၁၃ ရက်က ဘားအံမြို့နယ်အတွင်းရှိ နောင်လုံအရှေ့ကျေးရွာ၊ အိန္ဒြဲကျေးရွာနှင့် လွန်းည ကျေးရွာတို့တွင်လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေး ဟောပြော ပွဲများကို ကျင်းပခဲ့ကြသည်။

အဆိုပါဟောပြောပွဲများတွင် ကရင်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနက ဖွင့်လှစ်ခဲ့သည့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်သည့် သင်တန်း ၃/၂၀၁၆ မှ သင်တန်းဆင်းများက ဦးဆောင်၍ ဆွေးနွေးဟောပြောခဲ့ကြခြင်းဖြစ်သည်။ ဆွေးနွေးဟောပြောပွဲများတွင် ဘာသာစကားအခက်အခဲရှိသောနေရာများ၌ ကရင်ဘာသာစကားဖြင့် ဟောပြောခဲ့ကြကြောင်း သတင်း ရရှိပါသည်။

**ခင်ကြည်(ကရင်)**



# BUILD MYANMAR 2016

## 10 – 12 NOVEMBER

၁၀ - ၁၂ နိုဝင်ဘာ

# DON'T MISS BUILD MYANMAR 2016!

လက်မလွတ်စတမ်းလေ့လာရမည့် BUILD MYANMAR 2016

**The international event for building construction & infrastructure development in Myanmar**

မြန်မာ့ အခြေခံ အဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးအတွက်နိုင်ငံတကာကုန်စည်ပြပွဲ

**Venue:**
Inn Gyin Ballroom, Rose Garden Hotel
Yangon Myanmar

**Opening Hours:**
10 – 11 November 2016 10.00am to 6.00pm
12 November 2016 10.00am to 4.30pm

**နေရာ**
အင်ကြင်း ခန်းမ၊ Rose Garden ဟိုတယ်၊
ရန်ကုန်။

**ပြပွဲ အချိန်**
၁၀ - ၁၁ နိုဝင်ဘာ ၂၀၁၆ နံနက် ၁၀နာရီ မှ ညနေ ၆နာရီ
၁၂ နိုဝင်ဘာ ၂၀၁၆ - နံနက် ၁၀နာရီ မှ ညနေ ၄း၃၀နာရီ

**Features:**
✓ Source for products & solutions
✓ Meet international exhibitors from China, India, Japan, Korea, Malaysia, Myanmar, Singapore, Thailand and more!

**Attend seminars - FREE:**
Session 1: Myanmar Construction Outlook & Technology Seminar
Session 2: Exhibitor Workshops - Responsible Pest Management & Electricity Safety Consideration
Session 3: Tunnelling & Underground Construction Seminar
Session 4: Myanmar Real Estate Seminar

Check out more details on our show website:
www.build-myanmar.com

**ပြပွဲ အင်္ဂါရပ်များ**
✓ ထုတ်ကုန်များ နှင့်ဖြေရှင်းချက်ရင်းမြစ်များရရှိခြင်း
✓ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ မလေးရှား၊ စင်္ကာပူ၊ ထိုင်း၊ မြန်မာ အစရှိသည့်အပြည်ပြည်ဆိုင်ရာကုန်ပစ္စည်းရောင်းချသူများနှင့်တွေ့ ဆုံနိုင်ခြင်း

**အခမဲ့ နည်းပညာ ဆွေးနွေး ဟောပြောပွဲ ကိုတက်ရောက်နိုင်ခြင်း**
ဆွေးနွေး ဟောပြော ပွဲ (၁)။ မြန်မာ့ဆောက်လုပ်ရေး အလားအလာ နှင့် နည်းပညာဖလှယ်ပွဲ

ဆွေးနွေး ဟောပြော ပွဲ (၂)။ တာဝန်သိသီးနှံဖျက်ပိုးစီမံခန့်ခွဲမှု နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအလုပ်ရုံဆွေးနွေးပွဲ

ဆွေးနွေး ဟောပြော ပွဲ (၃)။ ဥမင်လိုဏ်ခေါင်း နှင့် မြေအောက်တွင်းဆောက်လုပ်ရေးဆိုင်ရာ နည်းပညာဖလှယ်ပွဲ

ဆွေးနွေး ဟောပြော ပွဲ (၄) ။
မြန်မာအိမ်ခြံမြေ ဆိုင်ရာ နှီးနှောဖလှယ်ပွဲ

# PRE-REGISTER ONLINE!

Or register at the event with your business card

အွန်လိုင်းဖြင့် ဖြစ်စေ၊ ပြပွဲတွင်း၌
မိမိလိပ်စာကဒ်ဖြင့်ဖြစ်စေ မှတ်ပုံတင်နိုင်ပါသည်။

www.build-myanmar.com/visitor-pre-registration/

Organised by: GLOBE INTERNATIONAL EVENTS CONSULTANCY

Associate Partner:

Supported By:

Media Partner:

## ပွင့်လင်းရာသီတွင် ဝေးလံခေါင်ဖျားဒေသများ၌ ခရီးသွားဝင်ရောက်မှုမြင့်တက်လာစေရန်ရည်ရွယ်၍ Jovaco က ခရီးသွားမြှင့်တင်ရေးဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပ



လာမည့် ပွင့်လင်းရာသီတွင် ဝေးလံခေါင်ဖျားဒေသများ၌ ခရီးသွားဝင်ရောက်မှု မြင့်တက်လာစေရန် ရည်ရွယ်၍ Jovaco အွန်လိုင်း ဟိုတယ် ကြိုတင်လက်မှတ် ဝန်ဆောင်မှုလုပ်ငန်းမှ ခရီးသွားမြှင့်တင်ရေးဆိုင်ရာ ဆွေးနွေးပွဲကို အောက်တိုဘာလ ၂၇ ရက်က ဆီဒိုးနားဟိုတယ်၌ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ ဦးသက်လွင်တိုးက ဝေးလံခေါင်ဖျားဒေသများသို့ခရီးသွား မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းအနေဖြင့် ဝေးလံခေါင်ဖျားဒေသများအား ခရီးသွားမြှင့်တင်ရေးကိစ္စရပ်များကို ဆောင်ရွက်ရာတွင် အရေးကြီးဆုံးအချက်မှာ အဆိုပါဒေသကိုအများသိရှိနေစေရေးပင်ဖြစ်ကြောင်း၊ ထို့ပြင် မူရင်းသဘာဝအတိုင်း မပျောက်ပျက်စေဘဲ ထားရှိရေးသည်လည်း သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကို အားပေးခြင်းပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသို့ ၂၀၁၅ခုနှစ်အတွင်း နိုင်ငံခြားသားခရီးသည်ဝင်ရောက်မှုမှာ ၁၃ သိန်းကျော်ရှိကြောင်း၊ ကမ္ဘာလှည့်ခရီးသည် အရေအတွက်တိုးတက်ရေးအတွက် အဓိကကျသည့် အချက်ငါးချက်ရှိပါကြောင်း၊ ပထမအချက်မှာ မြန်မာနိုင်ငံအတွင်းရှိ အထင်ကရနေရာများကို ကမ္ဘာအနှံ့ သိရှိအောင်လုပ်ရန်ပင်ဖြစ်ကြောင်း၊ ဒုတိယအချက်မှာ ဆွဲဆောင်မှုရှိသည့်နေရာများကို ဖော်ထုတ်ရန်ပင်ဖြစ်ကြောင်း၊ တတိယအချက်မှာ အဖိုးထိုက်တန်သည့်နေရာများကို ရှာဖွေဖော်ထုတ်ရန်၊ စတုတ္ထအချက်မှာ လေကြောင်းလမ်း၊ ရေကြောင်းလမ်း၊ ကုန်းကြောင်းလမ်းတို့ဖြင့် အလွယ်တကူသွားလာ၍ရအောင် စီစဉ်ပေးရန်နှင့် စီမံခန့်ခွဲမှုပိုင်းဆိုင်ရာကဏ္ဍများတွင် ပြီးပြည့်စုံသည့်အခြေအနေကို ဖန်တီးထားပေးရန်ဟူသည့်အချက်ငါးချက်ကိုပြည့်စုံအောင်လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း စသည် ဖြင့် ပြောကြားခဲ့သည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီး ဌာနအနေဖြင့် ကယားပြည်နယ်၊ ချင်း ပြည်နယ်၊ ကချင်ပြည်နယ်တို့တွင် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်သည့်နေရာများအဖြစ် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ကယားပြည်နယ်ကို မဖွံ့ဖြိုးသည့်ဒေသမှ ဖွံ့ဖြိုးသည့်ဒေသအဖြစ် သို့ လုပ်ဆောင်လျက်ရှိပြီးနိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားများကို လာချင့်စဖွယ်ဖြစ်အောင် လုပ်ဆောင်လျက်ရှိကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။ ■

## ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးထားသည့်ချေးငွေ ကျပ်ဘီလီယံ ၉၀ ကျော်ရှိ

ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ တန်ဖိုးနည်းအိမ်ရာများ ဝယ်ယူလိုသူများနှင့် ဆောက်လုပ်ရေး လုပ်ကိုင်သူများအား ထုတ်ချေးထားသည့်ချေးငွေပမာဏမှာ ကျပ်ငွေ ၉၇ ဘီလီယံအထိရှိနေပြီဖြစ်ကြောင်း ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

ယခုလက်ရှိတွင် ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်က ဆောက်လုပ်ရေးလုပ်ငန်းရှင်ပေါင်း ၂၀၀ ကျော် ကို ဘီလီယံ ၉၀ ခန့် ထုတ်ချေးထားပြီး အရစ်ကျစနစ်ဖြင့် အိမ်ရာဝယ်ယူသူ ၅၀၀ ကျော်ကို ခုနစ်ဘီလီယံထုတ်ချေးထားပြီးဖြစ်ကြောင်း သိရသည်။

တန်ဖိုးနည်းအိမ်ရာဝယ်ယူသူများအတွက် ချေးငွေသက်တမ်းကို ရှစ်နှစ်သတ်မှတ်ထားပြီး ဆောက်လုပ်ရေးလုပ်ငန်းရှင်များကိုမူ တစ်နှစ်သက်တမ်းနှင့် ထပ်တိုးတစ်နှစ်သက်တမ်းသတ်မှတ်ကာ ထုတ်ချေးပေးနေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါထုတ်ချေးထားသည့် ချေးငွေပမာဏမှာ ဘဏ်စတင်တည်ထောင်ခဲ့သည့်အချိန်မှ ယနေ့အထိ သုံးနှစ်တာကာလအတွင်း ထုတ်ချေးခဲ့ခြင်းဖြစ်သည်။

"ဘဏ်စတင်တည်ထောင်ကတည်း က ဆောက်လုပ်ရေးလုပ်ငန်းတွေ ဖွံ့ဖြိုး တိုးတက်ဖို့နဲ့အရစ်ကျအိမ်ရာတွေကို ဝယ်ယူနိုင်ဖို့ ဖွင့်လှစ်ထားတာပါ။ ချေး ငွေယူချင်သူရဲ့ဝင်ငွေကို ကြည့်ပြီး ထုတ်ချေးတာပါ။ ချေးငွေဝယ်ယူသူတွေကို ဘဏ်ဝန်ဆောင်ခက တစ်ရာခိုင်နှုန်း၊ အတိုးနှုန်းက ၁၂ ရာခိုင်နှုန်း သတ်မှတ်ထားပါတယ်"ဟု ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ ဦးဝင်းဇော်က ပြောကြားခဲ့သည်။

ယခုလက်ရှိတွင် ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်တွင် အိမ်ရာ ဝယ်ယူရန်ငွေစုထားသူ ခုနစ်ထောင်ကျော်ရှိနေပြီးယခုနှစ်နိုဝင်ဘာလအတွင်း ကျပ်သိန်း ၉၀နှင့် သိန်း၁၂၀ အကြားရှိတန်ဖိုးနည်းတိုက်ခန်းများကို ရှစ်နှစ် အရစ်ကျဖြင့် အဆိုပါငွေစုသူများအား ရောင်းချပေးမည်ဖြစ်ကြောင်း မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှသိရှိရသည်။

ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုး ရေးဘဏ်ကို ၂၀၁၄ ခုနှစ်အောက်တို ဘာလအတွင်းက စတင်ဖွင့်လှစ်ခဲ့ပြီး ယခုလက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီးတွင် ဘဏ်ခွဲလေးခု၊မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်၊ မော်လမြိုင်မြို့နှင့် ပုသိမ်မြို့တို့တွင် ဘဏ်ခွဲတစ်ခုစီ ဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

## MyanAuto 2016, Bus & Truck Myanmar 2016 နှင့် MyanBike 2016 ပြပွဲများ ပြသ




AMBTarsus ကုမ္ပဏီကကြီးမှူး၍ MyanAuto 2016 ပြပွဲကို ရန်ကုန်မြို့ ရှင်စောပုလမ်းရှိMyanmar Event Park တွင် အောက်တိုဘာလ ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲကို မြန်မာနိုင်ငံအတွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာ စေရန်နှင့် ပြည်တွင်းရှိ မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းရေး ဝန်ဆောင်မှုလုပ်ငန်းများအတွက် ထုတ်ကုန်ရင်းမြစ် အသစ်များ တိုးပွားလာစေရန် ရည်ရွယ်၍ ပြသခြင်းဖြစ်ကြောင်း သိရသည်။

MyanAuto 2016 ကုန်စည်ပြပွဲတွင် နိုင်ငံတကာမှ မော်တော်ကားအစိတ်အပိုင်းထုတ်လုပ်သော ကုမ္ပဏီများ၊ ဆားဗစ်နှင့် ဆားဗစ်အစိတ်အပိုင်းထုတ်လုပ်သော ကုမ္ပဏီများ ပါဝင်ပြသခဲ့ပြီး တရုတ်၊ အိန္ဒိယ၊ တရုတ်(တိုင်ပေ)၊ စင်ကာပူ အစရှိသော နိုင်ငံ၁၅နိုင်ငံမှ ပြသသူပေါင်း နှစ်ရာကျော် ပါဝင်ပြသခဲ့ကြောင်း သိရသည်။

အဆိုပါကုန်စည်ပြပွဲနှင့်အတူ Bus & Truck Myanmar 2016 နှင့် MyanBike 2016 ပြပွဲတို့ကို အတူပူးတွဲကျင်းပခဲ့သည်။ Bus & Truck Myanmar 2016 ပြပွဲတွင် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းသုံးကားများ၊ ထရပ်ကားများ ခင်းကျင်းပြသခဲ့ပြီး MyanBike 2016 ပြပွဲတွင်မူ နိုင်ငံတကာကုမ္ပဏီများမှ မော်တော်ဆိုင် ကယ်အစိတ်အပိုင်းများနှင့် အပိုပစ္စည်းများ၊ ဆားဗစ်များကို ခင်းကျင်းပြသခဲ့သည်။

ယခုပြပွဲကို စီစဉ်ကျင်းပခဲ့သည့် AMBTarsus သည် ယခင်က AMB အမည်ဖြင့်သာ ကုန်စည်ပြပွဲများနှင့် အခြား Event များကို စီမံကိုင်တွယ်ပေးသော Event ကုမ္ပဏီအဖြစ်သီးခြားရပ်တည်ခဲ့သော်လည်း ယခုနှစ်တွင် ယူနိုက်တက်ကင်းဒမ်းနှင့် အမေရိကန်နိုင်ငံတို့၌ ကုန်သွယ်မှုဆိုင်ရာပြပွဲများကို တာဝန်ယူပေးလျက်ရှိသည့် ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Tarsus နှင့် ပူးပေါင်းခဲ့သည်ဟု သိရသည်။ ■

## မြန်မာစွန့်ဦးတီထွင်လုပ်ငန်းရှင်များ ပါဝင်ဆင်နွှဲနိုင်သည့် Global Entrepreneurship Week 2016 ကို ကျင်းပမည်

မြန်မာစွန့်ဦးတီထွင်လုပ်ငန်းရှင်များ ပါဝင်ဆင်နွှဲနိုင်သည့် Global Entrepreneurship Week 2016 ကို လာမည့် နိုဝင်ဘာလ ၁၄ ရက်မှ ၂၀ ရက် အထိ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးတို့တွင် တစ်ပြိုင်နက်တည်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Global Entrepreneurship Week 2016 သို့ ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းပေါင်း ၁၀၀ ကျော် မှ လုပ်ငန်းရှင်ပေါင်း ရှစ်ထောင်ကျော် တို့လာရောက်ကြမည်ဖြစ်ကြောင်းသိရသည်။

ယင်း Global Entrepreneurship Week 2016 ကို Global Entrepreneurship Network က ဦးဆောင်၍ ကျင်းပခြင်းဖြစ်ပြီး စိတ်ပါဝင်စားသူတိုင်း ပွင့်လင်းလွယ်ကူစွာ ပါဝင်နိုင်သည့်အစီအစဉ်တစ်ခုလည်း ဖြစ်သည်။

Global Entrepreneurship Network သည် မြန်မာနိုင်ငံ၏ စွန့်ဦးတီထွင်ခြင်းဆိုင်ရာဂေဟစနစ်ကို ချိတ်ဆက်ပေးခြင်းနှင့်အတူ နိုင်ငံတကာစွန့်ဦးတီထွင်ခြင်းဆိုင်ရာဂေဟစနစ်ကိုပါ ဆက်သွယ်ပေးလျက်ရှိပြီးလာမည့် ၂၀၁၇ခုနှစ်၊ မတ်လ ၁၃ ရက်မှ ၁၆ ရက်အထိ တောင်အာဖရိကနိုင်ငံ၊ ဂျိုဟန်နက်စ်ဘတ်မြို့တွင် ကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာစွန့်ဦးတီထွင်ခြင်းဆိုင် ရာညီလာခံ (Global Entrepreneurship Congress)သို့ မြန်မာနိုင်ငံသား စွန့်ဦးတီထွင်လုပ်ငန်းရှင်များအား တက်ရောက်စေမည်ဖြစ်ကြောင်း သိရသည်။

# tEJ,yal;ps;uGufuf wyywf



အောက်တိုဘာ ၂၄ ရက်က ထုတ်ပြန်သော အဂရီဝပ်ချ်ပဲမျိုးစုံ ရက်သတ္တပတ် အစီရင်ခံစာတွင် ချန်နိုင်း၊ ဂျဝါဟာလာနေရူး စသည့် ဆိပ်ကမ်းများသို့ ပဲရောက်ရှိမှု၊ ပဲဈေးနှုန်းနှင့်ပဲသိုလှောင်ရန် အစိုးရ၏ ခွင့်ပြုချက်စသည့် အခြေအနေများကို ဖော်ပြထားသည်။

အောက်တိုဘာ ၁၆ ရက်တွင် ကုန်ဆုံးသော သီတင်းပတ်အတွင်း အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံတင်သွင်းမှုမှာ တန်ချိန် ၁၁၁၀၃၀ ရှိခဲ့သည့်အတွက် အောက်တိုဘာ ၈ ရက်တွင် ကုန်ဆုံးသော သီတင်းပတ်တွင် တင်သွင်းခဲ့သော ပဲမျိုးစုံ ၁၄၁၈၄၄ တန်နှင့်နှိုင်းယှဉ်ပါက ၂၁ ဒသမ ၇၂ ရာခိုင်နှုန်းကျဆင်းခဲ့သည်ကိုတွေ့ရသည်။ ပဲအမျိုး အစားအလိုက်ကြည့်ပါက ပဲဝါလေး ၇၁၉၉၁ တန်၊ ပဲစင်းငုံ ၁၅၆၅၆ တန်နှင့်ကုလားပဲ ၁၀၁၁၉ တန် တင်သွင်းခဲ့သည်ကိုတွေ့ရပြီး ကျန်ကုန်သေတ္တာများမှာ ဘိုစားပဲအပါအဝင် ကျန်ပဲများ ဖြစ်သည်။

အောက်တိုဘာ ၆ ရက်မှ ၁၀ ရက်အတွင်း ချန်နိုင်းဆိပ်ကမ်းသို့ ဒေသအသီးသီးမှ ကုန်သေတ္တာ ၃၃၇ လုံးရောက်ရှိခဲ့သည်။ ပဲအမျိုးအစားအလိုက်ကြည့်ပါက မတ်ပဲ ၁၄၅ လုံး၊ ပဲနီလေး ၈၉ လုံး၊ ပဲဝါလေး ၃၆ လုံး၊ ပဲစင်းငုံအဖြူ ၃၄ လုံး၊ ဘိုစားပဲအနီအလုံး ၂၀ ဝင်ရောက်သည်။ ကျန်တင်သွင်းလာသော ကုန်သေတ္တာများမှာ ကုလားပဲ၊ ပဲတီစိမ်း၊ မတ်ပဲစသည့် ကုန်သေတ္တာများဖြစ်သည်။ ယခု အသုတ်မတိုင်မီ အောက်တိုဘာ ၁ ရက်မှ ၅ ရက် အတွင်း ချန်နိုင်းဆိပ်ကမ်းသို့ တင်သွင်းသော ပဲမျိုးစုံ ကုန်သေတ္တာအရေအတွက်မှာ ၂၁၃ လုံးဖြစ်သည်။

ပွဲတော်ရာသီကာလအတွင်း ပဲအလွယ်တကူဝယ်ယူရရှိရေးနှင့် ဈေးနှုန်းများထိန်းချုပ်နိုင်ရေးအတွက် ဝန်ကြီးအဖွဲ့အတွင်းဝန် ပီဇေရှင်ဟာက အခြေခံကုန်စည်များ ရရှိနိုင်မှုနှင့် ဈေးနှုန်းအခြေအနေတို့ကို ပြန်လည်သုံးသပ်ခဲ့သည်။ သိုလှောင်မှုကို ကန့်သတ်ရန်နှင့် ကုန်ဈေးနှုန်းကို သင့်တင့်သောဈေးနှုန်းဖြင့် အလွယ်တကူရရှိ နိုင်အောင် ဆောင်ရွက်ထားရန် ရှင်ဟာက ပြည်နယ်အစိုးရများကို နှိုးဆော်ထားသည်။ ကုန်စည်အားလုံး၏ ဈေးနှုန်းကို ထိန်းချုပ်နိုင်မည့် နည်းလမ်းအားလုံးကို စဉ်းစားထားရန် စားသုံးသူရေးရာအဖွဲ့များကို ရှင်ဟာက ညွှန်ကြားထားပြီး ကုလားပဲများနှင့် အခြားပဲများကို စာတိုက်မှတစ်ဆင့်ဖြန့်ဖြူးပြီး ဝေးလံခေါင်ပါးသည့် ဒေသများအထိ ရောက်ရှိအောင် ဆောင်ရွက်ရန် ရှင်ဟာက တိုက်တွန်းသည်။

အောက်တိုဘာ ၁၉ ရက်တွင် ဂျဝါဟာလာနေရူးဆိပ်ကမ်းသို့ရောက်ရှိလာသော ပဲမျိုးစုံ ကုန်သေတ္တာ ၇၅၅ လုံးရှိသည့်အနက် ပဲစင်းငုံ ၅၄၈ လုံး၊ ကုလားပဲ ၁၁၈ လုံး၊ ပဲတီစိမ်းအလုံး ၆၀၊ ပဲဝါလေး ၂၉ လုံးပါရှိသည်။ ဘိုစားပဲနှင့်မတ်ပဲများ တင်သွင်းခြင်းမရှိပါ။ ဩစတြေးလျမှ ပဲများမှာမူ တစ်လခန့်နောက်ကျမည်ဟု ခန့်မှန်းထားသည်။

ပြည်တွင်းဈေးကွက်တွင် ပစ္စည်းပြတ်လပ်မှုကြောင့် ကုလားပဲဈေးနှုန်းများ မြင့်မားနေသည့်အတွက် လယ်ယာစိုက်ပျိုးရေး ကုန်ပစ္စည်းများကို ရောင်းဝယ်ဖောက်ကားနေသော Metal and Mirerals Trading Corporation of India (MMTC)မှ တစ်ဆင့် ကုလားပဲ ခွဲခြမ်းတန် ၉၀၀၀၀ တင်သွင်းရန် အစိုးရက ဆုံးဖြတ်ခဲ့ရာ MMTC ကလည်း မကြာမီ တင်ဒါများ ခေါ်ယူသွားမည်ဖြစ်သည်။ ကုလားပဲခြမ်းနှင့် အခြားပဲများကို ဖြန့်ဖြူးရာတွင် ယခင်က ဆုံးဖြတ် ထားပြီးဖြစ်သည့်အတိုင်း စာတိုက်မှတစ်ဆင့် ဖြန့်ဖြူးသွားမည်။ ထို့ပြင် MMTC က ပဲမျိုးစုံ မက်ထရစ်တန် နှစ်သန်းကို သိုလှောင်ထားပေးရန် ဆုံးဖြတ်ထားပြီးဖြစ်ရာ ပြည်တွင်းဈေးကွက်နှင့် ပြည်ပဈေးကွက်တို့မှ တစ်ဝက်စီ ဝယ်ယူသွားမည် ဖြစ်သည်။

မြန်မာ့ပင်လယ်ရပ်ခြား လယ်ယာစိုက်ပျိုးရေးကုန်သည်များအသင်း (Overseas Agro Traders Association of Myanmar) ဝင်များက ကန်ထရိုက်စာချုပ်မတိုင်မီ လေးရက်အတွင်း ၁၀ ရာခိုင်နှုန်းပေးချေသောစနစ်ဖြင့် အိန္ဒိယတောင်ပိုင်းရှိ ဝယ်လက်အားလုံးကို ရောင်းချသွားမည်ဖြစ်ကြောင်း အသင်းကအသိပေးကြေညာထားသည်။ ချန်နိုင်း၊ တူတီကိုရင်ခရစ် ရှုနာပတ်တနမ်ကိုချက်၊ ဗီဇက်စသည့် ဆိပ်ကမ်းများတွင် ရောင်းချရာ၌ အဆိုပါစနစ်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်သည်။ တိုက်ရိုက်ဝယ်ယူသည်ဖြစ်စေ ပွဲစားမှတစ်ဆင့်ဝယ်ယူသည်ဖြစ်စေ ဤနည်းအတိုင်း အသုံးပြုသွားမည်ဖြစ်သည်။

အခြားပဲမျိုးစုံဈေးနှုန်းများမှာ မြင့်မားနေသည့်အတွက် ပဲတီစိမ်းဈေးက တည်ငြိမ်နေမည်ဟု ခန့်မှန်းရသည်။ ပဲလုံးမှအပ ပဲမျိုးစုံတင်သွင်းမှု ပမာဏ ကျဆင်းနေပြီး ပဲနီလေးက လက်ရှိဈေးနှုန်းအတိုင်း ဆက်လက်တည်ရှိနိုင်သည်။ ကုလားပဲနှင့် မတ်ပဲမှအပ ပဲမျိုးစုံဈေးကွက်အလားအလာမှာ တည်ငြိမ်နေသည်။ ဩစတြေးလျမှ ကုလားပဲမှာမူ ဒီဇင်ဘာမှ ရောက်ရှိမည်ဟု ခန့်မှန်းရသည်။

ပြည်တွင်းဖြန့်ဖြူးမှုမြင့်တင်ရန်နှင့်ဈေးနှုန်းများကို ထိန်းချုပ်ထားရန်အတွက် ကြားခံသိုလှောင်မှုအဖြစ်ပဲမျိုးစုံ တန်ချိန် ၁ ဒသမ ၇ သိန်းတင်သွင်းရန် အစိုးရက အတည်ပြုထားသည်။ စုစုပေါင်းတင်သွင်းမည့်ပဲများအနက် ပဲတီစိမ်းတန် ၈၀၀၀၀ နှင့် ပဲစင်းငုံတန် ၉၀၀၀၀ ပါဝင်သည်။ ထို့အပြင် အမျိုးသားစားသုံးသူသမဝါယမ ဖက်ဒရေးရှင်း (NCCF) နှင့် အိန္ဒိယနိုင်ငံ အမျိုးအသားလယ်ယာစိုက်ပျိုးရေးသမဝါယမ ဈေးကွက်ရှာဖွေရေး ဖက်ဒရေးရှင်း (NAFED)တို့က ပဲစင်းငုံတစ်ကီလိုကို ၁၀၅ ရူပီးနှင့်မတ်ပဲ တစ်ကီလိုကို ရူပီး ၁၂၀ နှုန်းဖြင့် ရောင်းချသွားမည် ဖြစ်သည်။

**စံမီအောင်**

## ဆန်အစား ပြောင်းကိုအစားထိုး စိုက်ပျိုးရန် ထိုင်းနိုင်ငံ စီစဉ်

ပြောင်းကို စိုက်ပျိုးခြင်းဖြင့် လယ်သမားများ ဝင်ငွေပိုမို ရရှိနိုင်သည့်အတွက် ဆန်စပါးထုတ်လုပ်မှုကို လျှော့ချပြီး ပြောင်းကို ပိုမိုစိုက်ပျိုးရန် ထိုင်းနိုင်ငံ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းတိုးချဲ့ ဆောင်ရွက်ရေးဌာန (Agricultural Extension Department) က စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း ထိုင်းဗီဇာ ဝက်ဘ်ဆိုက်သတင်းတွင် ဖော်ပြသည်။

ဌာနမှ ဆောင်ရွက်နေသော အစီအစဉ်၏ ရည်ရွယ်ချက်မှာ ရောင်းလိုအား ပိုလျှံနေသော ဆန်စပါး ထုတ်လုပ်မှုကို လျှော့ချပြီး ပြည်တွင်းဝယ်လိုအားကို ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသေးသည့် ပြောင်းထုတ်လုပ်မှုကို ပိုမိုဆောင်ရွက်ရန်ဖြစ်ကြောင်းနှင့် ပြည်တွင်းလိုအပ်ချက် ပြည့်မီရန် ပြည်ပမှ ပြောင်းကို တင်သွင်းနေရကြောင်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်း တိုးချဲ့ ဆောင်ရွက်ရေးဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာချိုင်းချန်နာရွန်ကူးလ်က ပြောကြားသည်။

ပြောင်း၏ အားသာချက်မှာ ဆန်စပါးနှင့် နှိုင်းယှဉ်ပါက ရေစုပ်ယူမှုနည်းပါးကြောင်း၊ တစ်ရိုင်လျှင် ရေကုဗမီတာ ၅၀၀မှ ၇၀၀ မျှသာ အသုံးပြုရန် လိုကြောင်း၊ ဆန်စပါး စိုက်ပျိုးမည်ဆိုပါက တစ်ရိုင်လျှင် ရေကုဗမီတာ ၁၂၀၀ မှ ၁၅၀၀ အထိ လိုအပ်ကြောင်း သူက ပြောသည်။ (တစ်ရိုင်= ၀ ဒသမ ၁၆ ဟက်တာ)

ထို့မျှမက ပြောင်းစိုက်ပျိုးထုတ်လုပ်ရာမှ ရရှိသော ဝင်ငွေသည် ဆန်စပါး စိုက်ပျိုး ထုတ်လုပ်ရာမှရရှိသော ဝင်ငွေထက် ပိုမိုပြီး ပြည်ပဈေးကွက်ကိုလည်း ဆန်စပါးကဲ့သို့ မှီခို အားထားနေစရာမလိုကြောင်း သူကပြောသည်။

**စံမီအောင်**

➲ စာမျက်နှာ ၁၈ - လယ်သမားအကျိုးစီးပွားမြှင့်တင်ရေး··· မှ အဆက်

ဟာ ဖိလစ်ပိုင်နိုင်ငံကပေးတဲ့ နိုင်ငံတကာ ပေါက်ဈေးနဲ့ ယှဉ်ပြိုင်နိုင်ခြင်း မပြုနိုင်တဲ့အတွက် ကမ္ဘောဒီးယားနိုင်ငံက အဲဒီတင်ဒါကို ရရှိသွားခဲ့တာကို တွေ့ရှိခဲ့ရပါတယ်။

မြန်မာနိုင်ငံအနေနဲ့ တရုတ်နိုင်ငံကို ဆန်တင်ပို့ရောင်းချနေရတယ်ဆိုပေမယ့်လည်း တရားမဝင်တင်ပို့ရောင်းချနေရသလို တရုတ်နိုင်ငံက သတ်မှတ် ထားတဲ့ AQSIQ စံသတ်မှတ်ချက်တွေအတိုင်း သတ်မှတ်ထားတဲ့ အရည်အသွေးနဲ့အညီ မတင်ပို့နိုင်တဲ့အတွက် နယ်စပ်ဖြတ်ကျော် တင်ပို့ရာမှာ အခက်အခဲတွေ ရှိနေခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် ၂၀၁၅ ခုနှစ်ကာလတုန်းကထက် တန်ချိန် နှစ်သိန်းကျော် လျော့နည်းတင်ပို့ခဲ့ရပြီး တန်ချိန် ငါးသိန်းကျော်သာ တင်ပို့နိုင်ခဲ့တာ ဖြစ်ပါတယ်။ ယခုကာလအချိန်ဟာ မြန်မာနိုင်ငံမှာ စပါးသစ်ပေါ်နေချိန်ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ကောက်စောစပါးပေါ်ချိန်ဟာ တစ်ဖက်နိုင်ငံရဲ့ သီးနှံဈေးကွက် ဖြစ်ပေါ်ချိန်ရာသီနဲ့ ကိုက်ညီနေတာကို တွေ့ရပါတယ်။

ဒ့ါအပြင် စပါးဟာကြာရှည်အထားခံတဲ့ ကုန်ပစ္စည်းဖြစ်သလို တစ်ဖက်နိုင်ငံမှာ အဆင့်မီကြိတ်ခွဲနိုင်တဲ့ ဆန်စက်တွေ ရှိတဲ့အတွက် တစ်ဖက်နိုင်ငံက ကုန်သည်တွေဟာ ဆန်ထက် စပါးကို ပိုပြီး ဝယ်ယူချင်တာ တွေ့ရပါတယ်။

မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေအရ ကောက်စောစပါးပေါ်ချိန်မှာ စပါး ဈေးကျဆင်းနေချိန်နဲ့ ရင်ဆိုင်နေရတာကြောင့် စပါးစိုက်ပျိုးသူတောင်သူတွေဟာ အခက်အခဲမျိုးစုံနဲ့ ရင်ဆိုင်ကြုံတွေ့နေရတာဖြစ်ပါတယ်။

အဲဒီလိုတောင်သူတွေရဲ့ အခက်အခဲတွေအပြင် ပြည်ပဆန်တင်ပို့မှု လျော့နည်းကျဆင်းမှုကိုပါ ပေါင်းစပ်ညှိနှိုင်းနိုင်ဖို့အတွက် အောက်တိုဘာ ၂၉ ရက်က ရန်ကုန်တိုင်းဒေသကြီး ကုန်သွယ်ရေးဦးစီးဌာနရုံးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နဲ့ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆန်စပါး တင်ပို့ရောင်းချသူ များအသင်းမှ တာဝန်ရှိသူများ၊ မူဆယ် နယ်စပ်ပဲပြောင်းနှမ်းကုန်စည်ဒိုင်နှင့် မူဆယ်ဆန်တင်ပို့ရောင်းချသူများ အသင်းမှ တာဝန်ရှိသူများတွေ့ဆုံပြီး ညှိနှိုင်းခဲ့ကြပါတယ်။

အဲဒီအစည်းအဝေးမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လောလောဆယ်တွင် တောင်သူလယ်သမားများရဲ့ အကျိုးစီးပွားအတွက် အခက်အခဲဖြစ်နေသည့်ကိစ္စများအား အချိန်နှင့်တစ် ပြေးညီဖြေရှင်းပေးရန်လိုအပ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် တာဝန်ရှိသူ များအနေဖြင့် လုပ်သင့်လုပ်ထိုက်သည့် ကိစ္စရပ်များအား သက်ဆိုင်ရာအသင်းအဖွဲ့များနှင့် ညှိနှိုင်းပြီး နိုင်ငံတော်၏ လမ်းညွှန်ချက်အရ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဆွေးနွေးခဲ့ပါတယ်။

အဲဒီဆွေးနွေးပွဲကို တက်ရောက်လာကြတဲ့ လုပ်ငန်းရှင်အများစုကလည်း ပြည်ပဈေးကွက်ရှိတဲ့ စပါးတင်ပို့ခွင့်ကို စမ်းသပ်ခွင့်ပြုရန်၊ ခွင့်ပြုမယ့်ကာလကို အချိန်အတိုင်းအတာတစ်ခုအထိ ကန့်သတ်ခွင့်ပြုရန်၊ အစိုးရအနေဖြင့် အရန် ဆန်ဝယ်ယူရေး နည်းလမ်းကိုလည်း အသုံးပြုရေးအတွက် စဉ်းစားပေးရန်၊ ပြည်ပသို့ တင်ပို့မှုများအတွက် LC Financing ကိုလည်း သက်ဆိုင်ရာများက ဆောင်ရွက်ခွင့်ပြုပေးရန်၊ စပါးတင်ပို့မှုကို ကန့်ကွက်သည့်အဖွဲ့ ရှိပါက ၎င်းအဖွဲ့က အခြေခံဈေးနှုန်းတစ်ခု သတ်မှတ်ပေးပြီး တောင်သူများထံမှဝယ်ယူပေးရန်၊ စပါးအထွက်နှုန်း တိုးမြှင့်ရေးဆောင်ရွက်ပေးရန်၊ ထုတ်လုပ်မှုကုန်ကျ စရိတ်လျှော့ချရေး ဆောင်ရွက်ပေးရန်၊ ပို့ကုန်အပေါ် ဝင်ငွေခွန်ကောက်ခံခြင်းအား ပို့ကုန်တိုးမြှင့်ရေးအတွက် ပယ်ဖျက်ပေးရန်နှင့်နှစ်ချုပ်အခွန်မှသာစုစည်း ကောက်ခံပေးရန် အပါအဝင် ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းဆွေးနွေးခဲ့ကြပါတယ်။

ယင်းဆွေးနွေးပွဲဟာ တောင်သူလယ်သမားများ အကျိုးဖြစ်ထွန်းစေရေး၊ ပြည်ပပို့ကုန်တိုးမြှင့်ရေး၊ တောင်သူများ ဆောင်းသီးနှံအချိန်မီ စိုက်ပျိုးနိုင်ရေး၊ မိုးစပါးထွက်ရှိရာတွင် ဈေးနှုန်းကျဆင်းမှုကြောင့် နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် ဈေးကွက်ရှိတဲ့ ပြည်ပနိုင်ငံများသို့ စပါးတင်ပို့မှုအား ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း သိရှိရပါတယ်။

ယခင်အစိုးရများလက်ထက်ကလည်း တရုတ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သို့ စပါးများ တင်ပို့ခဲ့ကြောင်း သိရှိရပါတယ်။

# ဗီယက်နမ်ဘဏ္ဍာရေးခိုင်မာအောင် ဆောင်ရွက်ရန် ကျွမ်းကျင်သူတို့ တိုက်တွန်း




ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးနှင့် ဘဏ္ဍာရေး အနာဂတ်ဆိုင်ရာ နှီးနှော ဖလှယ်ပွဲကို ဟနွိုင်းမြို့တွင် အောက်တိုဘာ ၂၅ရက်က ကျင်းပခဲ့ရာ ဗီယက်နမ် ဘဏ္ဍာရေး စီမံခန့်ခွဲမှုကဏ္ဍရှိ အခွင့် အလမ်းနှင့် စိန်ခေါ်မှုများကို ကျွမ်းကျင်သူတို့က ဆွေးနွေးခဲ့ ကြောင်း ဗီယက်နမ် နယူးစ်သတင်းတွင် ဖော်ပြသည်။

နှီးနှောဖလှယ်ပွဲ၏ ခေါင်းစဉ်မှာ 'ကော်ပိုရိတ် ဘဏ္ဍာရေး စီမံခန့်ခွဲမှု ကဏ္ဍရှိ စိန်ခေါ်မှုနှင့် အခွင့်အလမ်း သစ်များ' ဟူ၍ ဖြစ်သည်။

" ကုမ္ပဏီတွေရဲ့ စီမံအုပ်ချုပ်မှုနဲ့ စီးပွားရေး လုပ်ငန်းတွေရဲ့ အောင်မြင်မှု အတွက် ခိုင်မာတဲ့ ဘဏ္ဍာရေး စီမံခန့်ခွဲ မှုရှိဖို့ အရေးကြီးပါတယ်။ ဒီလို ရရှိနိုင်ဖို့ အတွက် စာရင်းကိုင် ပညာရပ်မှာ အရည် အသွေးမြင့်မားတဲ့ လူသားအရင်းအမြစ် တွေ ရရှိဖို့ လိုအပ်ပါတယ် " ဟု CPA Australia မှ ကူးသန်းရောင်းဝယ်ရေး ဆိုင်ရာ အရာရှိချုပ် အဒမ် အောတီက ပြောသည်။

၂၀၁၇ ခုနှစ်အတွက် ဗီယက်နမ် နိုင်ငံရဲ့ ဘဏ္ဍာ ရေးဆိုင်ရာ အသေးစိတ် ခန့်မှန်းချက်များကို ဗီယက်နမ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ ၏ အကြီးတန်းအကြံပေး ကန်ဗန် လတ်က တင်ပြခဲ့သည်။ ဗီယက်နမ်နိုင်ငံ သည် အာဆီယံ စီးပွားရေး အသိုက် အဝန်းနှင့် ပစိဖိတ်ဖြတ် ပူးပေါင်းဆောင် ရွက်ရေး စာချုပ်တွင် ပါဝင်တော့မည် ဖြစ်သဖြင့် စီးပွားရေး ပြုပြင် ပြောင်းလဲမှု များကို ဆောင်ရွက်ရန် လိုကြောင်းလည်း လတ်က ပြောသည်။

ဘဏ္ဍာရေး စီမံခန့်ခွဲမှု တိုးတက် ရေး အကြံပြု ချက်များတွင် ဗီယက်နမ် စီးပွားရေး လုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်မှု စွမ်းရည်တိုးတက်ကောင်းမွန်ရေးအတွက် လိုအပ်သော ရင်းနှီးမြှုပ်နှံမှု လုပ်ထုံး လုပ်နည်းများကို တင်းကျပ်ရေး၊ လူသား အရင်းအမြစ်နှင့် လူသား အရင်းအနှီး ကိုရွေးချယ် လေ့ကျင့်ရေး စသည့်အချက် များ ပါဝင်သည်။

ယခု နှီးနှောဖလှယ်ပွဲကို CPA Australia နှင့် ဟနွိုင်းစတော့ အိပ်ချိန်း တို့ ပူးတွဲကျင်းပခဲ့ခြင်း ဖြစ်သည်။

■

# စင်ကာပူအလုပ်သမားဈေးကွက် အားနည်းနေဦးမည်



လာမည့်လများတွင် စင်ကာပူအလုပ်သမား ဈေးကွက် ဆက်လက် အားနည်းနေဦးမည် ဖြစ် ကြောင်းနှင့် စီးပွားရေးဖွံ့ဖြိုးမှုနှုန်း ကျဆင်းမှုနှင့် အချို့ သော စီးပွားရေးလုပ်ငန်းများတွင် စီးပွားရေး ပြန်လည် ပြင်ဆင်ဖွဲ့စည်းမှုများကို ဆောင်ရွက်နေသည့် အတွက် လုပ်ခတိုးမြှင့်ရေးကို ဆောင်ရွက်နိုင်ဖွယ် မရှိသေး ကြောင်း စင်ကာပူဗဟိုဘဏ်က တစ်နှစ်နှစ်ကြိမ် ထုတ်ဝေသော " Macroeconomic Review " စာစောင်တွင် အောက်တိုဘာ ၂၅ရက်က ဖော်ပြချက် ကို တူဒေးအွန်လိုင်း သတင်းတွင် ဖော်ပြသည်။

" အားလုံးခြုံကြည့်မယ် ဆိုရင်တော့ အလုပ် သမား ဈေးကွက်မှာ အလုပ်ကထုတ်ပယ် ခံရတာတွေ နည်းနည်းတော့ ရှိပါတယ်။ ဒီလိုဖြစ်ရတာကလည်း အလုပ်သမား လိုအပ်ချက် ကျဆင်းလာတာနဲ့ အမြဲ တမ်း နေထိုင်ခွင့်ရသူတွေထဲမှာ အလုပ်အကိုင်နဲ့ ကျွမ်းကျင်မှု မကိုက်ညီမှုတွေ များပြားလာတာတွေ ပေါင်းဆုံတဲ့အတွက် ဖြစ်ပါတယ် "ဟု စင်ကာပူငွေကြေး အာဏာပိုင် အဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြသည်။

အလုပ်မှ အနားပေးမှုများ မြင့်မားလာပြီး အလုပ်မှ ထုတ်ပယ်ခံရသော အမြဲတမ်း နေထိုင်ခွင့်ရ အလုပ်သမားများမှာ အလုပ်ခွင်သို့ ပြန်လည် ဝင် ရောက်ရန် အခက်အခဲ ပိုမိုတွေ့လာရကြောင်း စင်ကာပူ ဗဟို ဘဏ် အစီရင်ခံစာတွင် ဖော်ပြသည်။ လုပ်သား အင်အားထုအတွင်း ပြန်လည်ဝင်ရောက်သည့် နှုန်းမှာ လွန်ခဲ့သော ခြောက်လခန့်က ၅၀ ဒသမ ၅ရာခိုင်နှုန်း ရှိခဲ့ရာမှ ဇွန်တွင် ၄၅ရာခိုင်နှုန်း ရှိခဲ့ရာ ၂၀၀၉ ခုနှစ် ဇွန်လနောက်ပိုင်း အနိမ့်ဆုံးနှုန်း ဖြစ်သည်။ အမြဲတမ်း နေထိုင်ခွင့်ရသူများ၏ ရေရှည် အလုပ်လက်မဲ့ဖြစ်သော နှုန်းမှာလည်း ယခုနှစ် ပထမ နှစ်ဝက်တွင် သုညဒသမ ၈ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။ ဤသည်ကို ကြည့် ခြင်းအားဖြင့် အလုပ်မှထုတ်ပယ်ခံရသော လုပ်သား များတွင် အလုပ်လက်မဲ့ကာလရှည်ကြာစွာ ဖြစ်နေ သော အလုပ်သမားများ၏ အချိုးအစား ပိုမိုများပြား နေသည်ကို တွေ့ရသည်။ အဆိုပါ လုပ်သားများတွင် ပညာသည်များ၊ မန်နေဂျာများ၊ အမှုဆောင်များနှင့် နည်းပညာ ကျွမ်းကျင်သူများ (PMETS) မှာ အထိအနာ ဆုံးဖြစ်ပြီး အလုပ်မှ ရပ်နားသူ ဦးရေ၏ သုံးပုံ နှစ်ပုံခန့် ရှိကြောင်း ဗဟိုဘဏ်အစီရင်ခံစာတွင် ဖော်ပြသည်။

လစာတိုးမြှင့်ပေးသည့် အခြေအနေများမှာလည်း အမျိုးမျိုး ကွဲပြားလျက်ရှိသည်။ အလုပ်နေရာလစ်လပ်မှု များသော လူမှုရေးဆိုင်ရာ ကဏ္ဍများနှင့် သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်း များတွင် လစာနှုန်းမြင့်မားပြီး ကုန်ထုတ်လုပ်မှုနှင့် ဆောက်လုပ်ရေး ကဏ္ဍများတွင် လစာတိုးပေးမှု နည်း သည်။

# ဖိလစ်ပိုင်သမ္မတဒူတာတေး၏ ဂျပန်ခရီးစဉ်အတွင်း သဘောတူစာချုပ် ၁၂ ခု ချုပ်ဆို

ဖိလစ်ပိုင်သမ္မတ ဒူတာတေး၏ ဂျပန်ခရီးစဉ် အတွင်း ဂျပန်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် စီးပွားရေး သဘောတူစာချုပ် ၁၂ခုကို ချုပ်ဆိုနိုင် ခဲ့ရာ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၁ဒသမ ၈ဘီလီယံရှိသည်ဟု ကုန်သွယ်ရေးဝန်ကြီး ရာမွန်လိုပက်က အောက်တိုဘာ ၂ရက်က ပြောကြောင်း ဖိလစ်ပင်းစတား သတင်းတွင် ဖော်ပြ သည်။

သဘောတူ စာချုပ်များကို အောင် မြင်စွာ အကောင်အထည်ဖော်နိုင်မည် ဆိုပါက ဖိလစ်ပိုင်နိုင်ငံတွင် အလုပ် အကိုင်ပေါင်း နှစ်သိန်းခွဲကို ဖန်တီးပေး နိုင်မည်ဖြစ်ကြောင်း လိုပက်က ပြောသည်။

သဘောတူ စာချုပ်များတွင် နေ စွမ်းအင်သုံး အဆောက်အအုံ အမိုးများ တပ်ဆင်ရေးအတွက် အေယာလာနှင့် မစ်ဆူဘီရှီတို့ ဖက်စပ်ကုမ္ပဏီ ထူထောင် ရေး သဘောတူစာချုပ်နှင့် ကလပ်ဘေး စီးတီး ဖွံ့ဖြိုးရေးအတွက် ဟီတာချီ အေးရှ လီမိတက်နှင့် ပါဝါဂရစ် ဆိုလူးရှင်း လီမိ တက်တို့ပူးပေါင်းဆောင်ရွက်ရေး သဘော တူစာချုပ်တို့ ပါဝင်သည်။

အလားတူ ဂျပန်စီးပွားရေး လုပ်ငန်းကြီးများဖြစ်သည့် တိုယိုတာ၊ မစ်ဆူဘီရှီ၊ ဆူနေရှီ၊ မီနေဘီး ယား စသည့် ကုမ္ပဏီကြီးများနှင့်လည်း စီး ပွားရေးလုပ်ငန်း အကောင်အထည် ဖော်ရေး စာချုပ်များ ချုပ်ဆိုနိုင်ခဲ့သည်။

အလားတူပင် နှစ်စဉ် ဖိလစ်ပိုင် ငှက်ပျောသေတ္တာ သန်း ၂၀ ဝယ်ယူရေး အတွက် ဂျပန်ကုမ္ပဏီတစ်ခုနှင့် သဘော တူစာချုပ် ချုပ်ဆိုနိုင်ခဲ့ရာ တန်ဖိုးအား ဖြင့် ပီဆိုငါးဘီလီယံထိရှိကြောင်း ဖိလစ် ပိုင် လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာန က ပြောသည်။ ဤသဘောတူ စာချုပ် ကို ချုပ်ဆိုနိုင်သည့်အတွက် လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းနှင့် အခြားအထောက် အကူပြုလုပ်ငန်းများအဖြစ် အလုပ် အကိုင်ပေါင်း ၁၄၀၀၀ကို ဖန်တီးပေးနိုင် မည်ဖြစ်ကြောင်း လယ်ယာ စိုက်ပျိုးရေး ဝန်ကြီး အီမန်နျူယယ် ပီအင်အိုက ပြော သည်။

ယခင်က ဖိလစ်ပိုင် ငှက်ပျောသီး သည် ဂျပန် ငှက်ပျောသီး ဈေးကွက်၏ ၉၀ရာခိုင်နှုန်းကို လွှမ်းမိုးထားခဲ့ရာမှ မကြာသေးမီ နှစ်များအတွင်းက အီကွေ ဒေါမှ ငှက်ပျောသီးများ ဂျပန်ဈေးကွက် သို့ ထိုးဖောက် ဝင်ရောက်လာခဲ့သည်။ ဂျပန်နိုင်ငံသို့ ငှက်ပျောသီး တင်ပို့ရာ တွင် အီကွေဒေါနိုင်ငံက သယ်ယူ ပို့ ဆောင်ရေးစရိတ် ပိုမိုသက်သာသည့် အတွက် ဂျပန်ဈေးကွက်၏ ၇၅ ရာခိုင် နှုန်းကိုသာ ဖိလစ်ပိုင်နိုင်ငံက ထိန်းထား နိုင်ခဲ့သည်။

# သက်ကြီးရွယ်အို အရေအတွက် မြင့်တက်မှုက တောင်ကိုရီးယားအတွက် ကြီးမားသောစိန်ခေါ်မှုဖြစ်

တောင်ကိုရီးယားနိုင်ငံ ရင်ဆိုင် နေရသော ရေရှည်အခက်အခဲဆုံး ပြဿနာမှာ သက်ကြီးရွယ်အိုအရေ အတွက် များပြားလာခြင်း ဖြစ်ကြောင်း ဤ အခြေအနေက လူမှုဖူလုံရေး သုံးစွဲ စရိတ်ကို အစိုးရက မြှင့်တင်ပေးရမည့် အကြောင်းအရာတစ်ခု ဖြစ်လာနိုင် ကြောင်း အပြည်ပြည်ဆိုင်ရာ အဖွဲ့ အစည်းတစ်ခု၏ အကြီးအကဲတစ်ဦးက ပြောသည်။

သက်ကြီးရွယ်အို အလုပ်သမား များကို အကောင်းဆုံး အသုံးချနိုင် အောင် ကြိုးပမ်းဆောင်ရွက်ရန် စီးပွား ရေး ပူးပေါင်း ဆောင်ရွက်မှုနှင့် ဖွံ့ဖြိုး ရေးအဖွဲ့ (Organization of Economic Coorperation and Development)၏ အထွေထွေ အတွင်းရေးမှူး အိန်ဂျယ် ဂူရီယာက အိုအီးစီဒီ အဖွဲ့သို့ တောင် ကိုရီးယားနိုင်ငံ ဝင်ရောက်ခဲ့သည့် အနှစ် ၂၀မြောက် နှစ်ပတ်လည် အခမ်းအနား တွင် ပြောကြားခဲ့သည်။

သက်ကြီးရွယ်အို အရေအတွက် တိုးပွားလာခြင်းကြောင့် အများပြည်သူ လူမှုရေးအသုံးစရိတ်ကို စုစုပေါင်း ပြည်တွင်းထုတ်ကုန် (ဂျီဒီပီ)၏ ၁၀ ရာ ခိုင်နှုန်း ထားရှိရာမှ ၂၀၆၀ ပြည့်နှစ်တွင် ၂၉ ရာခိုင်နှုန်းအထိ တိုးမြှင့်ပေးရဖွယ် ရှိကြောင်း သူက ခန့်မှန်းသည်။ ပြည်သူ လူထု၏ မျှော်မှန်းအသက် (Life Expectancy) မြင့်မားလာပြီဖြစ်သည့်အတွက် စောစီးစွာ အငြိမ်းစားယူတော့မည့် အသက်ကြီးရင့်သူ အလုပ်သမားများ ကို ကောင်းမွန်စွာ အသုံးပြုသွားရန် လိုကြောင်း ဂူရီယာက ပြောသည်။

"သက်ကြီးရွယ်အိုတွေကို အလုပ် အကိုင် တိုးချဲ့ခန့်ထားရာမှာ ကျွမ်း ကျင်မှု မြှင့်တင်ရေးအတွက် ဘဝတစ် သက်တာ လေ့လာဆည်းပူးမှု (Life Long Learning) ကို တိုးမြှင့်ဖို့နဲ့ လုပ်သက် ဝါအလိုက် လခတိုးမြှင့်ပေးတဲ့စနစ်ကို စွန့်လွှတ်ပြီး ပြောင်းလဲကျင့်သုံးဖို့ လို ပါတယ်"ဟု သူက ပြောသည်။

အလုပ်သမားနှစ်မျိုး ပူးတွဲ ကျင့် သုံးနေရသော စနစ်မှာလည်း ပြောင်းလဲ ရမည့် နယ်ပယ်တစ်ခု ဖြစ်ကြောင်း လည်း သူက ပြောသည်။ ပုံမှန်မဟုတ် သော ပျံကျလုပ်သား အရေအတွက်မှာ လုပ်သားအင်အား စုစုပေါင်းတွင် ပါဝင် မှု အချိုးအစား မြင့်မားနေပြီး ကျွမ်းကျင် မှု အနေအထားအရ မကွာခြားလွန်း သော်လည်း ရရှိသည့် လစာမှာ ပျံကျ လုပ်သားများက နည်းနေသေးကြောင်း သူက ပြောသည်။

■

ဘဏ်တင်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

ပင်လယ်ရပ်ခြားဈေးကွက် တွင် တရုတ်ယွမ်ငွေတန်ဖိုးက ခြောက်နှစ်အတွင်း အနိမ့်ဆုံးသို့ ရောက်ရှိခြင်း၊ အမေရိကန်ဒေါ်လာတန်ဖိုးက ကိုးလအတွင်း အမြင့်ဆုံးဈေးနှုန်းသို့ရောက်ရှိခဲ့ရာမှ အနည်းငယ် ပြန်ကျခြင်းနှင့် ဒီဇင်ဘာတွင် အမေရိကန်ဗဟိုဘဏ် အတိုးနှုန်း မြင့်တက်လာမည်ဟူသော ယုံကြည်မှုပိုမိုခိုင်မာခြင်းတို့ကြောင့် အောက်တိုဘာ ၂၇ရက်တွင်အာရှဒေသရှိငွေကြေးအများစု၏ တန်ဖိုးများကျဆင်းလာသည်။ တရုတ်ငွေကြေးတန်ဖိုးက ခန့်မှန်းထားသည်ထက်ပိုမိုကျဆင်းလာပါက ဒေသတွင်းငွေကြေးများအပေါ်တွင် ဖိတ်လျှံအကျိုးသက်ရောက်မှုများရှိလာစေနိုင်ကြောင်း စင်္ကာပူရှိ ငွေကြေးရောင်းဝယ်ရေးလုပ်ငန်းတစ်ခုဖြစ်သော OANDA ၏ အကြီးတန်း ရောင်းဝယ်ရေးတာဝန်ခံ စတက်ဖင်အင်းကပြောသည်။

အာရှငွေကြေးများအနက် တရုတ်ငွေကြေးမူဝါဒနှင့် ဆက်နွယ်မှု ပိုမိုများပြားသော စင်ကာပူဒေါ်လာနှင့် တောင်ကိုရီးယားဝမ်တို့မှာ ပိုမို၍ ထိခိုက်မှုရှိခဲ့သည်။

**တရုတ်ယွမ်**

ပို့ကုန်များကျဆင်းပြီး ဒေါ်လာတန်ဖိုးမြင့်တက်နေချိန်တွင် တရုတ်မူဝါဒရေးဆွဲသူတို့က ယွမ်ငွေတန်ဖိုးကျဆင်းသည်ကို ပိုမိုသဘောကျသည့်အတွက် တရုတ်ယွမ်ငွေကြေးက အကျဘက်သို့ ဦးတည်လျက်ရှိသည်။

ယွမ်ငွေကြေးက ရှန်ဟဲငွေလက်ငင်းဈေးကွက်တွင် ယခုလအတွင်း ၁ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းပြီး အောက်တိုဘာလ ၂၈ ရက်က အမေရိကန် တစ်ဒေါ်လာကို ၆ ဒသမ ၇၇၉၃ ယွမ်နှုန်းရှိခဲ့သည်။ ဟောင်ကောင်ဈေးကွက်ရှိ ပင်လယ်ရပ် ခြားယွမ်တန်ဖိုးက စက်တင်ဘာ ၃၀ ရက်က ယွမ်နှုန်းနှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ရာ ယခုရက်သတ္တပတ်အတွင်း စံချိန်တင်ကျဆင်းခဲ့သည်။

**အိန္ဒိယရူပီး**

ရက်သတ္တပတ်အကုန်တွင် ပို့ကုန်လုပ်ငန်းရှင်များက ဒေါ်လာကိုပြန်လည်ရောင်းချမှု များလာသည့်အတွက် နှစ်ရက်ကြာ တန်ဖိုးကျဆင်းနေခဲ့သော ရူပီးငွေကြေးသည် အောက်တိုဘာ ၂၈ ရက်နေ့က သုညဒသမ ၀၈ ရူပီးနှုန်း မြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၆၆ ဒသမ ၇၉ ရူပီးနှုန်းသို့ရောက်ရှိခဲ့သည်။ ထို့ပြင် အိန္ဒိယဗဟိုဘဏ်၏ ဝင်ရောက်စွက်ဖက်မှုကလည်း ရူပီးတန်ဖိုး မြင့်တက်မှုကို အထောက်အကူဖြစ်စေခဲ့သည်။ နိုင်ငံပိုင် ငွေချေးဘဏ်များကလည်း အိန္ဒိယဗဟိုဘဏ်ကိုယ်စား ဒေါ်လာများကို ထုတ်ရောင်းပေးခဲ့သည်။

**ဂျပန်ယန်း**

တိုကျိုဈေးကွက်မှာ အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက အမေရိကန် တစ်ဒေါ်လာကို ၁၀၅ ယန်း ဝန်းကျင်မှာ ရှိခဲ့ပြီး နယူးယောက်ဈေးကွက်မှာ ယခင်နေ့က ရှိခဲ့သော ယန်းနှုန်းနှင့်နှိုင်းယှဉ်ပါက အနည်းငယ်သာ အပြောင်းအလဲရှိခဲ့သည်။

ဒေါ်လာနှင့်ယန်း ဖလှယ်နှုန်းက အောက်တိုဘာ ၂၇ ရက်ညနေ၅ နာရီက နယူးယောက်တွင် ၁၀၅ ဒသမ ၂၃ ယန်းနှင့် တိုကျိုဈေးကွက်မှာ ၁၀၄ ဒသမ ၆၁ ယန်းနှုန်းရှိခဲ့ရာမှ နောက်တစ်နေ့ နံနက် ၉ နာရီမှာ တစ်ဒေါ်လာကို ၁၀၅ ဒသမ ၂၄ ယန်းနှုန်း ရှိခဲ့သည်။

ယူရိုငွေကြေးနှင့် ဖလှယ်ရာမှာ အောက်တိုဘာ ၂၇ ရက် ညနေက တစ်ယူရိုကို နယူးယောက်ဈေးကွက်မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၈၉၁ နှင့် ၁၁၄ ဒသမ ၆၃ ယန်းဖြင့်လည်းကောင်း၊ တိုကျိုဈေးကွက်မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၉၀၉ နှင့် ၁၁၄ ဒသမ ၁၂ ယန်းနှုန်းရှိခဲ့ရာမှ နောက်တစ်နေ့မှာ တစ်ယူရိုကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၈၉၆နှင့် ၁၁၄ ဒသမ ၆၉ ယန်းနှုန်းရှိခဲ့သည်။

**မလေးရှားရင်းဂစ်**

ရေနံဈေးနှုန်း ကျဆင်းမှုနှင့် အမေရိကန် ဗဟိုဘဏ်က အတိုးနှုန်း မြှင့်တင်ပေးတော့မည့် အလားအလာ ပိုမိုမြင့်မားလာခြင်းတို့ကြောင့် အောက်တိုဘာ ၂၈ ရက်က အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ရင်းဂစ်တန်ဖိုးကျဆင်းခဲ့ကြောင်းဝယ်ရောင်းသမားတစ်ဦးက ပြောသည်။

ဒေါ်လာရင်းဂစ်ဖလှယ်နှုန်းသည် အောက်တိုဘာ ၂၇ ရက်က အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၁၈၁၀ ရင်းဂစ်နှုန်းရှိခဲ့ရာမှ နောက်တစ်နေ့ နံနက် ၉ နာရီ ၆ မိနစ်တွင် ၄ ဒသမ ၁၉၇၀ ရင်းဂစ်နှုန်း ရှိခဲ့သည်။

အမေရိကန်ဗဟိုဘဏ်က ယခုနှစ်ဒီဇင်ဘာတွင် အတိုးနှုန်းမြင့်တက်လာမည့် အခွင့်အလမ်း ပိုမိုများပြားလာသည့်အပြင် အမေရိကန် ဘွန်းစာချုပ် အတိုးနှုန်း မြင့်တက်လာမှုကလည်း အမေရိကန်ဒေါ်လာ ခိုင်မာမှုကို အထောက်အကူဖြစ်စေခဲ့သည်။ အခြားငွေကြေးများနှင့်ဖလှယ်ရာတွင်လည်း ရင်းဂစ်တန်ဖိုးမှာ အတက်အကျအမျိုးမျိုးရှိခဲ့သည်။

**တောင်ကိုရီးယားဝမ်**

လာမည့် ရက်သတ္တပတ်တွင် စီးပွားရေးဆိုင်ရာ အခမ်းအနားများ ကျင်းပမည်ဖြစ်သည့်အတွက် ကုမ္ပဏီများ၏ ဝင်ငွေကျဆင်းမှုကြောင့် ပြည်တွင်းစတော့ရှယ်ယာများကို နိုင်ငံခြားသားများနှင့် အဖွဲ့အစည်းများက ပြန်လည်ရောင်းချလာသည့်အတွက် အောက်တိုဘာ ၂၈ ရက်တွင် တောင်ကိုရီးယားစတော့ရှယ်ယာဈေးများကျဆင်းခဲ့သည်။

အလားတူဝမ်ငွေကြေးတန်ဖိုးက အောက်တိုဘာ ၂၇ ရက်ဈေးပိတ်ချိန်က ရှိခဲ့သောနှုန်းထားအောက် ၂ ဒသမ ၄ ဝမ်နှုန်း ကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၁၁၄၄ ဒသမ ၉ ဝမ်နှုန်း ကျဆင်းခဲ့သည်။

**ထိုင်းဘတ်**

ရိုက်တာသတင်းဌာနက ပြုစုထားသော ကိန်းဂဏန်းများအရ အောက်တိုဘာ ၂၈ရက်တွင်အမေရိကန်ဒေါ်လာနှင့် ဘတ်ငွေလဲနှုန်းမှာ အောက်တိုဘာ ၂၇ ရက်က ရှိခဲ့သောနှုန်းထားအောက် ၀ ဒသမ ၂၀ ရာခိုင်နှုန်း ကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၃၅ ဒသမ ၁၂ ဘတ်နှုန်း ရှိခဲ့သည်။

## လာမည့်နှစ်တွင် ဗြိတိန်အခြေစိုက်ဘဏ်များ ပြန်လည်တည်ငြိမ်အောင် ဆောင်ရွက်ရန်အသင့်ရှိ

ဗြိတိန်အခြေစိုက် ဘဏ်များသည် လာမည့်နှစ်တွင် မိမိတို့ လုပ်ငန်းများကို တည်ငြိမ်အောင် ဆောင်ရွက်နိုင်မည့် အခြေအနေရှိကြောင်း ဥရောပသမဂ္ဂ (အီးယူ) မှ ဗြိတိန်နိုင်ငံနုတ်ထွက်မှုကြောင့် ဗြိတိန်ရှိ ဘဏ်အများအပြား ပြည်ပသို့ ထွက်ခွာမည့် သတင်းနှင့်ပတ်သက်၍ မေးမြန်းချက်ကို အင်္ဂလန် ဗဟိုဘဏ် အကြီးအကဲ မတ်ကာနီးက အောက်တိုဘာ ၂၆ရက်တွင်ပြောကြားခဲ့သည်ကို ကိုးကားပြီး အေအက်ဖ်ပီ သတင်းတွင် ဖော်ပြသည်။

အနာဂတ်အစီအစဉ်များနှင့် ပတ်သက်ပြီး မရေရာမှုအချို့ ရှိနေကြောင်းနှင့် ထိုသို့မရေရာမှုကလည်း အဖွဲ့အစည်းတစ်ခု၏ အခြေအနေပေါ် မူတည်၍ ကွဲပြားခြားနားမှု ရှိကြောင်း သူက ပြောသည်။

သို့သော် အီးယူမှ ဗြိတိန်နိုင်ငံ ထွက်ခွာပြီးနောက်ပိုင်း ဖြစ်ပေါ်လာမည့် မရေရာမှုများအတွက် စိုးရိမ်မှုရှိကြောင်း ၂၀၁၇ ခုနှစ် နှစ်ဦးပိုင်းတွင် အချို့သောဘဏ်များမှာ ဗြိတိန်နိုင်ငံမှ ထွက်ခွာပြီး ပြည်ပတွင် လုပ်ငန်းဆောင်ရွက်ရန် အသင့်ရှိနေကြောင်း ဗြိတိသျှဘဏ် လုပ်ငန်းရှင်များအသင်း အမှုဆောင်ချုပ် အန်ထော်နီကရောင်းက ပြောသည်။

ဥရောပသမဂ္ဂနှင့် စေ့စပ်ညှိနှိုင်းမှုများကို ပြုလုပ်သည့်အခါ ဘဏ္ဍာရေးကဏ္ဍ၏ လိုအပ်ချက်များကို အဓိကထား၍ ဆွေးနွေးမည်ဖြစ်ကြောင်း ဗြိတိသျှဘဏ္ဍာရေးဝန်ကြီး ဖိလစ်ဟာမွန်က ပါလီမန်လွှတ်တော် ကိုယ်စားလှယ်များအား အောက်တိုဘာ ၂၄ရက်က ပြောသည်။

ဗြိတိန်နိုင်ငံတွင် အခြေစိုက်ပြီး လုပ်ငန်းဆောင်ရွက်နေသော ဘဏ်များက ဥရောပတစ်ဝန်းရှိ ကုမ္ပဏီများနှင့် အစိုးရများအား ထုတ်ချေးငွေမှာ စတာလင်ပေါင် ၁ဒသမ ၁ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁ဒသမ ၃ထရီလီယံ) ရှိကြောင်း ဘရောင်းက ပြောသည်။

## ငွေကြေးဖောင်းပွမှုနှုန်း ရည်မှန်းချက် ပြည့်မီအောင် အမေရိကန် ဗဟိုဘဏ်က ဆောင်ရွက်သင့်

ရည်မှန်းချက်အဖြစ် ထားရှိသော ငွေဖောင်းပွမှုနှုန်း နှစ်ရာခိုင်နှုန်းကို ရောက်ရှိရေးအတွက် ဗဟိုဘဏ်က အလေးအနက်ထား ဆောင်ရွက်နေကြောင်း ရင်းနှီးမြှုပ်နှံသူများနှင့် အများပြည်သူတို့က လက်ခံယုံကြည် စေရန်အတွက် အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းကို ဆက်လက် နှိမ့်ချထားရန် လိုကြောင်း ချီကာဂို ဗဟိုဘဏ်ဥက္ကဋ္ဌ ချားလ်အီဗန်က အောက်တိုဘာ ၂၄ရက်က ပြောသည်။

အမေရိကန် ပြည်ထောင်စုနှင့် ကမ္ဘာတစ်ဝန်းလုံးတွင် ငွေကြေးဖောင်းပွမှုများ အဆမတန် နိမ့်ကျနေသည့်အတွက် ဗဟိုဘဏ်၏ ငွေကြေးဖောင်းပွမှုနှုန်း ရည်မှန်းချက်ကို ရရှိအောင် ဆောင်ရွက်ရန် ပေးထားသော ကတိကဝတ်ကို အကောင်အထည်ဖော်ရန် လိုအပ်မည်ဖြစ်ကြောင်း အီဗန်က ပြောသည်။

ဤသို့ ဆောင်ရွက်နိုင်ရန်အတွက် အလုပ်လက်မဲ့နှုန်းကို လျှော့ချပြီး ငွေကြေးဖောင်းပွမှုနှုန်းကို မြှင့်တင်ပေးရန် လိုမည်ဖြစ်ကြောင်း သူကပြောသည်။ ငွေကြေး ဖောင်းပွမှုနှုန်းမှာ ၂၀၁၂ခုနှစ်ကတည်းက နှစ်ရာခိုင်နှုန်းအောက် ကျဆင်းလျက် ရှိသည်။ အလုပ်လက်မဲ့နှုန်းမှာမူ လောလောဆယ်တွင် ငါးရာခိုင်နှုန်း ရှိသဖြင့် စီးပွားရေး ပညာရှင်တို့ လက်သင့်ခံနိုင်အောင် အနေအထား ဖြစ်သည်။

အီဗန်သည် အမေရိကန်ဗဟိုဘဏ် မူဝါဒချမှတ်ရေးအဖွဲ့တွင် အလှည့်ကျအဖွဲ့ဝင်အဖြစ် ၂၀၁၇ ခုနှစ်တွင် ပါဝင်မည့်သူဖြစ်ပြီး ဗဟိုဘဏ် အတိုးနှုန်းကို မြှင့်တင်ရာတွင် စိတ်ရှည်ရှည်ဖြင့် တဖြည်းဖြည်း ဆောင်ရွက်ရန် လိုကြောင်း ပြင်းပြင်းထန်ထန် ပြောကြားသူများတွင် တစ်ဦးအဖြစ် ပါဝင်သည်။

# SHU SAN COMPANY LIMITED ဓါတ်မြေဩဇာလက်လီ/လက္ကားရောင်းဝယ်ရေး








- ရန်ကုန်ရုံးချုပ် No.9 အောင်သိဒ္ဓိလမ်း၊မရမ်းကုန်းမြို့။ Ph - 01-9664726,01-9666246,01-650912,01-9669017,01-9669018
- မြေဆီအရောင်းဌာန NO,ဆ/52 ပိတောက်လမ်း၊ဘုရင့်နောင်ပွဲရုံတန်း၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။ Ph 01-686529,09 73210768
- စက်သုံးဆီအရောင်းဌာန No,1(L)ဆိပ်ကမ်းသာလမ်း၊ရွှေပြည်သာမြို့နယ်၊ဝါးတစ်ရာစက်မှုဇုံ၊ရန်ကုန်မြို့။ Ph 09 5002458, 09 785002458
- မန္တလေးအရောင်းဌာန No, H(180), 59 လမ်း 60 (B)၊ ရေဝဇော်လမ်းထောင့်၊စက်မှုဇုံ(၁)၊မန္တလေးမြို့။ Ph 02-5152472, 02-5152471
- မန္တလေးအရောင်းဌာန No, 260, (86)လမ်း 31x32 ကြား၊ မလွန်ကြက်သွန်တန်း၊မန္တလေးမြို့။ Ph : 09 91013981,02-35725
- ကျွဲဆည်ကန်အရောင်းဌာန (69)လမ်း၊ လမ်းသွယ် 14-15 လမ်းကြား၊ မန္တလေးမြို့။ Ph 09 420087021, 09 790618970
- စက်သုံးဆီအရောင်းဌာန၊ ရွှေကြက်ယက်ဆိပ်ကမ်း၊ မန္တလေးမြို့။ Ph 09 6801807, 09 91003830, 09 799701806
- မူဆယ်အရောင်းဌာန မူဆယ် – (105) မိုင်၊ A (20,21) 105မိုင် ကုန်သွယ်ရေးဇုံ၊ မူဆယ်မြို့။ Ph 082-55071,09 400443095
- မူဆယ်ဂိတ် အခန်း – (7) အောင်ချမ်းသာတိုက်တန်း၊ မန်းဝိန်းပေါက်အနီး၊ မူဆယ်မြို့။ Ph 082-51986, 09 5201965

## MKTK မြန်မာကောင်းသုခ ကုမ္ပဏီလီမိတက်

## နိုင်ငံတကာမှ တင်သွင်းဖြန့်ချိလျှက်ရှိသော အရည်အသွေးအာမခံ အစွမ်းထက် ဆေးစွမ်းကောင်းများ

## အရည်အသွေးပထမ မြန်မာကောင်းသုခ




Quality First
Myanmar Kaung Thu Kha

အမှတ် – (၉၅/အေ)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရှစ်မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉ ၂၅၀၀ ၅၈၉၈၀၊ ၀၉ ၇၃၁၄၀၈၁၂

KBZ BANK
STRENGTH OF MYANMAR

ဝန်ထမ်းပေါင်း
၁၇,၀၀၀
ကျော်
မတူကွဲပြားမှုများနှင့် ပေါင်းစုထားသည့် အဖွဲ့အစည်း

01-2306219 /Kanbawzabank kbzbank.com

YANGON METAL INDUSTRY CO., LTD.







99.99 % Lead and Lead alloys

Office Address :
No.F/S 14, Shwe Sabei Yeik Mon, Bayintnaung Rd, Kamayut Township, Yangon, Myanmar.
Ph : 01-527667, 01-701719~02, 09-73099669

Fastory Address :
Block No. 261-263, Parami Street, Myaungdakar, Industrial Zone, Hmawbi Township, Yangon, Myanmar.
Ph : 09-8600157,09-731 55729, 09-8610944
E-mail : info@yangonmetal.com, Website : www.yangonmetal.com

ISO 9001:2008 SGS UKAS QUALITY MANAGEMENT 005

# COMMERCE INTERNATIONAL

# တောင်ကိုရီးယားနိုင်ငံက စတုတ္ထစက်မှုတော်လှန်ရေးအတွက် ဝမ်တစ်ထရီလီယံကျော်ရင်းနှီးမြှုပ်နှံ

တောင်ကိုရီးယားနိုင်ငံက လာမည့်ဆယ်စုနှစ်အတွင်း "စတုတ္ထစက်မှုတော်လှန်ရေး" ဟုခေါ်သော အခြေခံစက်မှုနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဝမ် ၁ ဒသမ ၆ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ)ကိုရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း အောက်တိုဘာ ၂၈ ရက်က ဘဏ္ဍာရေးဝန်ကြီး၏ ပြောကြားချက်ကို ကိုးကားပြီး ယွန်းဟပ်သတင်းများတွင် ဖော်ပြသည်။




စက်မှုလုပ်ငန်းသစ်များနှင့် နည်းပညာသစ်များ ဖွံ့ဖြိုးရေးအတွက် အစိုးရကအပြည့်အဝ ထောက်ခံမှုပေးသွား မည်ဖြစ်ကြောင်း Institute For Global Economics ကဦးစီးပြီး ဆိုးလ်မြို့တွင် ကျင်းပသော ကွန်ဖရင့်သို့ ပေးပို့သော ဘဏ္ဍာရေးဝန်ကြီး ယူအီးဟို၏ သဝဏ်လွှာတွင်ဖော်ပြသည်။

ပထမစက်မှုတော်လှန်ရေးဆိုသည်မှာ ရေနှင့်ရေနွေးငွေ့စွမ်းအားကို အသုံးပြုပြီး စက်ယန္တရားများဖြင့် ထုတ်လုပ်မှုကို ဆောင်ရွက်သောတော်လှန်ရေးဖြစ်သည်။ ဒုတိယစက်မှုတော်လှန်ရေးတွင် လျှပ်စစ်စွမ်းအားကို အသုံးပြုပြီး အစုလိုက်အပြုံလိုက် ထုတ်လုပ်မှုကို ဆောင်ရွက်ခဲ့သည်။ တတိယစက်မှုတော်လှန်ရေးတွင်အီလက်ထရွန်းနစ်နှင့်သတင်းအချက်အလက် နည်းပညာကို အသုံးပြုပြီး အလိုအလျောက်စနစ်ကို အသုံးပြုခဲ့သည်။ စတုတ္ထစက်မှုတော်လှန်ရေးတွင်မူ တတိယတော်လှန်ရေးကိုအခြေပြုပြီး ဒစ်ဂျစ်တယ် တော်လှန်ရေးကို အကောင်အထည်ဖော်ပြီး ခေတ်သစ်စက်ရုံ (Smart Factory) များဖော်ထုတ်မည့်တော်လှန်ရေးဖြစ်သည်။

"Artificial Intellingence" အပါအဝင် ပင်မနည်းပညာကိုး ခုကို ဖော်ထုတ်နိုင်ရန်အတွက် လာမည့် ၁၀ နှစ်အတွင်း ဝမ်၁ ဒသမ ၆ ထရီလီယံသုံးစွဲသွားမည်ဖြစ်ကြောင်း ဝန်ကြီးကပြောသည်။ ပုဂ္ဂလိက ကဏ္ဍကရင်းနှီးမြှုပ်နှံမှုများကိုပါ ဆွဲဆောင်သည့်အနေဖြင့် စက်ရုပ်နည်းပညာနှင့် အနာဂတ်ကား ထုတ်လုပ်မှုကဏ္ဍများအတွက် အစိုးရက အခွန်အကောက်ဆိုင်ရာ အကျိုးခံစားခွင့်များ ပေးသွားမည်ဖြစ်သည်။

ယခုအချိန်တွင် Cloud Computing, Internet of Things နှင့် အလိုအလျောက်စနစ်များကို အသုံးပြုပြီး စက်မှုကဏ္ဍရှိ ကုန်ထုတ်လုပ်မှု၊ စီမံခန့်ခွဲမှုနှင့် စီမံအုပ် ချုပ်မှုစနစ်ကြီး တစ်ခုလုံးတွင် အပြောင်း အလဲများနှင့် ရင်ဆိုင်နေရ သည်။

သို့သော်လည်း ဤကဲ့သို့သော ပြောင်းလဲမှုများကို အမီလိုက်ရာတွင် တောင်ကိုရီးယားနိုင်ငံသည် နောက်ကျကျန်နေသည်ဖြစ်ရာ ကမ္ဘာ့ပြောင်းလဲမှုစနစ်နှင့် ယှဉ်ပြိုင်မှုတွင် ပါဝင်နိုင်ရေးအတွက် မဟာဗျူဟာသစ်များ ချမှတ်ရန် ကျွမ်းကျင်သူတို့က တိုက်တွန်းကြသည်။

စတုတ္ထစက်မှုတော်လှန်ရေးကို အခြေပြု၍ ဖြစ်ပေါ်လာသော အလုပ်သမားဈေးကွက် ပြောင်းလဲမှုများကို ဖြေရှင်းရန် အလုပ်သမားကဏ္ဍပြုပြင်ပြောင်းလဲမှုများကို အစိုးရက ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးကပြောသည်။

# အာဆီယံနှင့်ဆွေးနွေးဖက်ခြောက်နိုင်ငံတို့ နိုဝင်ဘာ ၄ ရက်တွင် ဖိလစ်ပိုင်၌ ဆွေးနွေးမည်

အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံတို့မှ ကုန်သွယ်ရေးဝန်ကြီးများ၏ အစည်းအဝေးကို နိုဝင်ဘာ ၄ ရက်တွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည်ဖြစ်ရာ ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု(Regional Comprehensive Eco-nomic Partnership-RCEP) အရ အဆိုပြုထားသော အခွန်လျှော့ပေါ့ရေးကိစ္စကို အဓိကထားဆွေးနွေးမည် ဖြစ်ကြောင်း ဟိန္ဒူဘိဇနက်တိုင်း သတင်းတွင် ဖော်ပြသည်။

ဤစနစ်အရ RCEP အဖွဲ့ဝင်နိုင်ငံများက အခွန်လျှော့ပေါ့ပေးမည့်သို့မဟုတ် ဖျက်သိမ်းပေးမည့် အမြင့်ဆုံးအရေအတွက် သတ်မှတ်ရေး ကိစ္စကို အပြီးသတ်ဆောင်ရွက်ရန် ဆွေးနွေးကြမည်ဖြစ်သည်။

RCEP သဘောတူစာချုပ်အတွက် ဒီအစည်းအဝေးက အရေးပါတဲ့ အစည်းအဝေးတစ်ခု ဖြစ်ပါတယ်။ အခွန်လျှော့ပေါ့မှုကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ Singletier System စနစ်ကို ကျင့်သုံးဖို့အဖွဲ့ဝင်တွေက သဘောတူထားပြီးဖြစ်ပါတယ်။ ဒါကြောင့်ဒီအစည်းအဝေးမှာဝန်ဆောင်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုကိစ္စတွေ အပြင် Singletier System ကိုအဓိကထား ဆွေးနွေးမှာဖြစ်ပါတယ်ဟု အရာ ရှိ တစ်ဦးက ပြောသည်။




ကုန်သွယ်ရေး ဝန်ကြီးများ အစည်းအဝေး မတိုင်မီကြိုတင်၍ အဖွဲ့ဝင်နိုင်ငံများမှ စေ့စပ်ညှိနှိုင်းရေး အကြီးအကဲများနှင့် အဆင့်မြင့်အရာရှိကြီးများ၏ အစည်းအဝေးကို နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည် ဖြစ်သည်။

RECP သဘောတူစာချုပ်မှာ ထုထည်ပမာဏအားဖြင့် ကြီးမားသော သဘောတူစာချုပ်ဖြစ်ပြီး ကုန်ပစ္စည်း၊ ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှု၊ ယှဉ်ပြိုင်နိုင်စွမ်းရှိမှုနှင့် ဉာဏပစ္စည်း ပိုင်ဆိုင်မှုစသည့် နယ်ပယ်များ အကျုံးဝင်သည်။

RCEP ၁၆ နိုင်ငံ အုပ်စုတွင် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် အာဆီယံနှင့် လွတ်လပ်စွာ ကုန်သွယ်မှု သဘောတူစာချုပ်ချုပ်ဆိုထားသော အခြားအဖွဲ့ဝင်များနိုင်ငံများ (ဂျပန်၊ တရုတ်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျနှင့် နယူးဇီလန်) ပါဝင်သည်။ ■

Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

Date : 31th October 2016

<< October And November Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | | MYANMAR | THAILAND | BANGLADESH |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG | MONGLA |
| MV.HOEGH CHENNAI V.28 | 1.55 | 1.90 | 2.20 | 3.50 | | | | | 14.10.2016 | 11.10.216 | 13.10.2016 | | 21.10.2016 | 25.10.2016 | | 1.11.2016 |
| | S/O CUT | | | | | | | | 10.10.2016 | 7.10.2016 | 9.10.2016 | | | | | |
| MV.CITY OF MUMBAI V.35 | 1.55 | 1.90 | 2.20 | 3.50 | | | | 30.10.2016 | 29.10.2016 | 28.10.2016 | | | 7.11.2016 | 10.11.2016 | | |
| | S/O CUT | | | | | | | 26.10.2016 | 25.10.2016 | 24.10.2016 | | | | | | |
| MV.HOEGH CHENNAI V.29 | 1.55 | 1.90 | 2.20 | 3.50 | | | | | 16.11.2016 | 17.11.2016 | 15.11.2016 | | 25.11.2016 | 30.11.2016 | | 6.12.2016 |
| | S/O CUT | | | | | | | | 12.11.2016 | 13.11.2016 | 11.11.2016 | | | | | |
| MV.CITY OF MUMBAI V.36 | 1.55 | 1.90 | 2.20 | 3.50 | | | | 27.11.2016 | 28.11.2016 | 29.11.2016 | | | 9.12.2016 | 13.12.2016 | | |
| | S/O CUT | | | | | | | 23.11.2016 | 24.11.2016 | 25.11.2016 | | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်ဘုနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။